# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မမေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ မေ ၅ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၂၁၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# ရေနံချောင်းမြို့နယ်၌ သက်ကြီးဘိုးဘွားများနှင့် ပြည်သူများ အပူဒဏ်အန္တရာယ်ခံစားမှုလျော့နည်းစေရေး အပူရှောင်စခန်းနှစ်ခု ဖွင့်လှစ်

**ရေနံချောင်း မေ ၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ရေနံချောင်းမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ မြို့နယ်အတွင်းရှိ သက်ကြီးဘိုးဘွားများ၊ ကလေးသူငယ်များနှင့် ပြည်သူများ အပူဒဏ်အန္တရာယ်ခံစားရမှု လျော့နည်းသက်သာစေရန်အတွက် မေ ၃ ရက် နံနက်ပိုင်းမှ စတင်၍ ပူရှောင်စခန်းနှစ်ခုကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

အဆိုပါ အပူရှောင်စခန်း နှစ်ခုကို မြို့မ မြောက်ရပ်ကွက် သာသနာ့မဏ္ဍိုင်ဘုန်းတော်ကြီးကျောင်းဝင်းနှင့် တွင်းကုန်းရပ်ကွက် ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းတို့တွင် ဖွင့်လှစ်ထားရှိပြီး အပူရှောင်လာရောက်သူများအား အအေးဖျော်ရည်များ တိုက်ကျွေးခြင်းနှင့် ထန်းလျက်များ ဧည့်ခံကျွေးမွေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများကို သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မိုးကြိုကာလများတွင် ဖြစ်ပွားတတ်သော လေပြင်းဘေးအန္တရာယ်နှင့် မိုးကြိုးဘေးအန္တရာယ် အသိပညာပေးပိုစတာများ ချိတ်ဆွဲပြသခြင်းတို့ ပြုလုပ်ခဲ့ကြောင်း မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ပြာစိုးထံမှ သိရသည်။

ရေနံချောင်းမြို့နယ်၌ ယခင်ရက်များက အပူချိန်များ မြင့်တက်ခဲ့ပြီး ယခုဖွင့်လှစ်သည့် အပူရှောင်စခန်း နှစ်ခုကို တစ်လကြာ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် ယမန်နှစ်ကလည်း အပူရှောင်စခန်းများ ဖွင့်လှစ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)



မန္တလေးမြို့၌ ကလေးလူကြီး တပျော်တပါး မိုးခေါ်လွန်ဆွဲနေကြသည်ကို မေ ၂ ရက်က တွေ့ရစဉ်။

# လွန်ဆွဲခြင်းသည် မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သောကြောင့် ထိန်းသိမ်းသင့်

**ရန်ကုန် မေ ၄**

လွန်ဆွဲခြင်းဆိုသည်မှာ မြန်မာနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုဖြစ်သောကြောင့် ထိန်းသိမ်းသင့်ပြီး လက်လွတ်စပယ် ဝေဖန်ပြောဆိုရန် မသင့်ကြောင်း မင်းတုန်းမင်းတရားကြီး၏ တွတ်တော်စပ်သူ မြန်မာမှုပညာရှင် ကိုထိပ်တင်စည်သူဟိန်းက ပြောဆိုသည်။

လက်ရှိတွင် ရာသီဥတုပူပြင်းသည့်အတွက် လွန်ဆွဲပွဲများကို မြို့ကြီးအချို့၌ ပြုလုပ်နေရာတွင် လူမှုကွန်ရက်သုံးစွဲသူ


စာမျက်နှာ ၃ ကော်လံ ၁ ❑


## ယနေ့ ဖတ်စရာ


ပြည်တွင်းစားသုံးဆီကို ဈေးကွက်ခိုင်ခိုင်မာမာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြမယ့် လုပ်ငန်းစဉ်အသေးစိတ်ကို ဖော်ထုတ်ဆွေးနွေးခဲ့ပါတယ် — တွေ့ဆုံမေးမြန်း — စာ ၆

ရေအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြပါစို့ — ဆောင်းပါး — စာ ၉

စာတစ်ပုဒ် စာတစ်အုပ်၏ တန်ဖိုး — ဆောင်းပါး — စာ ၁၀

ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထ — ဆောင်းပါး — စာ ၂၀




# မြန်မာ့မီးရထား၏ (၁၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ





**နေပြည်တော် မေ ၄**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ (၁၄၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြန်မာ့မီးရထားရုံးချုပ် နေပြည်တော် ဘူတာကြီးဝင်းအတွင်းရှိ ဘဝသံသရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ဝန်ကြီးဌာနလက်အောက်ရှိ ဌာနအကြီးအမှူးများ၊ မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မြန်မာ့မီးရထား၏ (၁၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ မြန်မာ့မီးရထား ဦးဆောင် ညွှန်ကြားရေးမှူးက ဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တစ်နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ၍ (၁၄၇) နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် မှတ်တမ်းဗီဒီယိုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတို့က မြန်မာ့မီးရထား၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွင်း မီးရထားတိုင်းနယ်မြေ၊ စက်ရုံ၊ ဆေးရုံများအလိုက် စွမ်းဆောင်ရည်အကောင်းဆုံးဆုများ၊ တစ်နှစ်တာကာလအတွင်း မိမိ၏လုပ်ငန်းတာဝန်ကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသည့်ဝန်ထမ်းများနှင့် သင်တန်းဆင်းထူးချွန်ဆု ရရှိခဲ့ကြသည့်အရာထမ်း၊ အမှုထမ်းများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ဆုရရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် မေ ၄**

(၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တက်ရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးနေမှု၊ မဏိရတနာကျောက်စိမ်းခန်းမအတွင်း ပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်းအတွဲများ၊ ကျောက်မျက်အတွဲများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကို လိုက်လံကြည့်ရှု စစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ယနေ့တွင် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြပြီး ပြပွဲတွင်ရောင်းချမည့် ပုလဲအတွဲအမှတ် (၁)မှ အတွဲအမှတ် (၂၀၀)အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ထို့နောက် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ်(၂၀၀)အထိ တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၈၂ တွဲရောင်းချရကြောင်း ကြေညာသည်။

ယနေ့ရောင်းချခဲ့ရသည့် ပုလဲအတွဲများကို အမေရိကန်ဒေါ်လာဖြင့် အခြေခံဈေးသတ်မှတ်ထားရှိပြီး တန်ဖိုးငွေပေးချေရာတွင် ပြည်ပကုန်သည်များသည် အမေရိကန်ဒေါ်လာ၊ ယူရို၊ ယွမ်နှင့် ထိုင်းဘတ်ငွေတို့ဖြင့် လည်းကောင်း၊ ပြည်တွင်းကုန်သည်များသည် မြန်မာကျပ်ငွေဖြင့် လည်းကောင်း ပေးချေနိုင်ကြောင်း သိရသည်။



ပြပွဲတတိယနေ့တွင် ပုလဲအတွဲ အမှတ်(၂၀၁)မှ အတွဲအမှတ် (၄၀၀)အထိကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များကို ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာအရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။(ဝဲပုံ)

ယခုကျင်းပသည့် (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ မေ ၃ ရက်မှ ၁၂ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း ၄၀၀၊ ကျောက်မျက်အတွဲပေါင်း ၁၆၀ နှင့် ကျောက်စိမ်းအတွဲပေါင်း ၄၅၅၀ တို့ကို ပြည်တွင်း ပြည်ပ ရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

အချို့က မပြုလုပ်သင့်ကြောင်းနှင့် ခေတ်နောက်ပြန်ဆွဲသည်ဟု ဝေဖန်မှုများရှိနေသည့်အပေါ် ၎င်းက အထက်ပါအတိုင်း သုံးသပ်ပြောကြားခဲ့ခြင်းဖြစ်သည်။

“မြန်မာတွေရဲ့ရိုးရာယဉ်ကျေးမှုမှာမကောင်းတာဆို ပယ်ရမှာပါ။ ဒါပေမယ့် ဒီလွှန်ဆွဲတယ်ဆိုတာက ဘယ်သူ့ကိုမှလည်း မထိခိုက်ဘူး။ နောက်ပြီး ငရုံ့မင်းပရိတ်ရွတ်တယ်။ ဒါကတော့ဗုဒ္ဓဘာသာကိုအခြေခံတဲ့ ယဉ်ကျေးမှုဓလေ့နဲ့ရွတ်တယ်။ နောက်ပြီးတော့လည်း ဒါက ဒီအောက်ပြည်အောက်ရွာမှာ လုပ်တဲ့ဓလေ့တော့ မရှိဘူး။ အထက်အညာမှာ မိုးခေါင်ရေရှားတဲ့ဒေသတွေမှာ လုပ်လေ့ရှိကြတယ်။ လုပ်တဲ့အပြင် သူတို့ ယုံကြည်ချက်အတိုင်း နောက်ရက်တွေမှာ မိုးရွာတယ်ပေါ့နော်။ ယုံကြည်ပြီးတော့ လုပ်ခဲ့တယ်။ ဒါက နှစ်ကာလအတိအကျလို့ မပြောနိုင်ပေမယ့် အင်းဝခေတ်၊ ညောင်ရမ်းခေတ်ကတည်းက လုပ်လာခဲ့တယ်ပေါ့။ နှစ်ထောင်ချီခဲ့ပြီပေါ့။ ဒီဓလေ့ဟာ နှစ်ထောင်ချီခဲ့ပြီဆိုတော့ ကျွန်တော်တို့ လက်ထက်မှာမပျောက်သင့်ဘူး” ဟု ကိုထိပ်တင်စည်သူဟိန်းက ဆက်လက်ပြောသည်။

အချို့က လွှန်ဆွဲခြင်းသည် အပျော်သက်သက်သာ ပြုလုပ်သည်ဟု ဆိုကြသော်လည်း ယုံကြည်ချက်များအရ မိုးခေါင်ကျော်စွာနတ်နှင့် ဆက်သွယ်၍ ပြုလုပ်ခြင်းဖြစ်သည်ဟုဆိုကြပြီး အဆိုပါအချက်ကိုလည်း နက်နက်ရှိုင်းရှိုင်းယုံကြည်ထားကြသည်။

“ငရုံ့မင်းပရိတ်ရွတ်တယ်ဆိုတာ ဒါရှေးအစဉ်အလာပေါ့။ ဘုရားအလောင်း ငရုံ့မင်းအရုပ်ကို ရေသွန်းပြီးတော့ အဲဒီလိုပရိတ်ရွတ်တာပေါ့။ ထူးခြားချက်က နောက်တစ်ရက်ဆို မိုးက ရွာတယ်။ ဒါရှေးအစဉ်အဆက်ကတည်းက ဓလေ့ပေါ့။ ဒါကလည်း ဒြပ်မဲ့ယဉ်ကျေးမှုပေါ့။ ဒြပ်မဲ့ယဉ်ကျေးမှုက အကောင်အထည်ဖော်ပြလို့မရဘူး ဒါစိတ်ခံစားမှုပေါ့။ လူတွေရဲ့ စိတ်ထဲမှာ ဒါကိုယုံကြည်တယ်။ ဒါကိုအစဉ်အဆက်လုပ်တယ်ပေါ့နော်။ ကျွန်တော်တို့တွေက သူများလုပ်ပြမှ ရိုးရာယဉ်ကျေးမှုတွေကို ခိုးမှ ငါတို့ယဉ်ကျေးမှုအခိုးခံရတယ်ပြောပြီးတော့ ဒီလိုမျိုးရိုးရာယဉ်ကျေးမှုကို အမှန်အကန်လုပ်နေတာကို မလုပ်သင့်ပါဘူးလို့ အပိုလုပ်တာတို့ပြောတာကတော့ ဘယ်လိုပြောမလဲ ပြောင်းပြန်ကျတယ်ပေါ့” ဟု ၎င်း၏အမြင်ကို ရှင်းပြသည်။

အဆိုပါ မိုးခေါ်လွှန်ဆွဲကျင်းပခြင်းဖြင့် စည်းလုံးညီညွတ်မှုအင်အားကိုပြသခြင်းနှင့် အားကစားတစ်ရပ်အဖြစ်လည်း အသုံးပြုနိုင်ကြောင်း သိရသည်။

“မိုးရွာသည်ဖြစ်စေ မရွာသည်ဖြစ်စေ ဒါချစ်စရာပေါ့။ နောက်ပြီးတော့ စည်းလုံးညီညွတ်မှုအင်အားပြတယ်။ ဒါက ကိုယ့်ရပ်ရွာထဲက လူတွေအချင်းချင်း လုပ်ကြတဲ့ပွဲလေးပေါ့။ ပြောရမယ်ဆို ဒါအားကစားတစ်ရပ်လို့တောင် ပြောလို့ရတယ်။ ဒီကြားထဲမှာ နောက်မိုးခေါင်ကျော်စွာနတ်ကို ပသတယ်ပေါ့နော်။ လွှန်ဆွဲတယ်၊ ငရုံ့မင်းပရိတ်ရွတ်တယ်၊ နောက်ဘုရားလောင်းငရုံ့ပုံစံကိုရေသွန်းတယ်၊ ဒါတွေက မပျောက်ကွယ်သင့်ဘူး။ မြန်မာတွေအနေနဲ့ ဒါကိုအစဉ်အဆက် လုပ်ရမယ်” ဟု မြန်မာမှုပညာရှင် ထိပ်တင်စည်သူဟိန်းက ပြောသည်။ **Thit Taw**

# သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် မေ ၄**
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဇနီးတို့ကို အမှူးထား၍ ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော် မင်္ဂလာအခမ်းအနားကို မေ ၃ ရက်နှင့် ၄ ရက်တို့တွင် ကျင်းပသည်။

အခမ်းအနားပထမနေ့ နံနက်ပိုင်း၌ ရှင်လောင်းလှည့်ခြင်းကို ဆောင်ရွက်ရာ မောင်ရှင်လောင်းများကို မြန်မာ့ရိုးရာယဉ်ကျေးမှု ထုံးဓလေ့နှင့်အညီ သဒ္ဓမ္မဝေပုလ္လကျောင်းတိုက် ပရိဝုဏ်အတွင်းရှိ နတ်ကွန်းတွင် နတ်ပြခြင်းဆောင်ရွက်၍ ထိုမှတစ်ဆင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်၍ လက်ယာရစ်လှည့်လည်ဦးခိုက် ပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့် ဇနီးတို့က မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအတွက် အလှူ ငွေကျပ်သိန်း ၃၀ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် ရဟန်းလောင်းများ၊ မောင်ရှင်လောင်းများနှင့် သီလရှင်များအား မင်္ဂလာဘိသိက်သွန်းခြင်းကို ရုံးအမှတ် (၁၆) ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ဝန်ကြီးဌာန အကြီးအကဲများနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဉာဏ်ဝင်း ဦးဆောင်သော ယဉ်ကျေးမှုမင်္ဂလာ ဘိသိတ်အဖွဲ့က ဘိသိတ်သွန်းလောင်းပေးပြီး ညနေပိုင်းတွင် ဆံချမင်္ဂလာပြုလုပ်သည်။



ယင်းနောက် ဦးပဇ္ဈာယ်ဆရာတော် ဦးဂန္ဓမာလာက ရှင်ပြုခြင်း အစီအစဉ်ဆောင်ရွက်ပေးပြီး ရဟန်းလောင်းများမှ ဆရာတော်ထံ သင်္ကန်းပေးခြင်း၊ ဆရာတော်ထံမှ သင်္ကန်းတောင်းခြင်း၊ သင်္ကန်းဝတ်ဆင်ခြင်း၊ ရှင်အဖြစ်တောင်းခံခြင်း၊ သရဏဂုံဆောက်တည်ရှင်ပြုခြင်းနှင့် ဉပဇ္ဈာယ်ယူခြင်းများ ဆောင်ရွက်ကြသည်။

အခမ်းအနား ဒုတိယနေ့တွင် သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာကျောင်းတိုက်၌ ဥပသမ္ပဒကံဆောင်၍ ရဟန်းခံမင်္ဂလာပြုခြင်း၊ သိမ်ဝင်ခြင်းနှင့် သိမ်ဆင်းလောင်းခြင်းများ ဆောင်ရွက်ရာ ဦးပဇ္ဈာယ်ဆရာတော် ဦးဂန္ဓမာလာ ဦးဆောင်သော ရဟန်းများအား နိုင်ငံတော် ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်ဇနီးအမှူးရှိသည့် ဧည့်ပရိသတ်အပေါင်းတို့က လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သီရိဂန္ဓမာသပြေအေး မိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော် ဦးဂန္ဓမာလာထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့မှ ရွတ်ပွားသရဇ္ဈာယ်သော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး နိုင်ငံတော် ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ပရိသတ်များက ဆရာတော် အရှင်သူမြတ်များအား လှူဖွယ်ဝတ္ထုအစုစု ဆက်ကပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ဧည့်ပရိသတ်များကို နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးကြသည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေဖြင့် တတိယအကြိမ် ဝန်ထမ်းမိသားစုများ စုပေါင်းရဟန်းခံရှင်ပြုအလှူတော်မင်္ဂလာတွင် ဒုလ္လဘရဟန်း ၇၄ ပါး၊ ရှင်သာမဏေ ၂၂ ပါးနှင့် သီလရှင်အပါး ၃၀ စုစုပေါင်း ၁၂၆ ပါးတို့ကို သာသနာ့ဘောင်သို့ သွတ်သွင်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပခုက္ကူမြို့ ၌ (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ပခုက္ကူ မေ ၄**
မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာနမှ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက် ၇ နာရီက အမှတ်(၁၄)ရပ်ကွက်ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရားကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပခုက္ကူမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်ဦးစီးမှူး ဦးဇော်မျိုးအောင် ဦးဆောင်မှုဖြင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သန္နဗ္ဗမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုစည်းရုံးရေးနှင့်စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များပူးပေါင်းပြီး သီဟိုဠ်ရှင်မြတ်စွာဘုရားကြီးရင်ပြင်တော်နှင့် အတက်အဆင်း လှေကားထစ်များအား တံမြက်စည်းလှဲခြင်း၊ ရေဖြင့်ဆေးကြောခြင်း၊ ဘုရားကြီးအားရေသပ္ပာယ်ခြင်း၊ ဗောဓိညောင်ပင်အား ရေလောင်းကုသိုလ်ယူခြင်း၊ ဘုရားကြီးပုရိဝုဏ် အတွင်းအပြင် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ခြင်းများ ဆောင်ရွက်ကြသည်။



**ဘာမီသာ(ပခုက္ကူ)**

## မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနမှ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်

**ဘိုကလေး မေ ၄**
မေ(၅)ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၁၀ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မီးသတ်ဦးစီးဌာနနှင့် မိသားစုဝင်များက ဘိုကလေးမြို့မ ဆွမ်းလောင်းအသင်း ဓမ္မာရုံကြီးတွင် သံဃာတော် အရှင်သူမြတ်အား နေ့ဆွမ်းဆက်ကပ် ကုသိုလ်တော်ပြုခဲ့ကြသည်။



နေ့ဆွမ်း ဆက်ကပ်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထွန်းအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ တက်ရောက်ကြပြီး ဆွမ်းမကပ်လှူမီ ဘိုကလေးမြို့နယ်၊ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော် အရှင်ဘဒ္ဒန္တကုမာရထံမှ သီလခံယူဆောက်တည်ခြင်း၊ ဆွမ်းအနုမောဒနာ တရားနာကြားခြင်း၊ ရေစက်သွန်းချအမျှဝေခြင်း၊ ဆရာတော်၊ သံဃာတော်များအား နဝကမ္မအလှူတော်ငွေများ ဆက်ကပ် လှူဒါန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးမှုနှင့် Biometric ကောက်ယူမှု လှည့်လည်ကြည့်ရှုအားပေး



**နေပြည်တော် မေ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်ရှိ ကနောင်ခန်းမ၌ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများအား သက်ဆိုင်ရာမြို့နယ် (၅)ဦး ကော်မတီအဖွဲ့ဝင်များက စိစစ်မေးမြန်းအတည်ပြုဆောင်ရွက်နေမှု၊ (၅)ဦး ကော်မတီ၏ ထောက်ခံချက်အရ မြို့နယ်ရုံးဝန်ထမ်းများက လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်များ သတ်မှတ်ပုံစံများတွင် ဖြည့်သွင်းဆောင်ရွက်၍လုပ်ထုံးလုပ်နည်းနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်အဆင့်ဆင့်ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အချက်အလက်များ မှန်ကန်စေရေးအတွက် ကာယကံရှင်ပြည်သူများအား သေချာစွာမေးမြန်းဖြည့်သွင်းရေး၊ နိုင်ငံသားကတ်ထုတ်ပေးနိုင်ရေးအတွက် ၎င်းတို့၏ အချက်အလက်များကို e-ID Server ရှိ အချက်အလက်များနှင့် စနစ်တကျတိုက်ဆိုင်စိစစ် ဆောင်ရွက်ရေး မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ် ထုတ်ပေးပြီးသူများအား e-ID စနစ်ဖြင့် ကိုယ်ရေးအချက်အလက် (Biographic) နှင့် ဇီဝဆိုင်ရာအချက်အလက် (Biometric) တစ်ပါတည်းကောက်ယူ၍ ဂဏန်း (၁၀) လုံးပါ Unique ID နံပါတ် ထုတ်ပေးနေမှုအခြေအနေကို ကြည့်ရှုအားပေးပြီး ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါဆောင်ရွက်မှုတွင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ယာယီရွှေ့ပြောင်းနေထိုင်သူများအား ပန်းခင်းစီမံချက် အဆင့် (၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း အစောင် ၇၀ နှင့် နိုင်ငံသားစိစစ်ရေးကတ် ၁၁၀ တို့အား စိစစ်ဆောင်ရွက်ထုတ်ပေး၍ နိုင်ငံသားကတ်ရရှိပြီးသူများအား e-ID စနစ်ဖြင့် Biometric ကောက်ယူကာ ဂဏန်း (၁၀)လုံးပါ Unique ID နံပါတ်များ တစ်ပါတည်း ထုတ်ပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းစာကြည့်တိုက်များနှင့် ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များရှင်သန်ရေးနှင့် ဘူးကွဲချောင်း မြေထိန်းနံရံတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၄**

နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် စာသင်ခန်းပြင်ဆင် ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများအား နွေရာသီ ကျောင်းပိတ်ရက်တွင် ဘင်ခရာသင်တန်း ဖွင့်လှစ်သင်ကြားနေမှု၊ ကျောင်းသား ကျောင်းသူများ လေ့လာသင်ကြားနိုင်ရန်အတွက် ကွန်ပျူတာခန်းနှင့် စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက် ကျောင်းစာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုများကို ကြည့်ရှုအားပေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။



ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စာကြည့်တိုက်များတွင် ၃၈ ဖြာ မင်္ဂလာကဗျာများ၊ စာကြည့်တိုက်နှင့် ပတ်သက်သည့် ဆောင်ပုဒ်များနှင့် အဆိုအမိန့်များ ထားရှိရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေရေး၊ အမှိုက်များကို စနစ်တကျစွန့်ပစ်သည့် အလေ့အထဖြစ်အောင် ဆောင်ရွက်ပေးရေးနှင့် လိုအပ်သည်များကိုတာဝန်ရှိသူများအား မှာကြားပြီး ကျောင်းစာကြည့်တိုက်အတွက် ၃၈ ဖြာ မင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကို ပေးအပ်သည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အ.လ.က (၃)သို့ ရောက်ရှိပြီး ကျောင်းစာကြည့်တိုက်နှင့် ကျောင်းစာသင်ခန်းများကို ကြည့်ရှုစစ်ဆေးကာ ကျောင်းစာကြည့်တိုက်အတွက် ၃၈ ဖြာမင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ခတ္တာလမ်း၊ ဘူးကွဲချောင်း မြေထိန်းနံရံတည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်(နယ်မြေ-၁၀)အတွင်းရှိ သုတဘဏ် စာကြည့်တိုက်သို့ ရောက်ရှိပြီး စာကြည့်တိုက်တွင် ရပ်ကွက်အတွင်းရှိ လူငယ်လူရွယ်များ စာပေလေ့လာဖတ်ရှုနေမှုကို ကြည့်ရှုအားပေးကာ စာကြည့်တိုက်အတွက် ၃၈ ဖြာ မင်္ဂလာ၊ ဗုဒ္ဓဝင်၊ ဘုရားရှိခိုးနှင့် ပြည်သူ့နီတိစာအုပ်များကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့၌ အသက် ၁၀ နှစ်အထက်ရှိသူများ အီလက်ထရောနစ်စနစ်ဖြင့် ကိုယ်ရေးအချက်အလက်နှင့်ဇီဝအချက်အလက်များ ကောက်ယူမှတ်ပုံတင်၍ UID စာရွက်ထုတ်ပေး

**မြဝတီ မေ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အီလက်ထရောနစ် မှတ်ပုံတင်စနစ်ဦးစီးဌာနသည် နိုင်ငံအတွင်း နေထိုင်သူများမှ အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ်ရှိသူများကို အီလက်ထရောနစ်စနစ်ဖြင့် ကိုယ်ရေးအချက်အလက်များ၊ ဇီဝအချက်အလက်များကို ကောက်ယူမှတ်ပုံတင်၍ UID (Unique Identity Number) စာရွက်ဆောင်ရွက်ပေးလျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံး၌ ဇီဝအချက်အလက်များ ကောက်ယူရန်အတွက် ၂၀၂၃ ခုနှစ် ဧပြီလမှစ၍ လျှာထားချက် ၂၂၂၆၀ စတင်ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ် ၂၉ ရက်တွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်၊ ဧပြီ ၉ ရက်နေ့ထိ UID ဆောင်ရွက်ပြီးစီးမှုအားဖြင့် ၂၂၉၉၇ ဦးရှိပြီးဖြစ်ကြောင်း သိရသည်။

မြဝတီမြို့သည် နယ်စပ်ကုန်သွယ်ရေးမြို့ ဖြစ်သည်နှင့်အညီ မြန်မာ-ထိုင်း အမှတ်(၁)၊(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် မဲဆောက်မြို့သို့ BP / TBP လက်မှတ်များဖြင့် သွားရောက်နိုင်ရေးအတွက် နိုင်ငံပိုင်သတင်းစာမှ ပြည်သူများသို့ တရားဝင် အသိပေးကြေညာချက်တွင် နယ်စပ် ဝင်/ထွက်ဂိတ်များသို့ BP/TBP လက်မှတ် လာရောက်လျှောက်ထားသူ ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်မူရင်းနှင့်အတူ UID စာရွက်ပါ တစ်ပါတည်း ယူဆောင်လာကြရန်နှင့် မေ ၁ ရက်နေ့မှစတင်ပြီး ၎င်းစာရွက်ပါမှသာ လက်မှတ်များထုတ်ပေး၍ နယ်စပ်ဖြတ်သန်းခွင့်ပြုမည်ကို အသိပေးကြေညာထားပြီး ဖြစ်ကြောင်း တာဝန်ရှိသူက ပြောသည်။



မြဝတီမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ ပြည်သူများ လွယ်ကူအဆင်ပြေချောမွေ့စေရေးအတွက် အဆိုပါ UID စာရွက်ထုတ်ပေးရာတွင် နေ့စဉ်လာရောက် လျှောက်ထားသူ တစ်ထောင်ခန့်ရှိသော်လည်း စက်ငါးလုံးဖြင့်သာ ထုတ်ပေးရသဖြင့် တစ်နေ့ ဆောင်ရွက်ပြီးစီးမှုနှုန်း ၄၀၀ ခန့်ရှိ၍ တိုကင်စနစ်ဖြင့် နေ့အလိုက် ရက်သတ်မှတ်ပေးကာ ဆောင်ရွက်ပေးလျက်ရှိပြီး မေ ၁ ရက်မှ ၃ ရက်နေ့ထိ ၁၂၀၆ ဦး ပြီးစီးပြီဖြစ်ကြောင်းနှင့် အလားတူ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် UID ဆောင်ရွက်လိုသူများအတွက် နိုင်ငံသားစိစစ်ရေးကတ် မူရင်း၊ မိတ္တူတို့နှင့်အတူ သတ်မှတ်ပုံစံဖြည့်စွက်၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# ပြည်တွင်းစားသုံးဆီကို ဈေးကွက်ခိုင်ခိုင်မာမာ ရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြမယ့် လုပ်ငန်းစဉ်အသေးစိတ်ကို ဖော်ထုတ်ဆွေးနွေးခဲ့ပါတယ်

**ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြစ်သည့် ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက်လုံလောက်စေရန် ဆီစက်များ၏ ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်အတွက် လုပ်ငန်းအစီအမံ Action Plan များ ရေးဆွဲရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ပြည်တွင်းစားသုံးဆီ ဖူလုံစေရန်အတွက် ဆီကြိတ်ခွဲမှုတိုးမြှင့်ထုတ်လုပ်နိုင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန၌ ကျင်းပသည်။**



စက်မှုကြီးကြပ်ရေး နှင့် စစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေး မှူးချုပ် ဦးသိန်းဆွေ။

ဆွေးနွေးပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက “ဆွေးနွေးပွဲ မကျင်းပမီ ဧပြီ ၅ ရက်က စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှာ ဆီထွက်သီးနှံ တိုးမြှင့်ထုတ်လုပ်ရေးနဲ့ ပတ်သက်တဲ့ အစည်းအဝေး ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးဆုံးဖြတ်ချက်တွေကို နိုင်ငံတော်အကြီးအကဲဆီကို တင်ပြပြီး အတည်ပြုချက် ရယူခဲ့ပါတယ်။ ဒီလိုအတည်ပြုချက်ရယူခဲ့တဲ့ ဆုံးဖြတ်ချက်တွေထဲမှာ ဆီကြိတ်ခွဲထုတ်လုပ်နိုင်ရေးကို တာဝန်ယူဆောင်ရွက်ဖို့နဲ့ ဆီစက်ကဏ္ဍဖွံ့ဖြိုးရေးနဲ့ ပတ်သက်ပြီး မူဝါဒတွေ ချမှတ်ကာ လိုအပ်တဲ့ ညွှန်ကြားချက်တွေ ထုတ်ပြန်ရေး စက်မှုဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနမှာ ပုဂ္ဂလိက ဆီစက်လုပ်ငန်းတွေကို မှတ်ပုံတင်ပေးတာ၊ ဆီစက်လုပ်ငန်းအပါအဝင် စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ အဓိကဆောင်ရွက်နေတဲ့ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနက ဒီတာဝန်တွေ ဆောင်ရွက်ဖို့တာဝန်ရှိလာတဲ့အတွက် အလုပ်ရုံဆွေးနွေးပွဲမှာ မူဝါဒတွေ၊ ရှေ့ဆက်ဆောင်ရွက်ရမယ့် ညွှန်ကြားချက်တွေ ထုတ်ပြန်နိုင်ဖို့ ဒီပွဲမှာ အဓိကနေရာကနေ ပါဝင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်” ဟု ပြောသည်။

**အပိုင်း (၄) ခု ဆွေးနွေး**

ပြည်တွင်းစားသုံးဆီ ဖူလုံစေရန် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်တွင်းဆီစက်များ၏ ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် ပြည်တွင်း ဆီကြိတ်စက်များအတွက် ကုန်ကြမ်းသီးနှံများ စဉ်ဆက်မပြတ်ရရှိစေရေး၊ လိုအပ်သော ဆီ(တန်ချိန်)များအား ပြည်တွင်းဆီစက်များမှ ကြိတ်ခွဲထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းဆီစက်များမှ ထွက်ရှိလာသော စားသုံးဆီကုန်ချောများ ဈေးကွက်စဉ်ဆက်မပြတ်ရရှိရေးနှင့် ဆီကြိတ်ဖတ်များအား မွေးမြူရေးအစားအစာထုတ်လုပ်မှုကဏ္ဍသို့ အပြည့်အဝ ရောင်းချနိုင်ရေး စသည့်ကဏ္ဍ(၄)ခု အပေါ် အခြေခံ၍ အပိုင်း (၄) ခုကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် Action Plan ရေးဆွဲနိုင်ရေးအတွက်ဆွေးနွေးခဲ့သည့်အကြောင်းအရာများနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက “ ဆီထွက်သီးနှံစိုက်ပျိုးမယ့် တောင်သူကနေစပြီး စားသုံးတဲ့ ပြည်သူတွေဆီ ရောက်တဲ့အခြေအနေအထိနဲ့ ဘေးထွက်ဆီကြိတ်ဖတ်တွေကို မွေးမြူရေးအစာအဖြစ် အပြည့်အဝပေးသွင်းနိုင်ရေးကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့အတွက် Supply Chain တစ်ခုလုံးမှာရှိတဲ့ အဓိကအကြောင်းအရာတွေကို ဖော်ထုတ်ပြီး ဆွေးနွေးပွဲမှာ Action Plan တွေရေးဆွဲနိုင်ဖို့ ဆွေးနွေးဖော်ထုတ်မှာ ဖြစ်ပါတယ်။ ဆွေးနွေးခဲ့ကြတဲ့ အဓိကအကြောင်းအရာလေးခုရှိပါတယ်။ ပထမအချက်အနေနဲ့ ဆီစက်တွေ စဉ်ဆက်မပြတ် လည်ပတ်ကြိတ်ခွဲနိုင်ဖို့ လိုအပ်တဲ့ ကုန်ကြမ်းသီးနှံတွေရရှိနိုင်ဖို့ စိုက်ပျိုးရေးကဏ္ဍက ဘယ်လိုပြည့်ပြည့်ဝဝစိုက်ပျိုးပြီး ကုန်ကြမ်းရရှိနိုင်ရေး ဆောင်ရွက်ပေးနိုင်မလဲဆိုတဲ့ အကြောင်းအရာကို ဆွေးနွေးခဲ့ပါတယ်။ နံပါတ်နှစ်အကြောင်းအရာက ကုန်ကြမ်းဆီထွက်သီးနှံတွေရရှိပြီဆိုရင် ကြိတ်ခွဲဖို့အတွက် ပြည်တွင်းမှာရှိတဲ့ မှတ်ပုံတင်ထားတဲ့ ဆီစက်လုပ်ငန်းပေါင်း ၃၂၆၂ ရုံရှိပါတယ်။ ဒီရုံတွေထဲကနေ အကြောင်းအမျိုးမျိုးကြောင့် ဆီစက်လုပ်ငန်း ၄၀၀ ကျော်က ရပ်နားထားတာရှိပါတယ်။ အမှန်တကယ် လည်ပတ်နေတာက စက်ရုံပေါင်း ၂၈၀၀ ကျော်ရှိပါတယ်။ ရပ်နားထားတဲ့ စက်ရုံတွေရော၊ လည်ပတ်နေတဲ့ စက်ရုံတွေရော အပြည့်အဝကြိတ်ခွဲမယ်ဆိုရင် လိုအပ်တဲ့ ဆီထွက်သီးနှံကုန်ကြမ်း ဘယ်လောက် လိုအပ်မယ်။ ဆီထွက်သီးနှံကိုလည်း ရာသီကာလ သုံးခုအလိုက် စိုက်ပျိုးရတဲ့အခါမှာ ရာသီကာလအလိုက် ထွက်ပေါ်လာတဲ့ ဆီထွက်သီးနှံတွေကို ဆီစက်တွေက ဘယ်လောက်လိုအပ်မယ် ဆိုတာကို ဖော်ထုတ်ပြီး ကြိတ်ခွဲရင် သူတို့အတွက် ဘာတွေအခက်အခဲရှိမယ်။ ကြိတ်ခွဲပြီးရင် လိုချင်တဲ့ ပြည်တွင်းစားသုံးဆီ ဖူလုံနိုင်ရေးအတွက် အပြည့်အဝရနိုင်မှု ရှိ၊ မရှိ စတဲ့ ဆီကြိတ်ခွဲထုတ်လုပ်မှုကဏ္ဍနဲ့ ပတ်သက်ပြီး အသေးစိတ် ဖော်ထုတ်ဖို့ ဆွေးနွေးခဲ့ပါတယ်” ဟု ပြောသည်။

“တတိယအချက်အနေနဲ့ ဆီစက်တွေက ကြိတ်ခွဲလို့ရရှိလာတဲ့ ပြည်တွင်းက ထုတ်လုပ်တဲ့ စားသုံးဆီတွေကို ဈေးကွက်မှာ တင်ပို့ရောင်းချနိုင်ဖို့ ဖြစ်ပါတယ်။ ဈေးကွက်မှာ တင်ပို့ရောင်းချနိုင်ဖို့က အင်မတန်အရေးကြီးပါတယ်။ ဆီစက်တွေက ကြိတ်ခွဲထုတ်လုပ်လိုက်တဲ့ ကုန်ချောဖြစ်တဲ့ စားသုံးဆီတွေကို ဈေးကွက်မှာ ခိုင်ခိုင်မာမာ ရောင်းချနိုင်မှသာ ရေရှည်တည်တံ့ပြီး နိုင်ငံတော်က လိုလားချက်ဖြစ်တဲ့ ပြည်တွင်းစားသုံးဆီ တစ်နှစ်ပတ်လုံး ဖူလုံနိုင်ရေးဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ပြည်တွင်းစားသုံးဆီကို ဈေးကွက် ခိုင်ခိုင်မာမာရရှိနိုင်ရေးအတွက် ဆောင်ရွက်ကြမယ့် လုပ်ငန်းစဉ်အသေးစိတ်ကို ဖော်ထုတ်ဆွေးနွေးခဲ့ပါတယ်။ စတုတ္ထအချက်အနေနဲ့ ဆီစက်တွေ ဆီကြိတ်လို့ ထွက်ပေါ်လာတဲ့ ဘေးထွက် ဆီကြိတ်ဖတ်တွေကို မွေးမြူရေးကဏ္ဍမှာ ရှိတဲ့ မွေးမြူရေးအစားအစာ ထုတ်လုပ်ဖို့ အတွက် မွေးမြူရေးအစားအစာ လိုအပ်ချက်ကို ပြည့်မီစွာပေးအပ်နိုင်ရေး ဖော်ထုတ်ရမယ့် အကြောင်းအရာတစ်ခုကို ဆွေးနွေးခဲ့ပါတယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး**

ပြည်တွင်း ဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရန် ဆီစက်များ၏ ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်ကြိတ်ခွဲကာ ကုန်ချောဖြစ်သည့် ပြည်တွင်းစားသုံးဆီများ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက နယ်မြေဒေသများသို့ ကွင်းဆင်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

> **❝ ပြည်တွင်းစားသုံးဆီများ ဈေးကွက်သို့ ဖြန့်ဖြူးရောင်းချနိုင်ရေး စက်မှုဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများက နယ်မြေဒေသများသို့ ကွင်းဆင်းပြီး သက်ဆိုင်ရာကဏ္ဍအလိုက် စိုက်ပျိုးတောင်သူများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ ပူးပေါင်းဆောင်ရွက်လျက်ရှိ ❞**

“အကြောင်းအရာလေးခုကို ဆွေးနွေးခဲ့ရာမှာ ပထမအချက်အနေနဲ့ စိုက်ပျိုးဖို့အတွက် လိုအပ်တဲ့ ဆီထွက်သီးနှံ ကုန်ကြမ်းတွေကို ဘယ်လိုအပြည့်အဝ စိုက်မယ်ဆိုတာကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနကအသေးစိတ်တင်ပြ ဆွေးနွေးတာတွေရှိပါတယ်။ တစ်နိုင်ငံလုံးမှာ ဇုန် (၇) ဇုန်နဲ့ အထူးစိုက်ပျိုးမယ့်ကိစ္စ၊ ဇုန်ပြင်ပမှာ စိုက်ပျိုးမယ့်ကိစ္စ၊ မျိုးစေ့ရဖို့ကိစ္စ၊ သွင်းအားစုတွေရရှိဖို့ကိစ္စ၊ စိုက်ပျိုးဖို့ ရေရရှိရေးကိစ္စ၊ ထွက်ပေါ်လာတဲ့ ကုန်ကြမ်းသီးနှံတွေကို တောင်သူတွေက စိုက်စရိတ်အတွက် လုံလုံလောက်လောက်နဲ့ Cover ဖြစ်ပြီး ရောင်းချနိုင်မယ့် ဈေးနှုန်းတွေနဲ့ပတ်သက်ပြီး အသေးစိတ် ဆွေးနွေးဖော်ထုတ်ရရှိခဲ့ပါတယ်။ ဒုတိယအချက်အနေနဲ့ ဆီစက်တွေကနေဆီကြိတ်ခွဲထုတ်လုပ်ဖို့ ရာသီအလိုက်ပေါ်ပေါက်လာတဲ့ ဆီထွက်သီးနှံတွေကို ရာသီအလိုက် ဇုန် (၇) ဇုန်မှာ ဘယ်စက်တွေက ဘယ်လိုလည်ပတ်ကြမယ်၊ ရာသီအလိုက်သီးနှံတွေက ဘယ်လိုလိုအပ်ချက်ရှိပြီး ဘယ်လိုဖြည့်ဆည်းရမယ်။ ဇုန်အလိုက် ထွက်ပေါ်လာတဲ့ ဆီထွက်သီးနှံတွေကို ဇုန်အလိုက်မှာရှိတဲ့ ဆီစက်တွေက ကြိတ်ခွဲနိုင်ဖို့အတွက် လုံလောက်တာရှိသလို မလုံလောက်တာလည်း ရှိမယ်၊ မလုံလောက်လို့ရှိရင် လုံလောက်တဲ့နေရာကနေ ထွက်ပေါ်လာတဲ့ အထူးဇုန်က ဘယ်လိုသီးနှံတွေကို ဘယ်လိုဖြန့်ဝေပေးမလဲဆိုတာ ဖော်ထုတ်ချက်တွေ ရရှိခဲ့ပါတယ်”ဟု ဆွေးနွေးပွဲရလဒ်နှင့် စပ်လျဉ်း၍ ၎င်းက ဆက်လက်ပြောကြားသည်။

**ဝင်ငွေများ တိုးတက်ရရှိမည်**

ပြည်တွင်းက ထွက်ရှိသည့် ဆီထွက်သီးနှံကုန်ကြမ်းများကို အပြည့်အဝအသုံးချပြီး စားသုံးဆီဖူလုံနိုင်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပညာရှင်များအားလုံး ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံနိုင်ရေး အပြည့်အဝရရှိရုံသာမက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိကာ ဝင်ငွေများ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ ဝင်ငွေတိုးတက်ရရှိလာပါက လူမှုစီးပွားဘဝ အဆင်ပြေမည်ဖြစ်ပြီး နိုင်ငံစီးပွားမြှင့်တင်ရေးကိုလည်း များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

“တတိယအချက်အနေနဲ့ ဈေးကွက်ခိုင်မာစွာရရှိရေးနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ပြည်တွင်းစားအုန်းဆီ တင်သွင်းမှုနဲ့ပတ်သက်ပြီး နောက်ပိုင်းမှာ လိုအပ်ချက်ပေါ် မူတည်ပြီး လျှော့ချတာနဲ့အမျှ ပြည်တွင်းက ထုတ်လုပ်တဲ့ စားသုံးဆီတွေနဲ့ အစားထိုးမယ့် ကိစ္စ၊ FDA ကနေခွင့်ပြုတဲ့ ရောနှောဆီတွေကို ၆၀ ရာခိုင်နှုန်း၊ ၄၀ ရာခိုင်နှုန်းနဲ့ ရောနှောဖို့ကို ဘယ်လိုကြပ်မတ်မယ်။ ဈေးကွက်ခိုင်ခိုင်မာမာရရှိရေးနဲ့ ပတ်သက်ပြီး အချက်အလက်တွေကိုလည်း ဆွေးနွေးဖော်ထုတ်နိုင်ခဲ့ပါတယ်။ တက်ရောက်လာကြသူအားလုံးကလည်း အဓိကဆွေးနွေးကြတဲ့ အကြောင်းအရာလေးခုအနက်က တတိယအချက်ဖြစ်တဲ့ ဈေးကွက်ခိုင်မာစွာ ရရှိနိုင်ရေးဟာ အရေးကြီးတဲ့အချက်ဖြစ်တဲ့အတွက် ဦးစားပေးဆွေးနွေးခဲ့ကြပါတယ်။ ဒါကြောင့် တတိယအချက်နဲ့ ပတ်သက်ပြီး လိုအပ်တဲ့အချက်အလက်တွေ တော်တော်များများကို ဖော်ထုတ်ရရှိခဲ့ပါတယ်။ နောက်ဆုံးအချက်ဖြစ်တဲ့ ဆီကြိတ်ဖတ်တွေကို မွေးမြူရေးအစားအစာထုတ်လုပ်ဖို့အတွက် မွေးမြူရေးနဲ့ ပတ်သက်တဲ့ ပညာရှင်တွေက အစားအစာနဲ့ပတ်သက်ပြီး လိုအပ်ချက်တွေ၊ မွေးမြူရေးသမားတွေဆီကို ဖြန့်ဖြူးပေးနိုင်မယ့်အနေအထားတွေ၊ ဆီကြိတ်ဖတ်မှာ ဆီကျန်များလို့ မွေးမြူရေးအစာအဖြစ် သုံးနိုင်ခြင်း၊ မသုံးနိုင်ခြင်းတွေကို ဖော်ထုတ်ရရှိခဲ့ပါတယ်။ ပညာရှင်တွေက သုတေသနစာတမ်းတွေနဲ့ ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးကြတဲ့အတွက် အဖိုးတန်တဲ့ အချက်အလက်တွေကို ဖော်ထုတ်ရရှိခဲ့ပါတယ်”ဟု ပြောသည်။

ဆွေးနွေးပွဲတွင် လုပ်ငန်းအစီအမံ Action Plan များရေးဆွဲရာတွင်အထောက်အကူဖြစ်စေမည့် ရလဒ်များ ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့သည့်အတွက် Action Plan တစ်ခုချင်းကို လက်တွေ့ကျကျ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် ပြည်တွင်းစားသုံးဆီ မလုံလောက်၍ နိုင်ငံခြားငွေအသုံးပြုပြီး ပြည်ပမှ တင်သွင်းနေရသည့် စားသုံးဆီ တင်သွင်းမှုကို လျှော့ချနိုင်မည့်အပြင် စားသုံးသူပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် ညီညွတ်သည့် FDA က ခွင့်ပြုထားသည့် အချိုးကျရောနှောဆီများကို ဈေးနှုန်းသင့်တင့်စွာဈေးကွက်သို့ ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်သဖြင့် စားသုံးသူပြည်သူများက ရောနှောဆီများကို စိတ်ကြိုက်ရွေးချယ်ဝယ်ယူ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်ရေး**

ထို့ပြင် ပြည်တွင်းဆီထွက်သီးနှံများမှ ကြိတ်ခွဲရရှိသည့် စားသုံးဆီများဖြင့် ပြည်တွင်းလိုအပ်ချက် လုံလောက်စေရန် ဆီစက်များ၏ ဆီကြိတ်ခွဲမှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဆီထွက်သီးနှံစိုက်ခင်းမှသည် ကြိတ်စက်နှင့် ဈေးကွက်ဆီသို့တိုင်အောင် တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် လုပ်ငန်းအစီအမံ Action Plan များရေးဆွဲရာတွင်အထောက်အကူဖြစ်စေမည့်ရလဒ်များ ဖော်ထုတ်ဆွေးနွေးနိုင်ခဲ့ပြီး စက်မှုဝန်ကြီးဌာနမှ ကြီးကြပ်၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများနှင့် အကာအကွယ်ပေးမှုများကို လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တွေ့ဆုံမေးမြန်း – ဟိန်းမင်းစိုး**
**ဓာတ်ပုံ–ကိုအေးသန်း**

# ကရင်ပြည်နယ် ဝန်ကြီးချုပ်ဦးစောမြင့်ဦး ယာယီပြောင်းရွှေ့နေထိုင်သူများအား ဆန်ရိက္ခာထောက်ပံ့

**ဘားအံ မေ ၄**

ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့တွင် အကြမ်းဖက်သောင်းကျန်းသူများသည် ရပ်ကွက်၊ ကျေးရွာများအတွင်း အစမ္ပဝင်ရောက်နေထိုင်ပြီး အကြမ်းဖက်လုပ်ငန်းများနှင့် တိုက်ပွဲဖော်ဆောင်မှုကြောင့် ဒေသခံပြည်သူများသည် ဘေးလွတ်ရာ မြို့နယ်၊ ကျေးရွာများရှိ ဆွေမျိုးများနေအိမ်နှင့် ဘာသာရေးအဆောက်အအုံများသို့ ယာယီပြောင်းရွှေ့နေထိုင်ခဲ့ကြရာ မေ ၄ ရက် နံနက် ၉ နာရီခွဲခန့်က လွန်းညဘေးမဲ့တိုက်ကျောင်းဓမ္မာရုံ၌ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ ယာယီပြောင်းရွှေ့နေထိုင်သူများအတွက် ဆန်ရိက္ခာ ထောက်ပံ့ခြင်းအခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ယာယီပြောင်းရွှေ့အိမ်ထောင်စုပေါင်း ၇၇၁၁ စု၊ လူဦးရေ ၃၀၆၄၀ အားနေထိုင်စားသောက်ရေးအဆင်ပြေစေရန် ဆန်၊ ဆီ အစရှိသော စားသောက်ကုန်ပစ္စည်းများ အကြိမ်ကြိမ် ကူညီထောက်ပံ့ပေးခဲ့ကြောင်း၊ အလားတူ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး ဦးစီးဌာနနှင့် နှီးနွှယ်ဌာနများ၊ လူမှုရေးအသင်းအဖွဲ့များလည်း ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုအခါ နယ်မြေတည်ငြိမ်မှုအားကောင်းလာပြီဖြစ်သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်



အစိုးရတစ်ဖွဲ့တည်းမှ ဆောင်ရွက်၍မရဘဲ ဒေသခံများကိုယ်တိုင် ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏မူလနေရပ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်နိုင်ရေး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များက အိန္ဒူ၊ ခရားအတွင်း၊ ကော့ကဒါ၊ လွန်းည၊ ကော့စိန်ဘန်အောက်၊ ဇာသပြင်အရှေ့၊ နောင်လုံအရှေ့ကျေးရွာအုပ်စုတို့တွင် ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၃၄၈ စု၊ လူဦးရေ ၁၄၈၄ ဦးအတွက် စုစုပေါင်းဆန်အိတ် ၁၀၄၃ အိတ်ကို ထောက်ပံ့ပေးအပ်ရာ **(အပေါ်ပုံ)** ယာယီပြောင်းရွှေ့နေထိုင်သူများကိုယ်စား ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယာယီပြောင်းရွှေ့နေထိုင်သူများ စားဝတ်နေရေးကိစ္စရပ်များအဆင်ပြေစေရန် ကရင်ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က အိမ်ထောင်စုတစ်စုလျှင် ဆန်ရှစ်ပြည်၊ ဆီတစ်လီတာ၊ ခေါက်ဆွဲခြောက်ဆယ်ထုပ်နှုန်းဖြင့် စုစုပေါင်းအိမ်ထောင်စု ၅၉၂၈ စု၊ လူဦးရေ၂၃၆၂၄ ဦးတို့အား ဆန် ၁၉၇၆ အိတ်၊ ဆီ ၅၉၂၈ လီတာ၊ ခေါက်ဆွဲခြောက် ၇၆၂ ဖာကိုလည်းကောင်း၊ ၂၀၂၄ ခုနှစ် ဧပြီ ၁၁ ရက်မှ ၂၃ ရက်အထိ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသသို့ ယာယီပြောင်းရွှေ့ နေထိုင်သော အိမ်ထောင်စု ၁၅၃၉ စု၊ လူဦးရေ ၆၈၅၇ ဦးတို့အား တစ်ဦးလျှင် ဆန်နှစ်ဘူးနှုန်းဖြင့် သုံးလစာအတွက် စုစုပေါင်းဆန် ၆၄၂၈ အိတ်ကိုလည်းကောင်း၊ ဧပြီ ၂၅ ရက်နေ့တွင် ဘားအံမြို့နယ်အတွင်းရှိ အိမ်ထောင်စု ၂၂၃ စု၊ လူဦးရေ ၈၆၈ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန်အိတ် ၆၀၉ အိတ်ကိုလည်းကောင်း၊ မေ ၃ ရက်တွင် ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၁၃၉၅ စု၊ လူဦးရေ ၅၄၉၄ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန် ၃၈၆၂ အိတ်ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့သည်။

အလားတူ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမင်းသူကျော်၊ တိုင်းရင်းသားရေးရာဝန်ကြီးဦးစန်းကိုနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် မေ ၄ ရက် နံနက်ပိုင်းက သာမညကျေးရွာ ပအိုဝ်းနှစ်သစ်ကူးကွင်းဓမ္မာရုံ၌ ယာယီပြောင်းရွှေ့နေထိုင်သူ အိမ်ထောင်စု ၉၃၃ စု၊ လူဦးရေ ၃၆၆၃ ဦးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ဆန်ရိက္ခာ ၂၅၇၅ အိတ်ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတား ဖွင့်ပွဲကျင်းပ

**လင်းခေး မေ ၄**

နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးမြို့နယ် နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတားဖွင့်ပွဲကို မေ ၃ ရက် နံနက် ၈ နာရီက အဆိုပါနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ် ဖွံ့ဖြိုးကြီးကြပ်ရေးရုံးမှ ရှမ်းပြည်နယ်အတွင်းရှိ ကျေးရွာချင်းဆက် လမ်းများအနေဖြင့် ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်တွင် မြေလမ်း ၄၃ မိုင် ၂ ဖာလုံ၊ ကျောက်လမ်း ၂၂ မိုင် ၁ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာလမ်း ၉ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၅ မိုင်၊ ကွန်ကရစ်လမ်း ၄ မိုင် ၁ ဖာလုံ၊ အမာခံလမ်း ၆ မိုင် ၇ ဖာလုံ၊ ကွန်ကရစ်တံတားလေးစင်း၊ ဘေလီတံတားတစ်စင်း၊




Box Culvert အစင်း ၉၀ ကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ယနေ့ဖွင့်ပွဲတွင် ပြုလုပ်သည့် ပေ ၂၅၀ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တပ်ဆင်ခြင်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့က ပေ ၁၀၀ နှင့် နယ်စပ်ရေးရာဝန်ကြီးဌာနက ပေ ၁၅၀ စုစုပေါင်း ပေ ၂၅၀ နှစ်လွှာတစ်ထပ် ဘေလီသံပေါင်တပ်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုတံတားကြီး တည်ဆောက် ပြီးစီးခဲ့သည့်အတွက် ကျေးရွာအုပ်စုနှစ်အုပ်စု၊ ကျေးရွာပေါင်း ၁၉ ရွာ၊ အိမ်ထောင်စုပေါင်း ၁၈၈၄ စု၊ လူဦးရေပေါင်း ၉၅၀၆ ဦးအား အကျိုးပြုမည်ဖြစ်ပြီး ယခင်က လင်းခေးမြို့နှင့် ဟိုတင့်ရွာရှိ ဒေသခံပြည်သူများ ကူးလူးသွားလာရာတွင် လှေ၊ သမ္ဗန်များကို အသုံးပြုခဲ့ရသည့်အတွက် အခက်အခဲများ ရှိခဲ့သော်လည်း ယခုအခါ အချိန်မရွေး အလွယ်တကူ သွားလာနိုင်ပြီး ဒေသခံပြည်သူများ အနေဖြင့် လမ်းပန်းဆက်သွယ်ရေး ပိုမိုအဆင်ပြေလာသည့် အလျောက် လူမှုစီးပွားဘဝများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ နမ့်တိန်းချောင်းကူး တံတားတည်ဆောက်ပြီးစီးခဲ့သည့်အတွက် လင်းခေးခရိုင်အတွင်းရှိ စိုက်ပျိုးမြေဧက ၅၉၀၂ ဧကမှ ထွက်ရှိသော စိုက်ပျိုးသီးနှံများကို တင်ပို့ရောင်းချရာတွင် များစွာအထောက်အကူပြုမည် ဖြစ်ပါကြောင်းနှင့် နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတားအား ရေရှည် တည်တံ့ခိုင်မြဲအောင် ဒေသခံတိုင်းရင်းသား ပြည်သူလူထုများအနေဖြင့် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းသွားရန် လိုကြောင်းပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(တောင်ကြီး) ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးက နမ့်တိန်းချောင်းကူးတံတား ပေ ၂၅၀ ဘေလီတံတား တည်ဆောက်မှု လုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတားကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မျိုးမင်းထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** နမ့်တိန်းချောင်းကူး ပေ ၂၅၀ ဘေလီတံတားကို အမွှေးနံ့သာရည်ပက်ဖျန်းပေး၍ တံတားကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

❑ *ကျော့ဖုံးမှ*

အပါအဝင် ကုန်ပစ္စည်း ၁၂ မျိုး စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၁၉၆၆၂၉၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးရမိ**

ထို့ပြင် မေ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် (X-Ray) စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ မန္တလေးမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Knorr ကြက်သားမှုန့်အထုပ် ၂၀၀၀၊ Deli ခဲတံချွန်စက် ၆၇၂ ခု အပါအဝင် ကုန်ပစ္စည်း ၁၇ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Volvo Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၅၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၅၇၇၅၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ထို့ပြင် မေ ၂ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွာသာကြီး Dry Port ၌ မောတောင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ် Paring Knife ညှပ်ခေး ၁၆၇၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၁၅၃၄၄၈၇) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MAN Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၃၄၄၈၇) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၂ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၉၂၇၅၇၇၇) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင် လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မဟာမကုဋ္ဌရံသီ ဆံတော်ရှင် မြတ်မော်တင်စေတီတော်မြတ်ကြီး ရင်ပြင်တော်တိုးချဲ့ခြင်းလုပ်ငန်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ကြည့်ရှုစစ်ဆေး

**ပုသိမ် မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ငပုတော မြို့နယ် ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စုတွင် တည်ထားကိုးကွယ်တော်မူသည့် မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင် စေတီတော်မြတ်ကြီး၏ ရင်ပြင်တော် တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် မေ ၃ ရက်က တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ် မော်တင်စွန်း စေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုခဲ့ပြီး အရှေ့ဘက်ခံ တန်ဆောင်း ဆောက်လုပ်ရန် လုပ်ငန်းခွင် ရှင်းလင်းပြင်ဆင်နေမှုနှင့် ပစ္စည်းစုဆောင်းနေမှု၊ အပြီးသတ်လုပ်ငန်းများ ဆောင်ရွက်နေမှု၊ စေတီတော်မြတ်ကြီး အနေကဇာဆောင် ပြုပြင်မွမ်းမံပြီးစီးမှုနှင့် မြောက်ဘက်မုခ် ရေကန်လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



## ဇန်းမော်မြို့ ပြည်သူ့ဆေးရုံကြီး၌ ဆေးဝါးကုသမှုခံယူနေသောလူနာများအား ကချင်ပြည်နယ်ဝန်ကြီးချုပ် သွားရောက်တွေ့ဆုံ ထောက်ပံ့

**ဇန်းမော် မေ ၄**

ကချင်ပြည်နယ် ဇန်းမော်ခရိုင်အတွင်း လတ်တလောနယ်မြေ မတည်ငြိမ်မှုဖြစ်စဉ်များကြောင့် ဇန်းမော်မြို့နယ်အတွင်းရှိ ဘာသာရေးကျောင်းများသို့ ယာယီနေရပ်စွန့်ခွာ အိမ်ထောင်စုများအား မိုးမကျမီ အမိုးအကာအောက် လုံခြုံစွာနေထိုင်စားသောက်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး ဇန်းမော်မြို့သို့ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် မေ ၃ ရက် နံနက် ၈ နာရီက ဇန်းမော်မြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများအတွက် ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများဖြစ်ကြသည့် လူမှုရေးရာဝန်ကြီး ဦးမိုးမင်းသိန်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ နယ်မြေခံ တပ်မှ ဗိုလ်မှူးကြီး တင်မင်းလတ်၊ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့်အတူ ဇန်းမော်မြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြီး သွေးလှူဘဏ်၌ (၇၈) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်/ မြို့နယ် မီးသတ်တပ်ဖွဲ့ဝင်များ၏ပြည်သူ့အကျိုးပြုလုပ်ငန်းဖြစ်သည့် စုပေါင်းသွေးလှူဒါန်းပွဲကျင်းပမှုကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြပြီး သွေးလှူဒါန်းနေသည့် တပ်ဖွဲ့ဝင်များအား အာဟာရဖြည့်အစားအစာများကိုလည်းကောင်း၊ မီးသတ်တပ်ဖွဲ့နှင့် သွေးလှူဘဏ်ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။



ဆက်လက်၍ ဆေးရုံကြီး ခွဲစိတ်ကုသဆောင်၌ နယ်မြေမတည်ငြိမ်မှုဖြစ်စဉ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ကြပြီးလူနာများအတွက်ထောက်ပံ့ငွေများကိုလည်းကောင်း **(အပေါ်ပုံ)**၊ ထို့အတူ ပြည်နယ်မိခင်နှင့် ကလေးကြီးကြပ်မှု စောင့်ရှောက်ရေးအဖွဲ့ နာယက၊ ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များကလည်း ကလေးဖျားနာကုသဆောင်၌ ဆေးဝါးကုသမှုခံယူနေသော ကလေးငယ်များ၊ မီးဖွားပြီးစကလေးငယ်များ၊ မိခင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် ကလေးငယ်များအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။

ယင်းနောက် ဇန်းမော်ခရိုင် နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ်ရုံးသို့ သွားရောက်ပြီး ရောဘတ် IDPs စခန်းအတွင်းရှိ မိဘမဲ့ဂေဟာမှ ကလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကြကာ ဂေဟာအတွက် ဆန်အိတ် ၅၀၊ အသင်းတော်အတွက် ဆန်အိတ် ၂၀၊ IDPs စခန်းအတွက် ဆန်အိတ် ၅၀၊ မိခင်နှင့် ကလေးကြီးကြပ်မှု စောင့်ရှောက်ရေးအသင်းက ဂေဟာအတွက် ဆန်၊ ဆီ၊ ကုလားပဲ၊ ကြက်ဥ၊ ခေါက်ဆွဲခြောက်နှင့် ကြာဆံ၊ ကြက်သွန်၊ အာလူးတို့နှင့် ဂေဟာတာဝန်ခံ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ထို့အပြင် မွန်းလွဲပိုင်းတွင် မြသီတာညေ့်ရိပ်သာ အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်း/ အဖွဲ့များ၊ လူမှုပရဟိတအသင်းအဖွဲ့များနှင့် တွေ့ဆုံပွဲကျင်းပပြီး ပြည်နယ်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေး၊ ယာယီနေရပ်စွန့်ခွာပြည်သူများအရေးကိစ္စရပ်များတွင် ယခုလို တက်ကြွစွာ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေမှုများကို မိမိအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍လည်း ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းပူးပေါင်းပါဝင်ကြစေလိုကြောင်း ပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်း/အဖွဲ့ ခြောက်ဖွဲ့အတွက် ဆန် ၁၀ အိတ်စီနှင့် လူမှုပရဟိတအသင်း/ အဖွဲ့ ၁၀ ဖွဲ့အတွက် ဆန် ၁၀ အိတ်စီတို့ဖြင့် စုစုပေါင်း ဆန်အိတ် ၁၆၀ နှင့် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့အတွက် ငွေကျပ်သိန်း ၂၀ ကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် လူမှုပရဟိတကူညီကယ်ဆယ်ရေးအသင်း/ အဖွဲ့များမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များနှင့် ယာယီနေရပ်စွန့်ခွာပြည်သူများ လက်ခံထားရှိမှု အခြေအနေများ၊ အခက်အခဲများ၊ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## သတင်းကြေညာချက်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတု ခိုလှုံနိုင်ပါကြောင်းကို (၂၆-၄-၂၀၁၉) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၉ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည်-

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# ရေအရင်းအမြစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ဖို့ ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်ကြပါစို့

မိုး/ဓလ

**ရာသီဥတုပြောင်းလဲလာခြင်း၏အကျိုးဆက်များ**

ရာသီဥတုပြောင်းလဲလာခြင်း၏ အကျိုးဆက်များကြောင့် ကမ္ဘာ့နိုင်ငံအများစု၏ ရေဆိုင်ရာကဏ္ဍများတွင် တိုက်ရိုက်အကျိုးဆက် ခံစားရလျက်ရှိပြီး ယင်းအကျိုးသက်ရောက်မှုသည် သက်ရှိလူသားများ၊ ဂေဟစနစ်များအပြင် စိုက်ပျိုးရေး၊ စွမ်းအင်နှင့် စက်မှုကဏ္ဍ စသည့်ကဏ္ဍအသီးသီးတို့ကိုပါ ထိခိုက်စေလျက်ရှိကြောင်း တွေ့ရှိကြရပါသည်။ ၂၀ ရာစုနှစ်လယ်ပိုင်းမှစတင်ပြီး ရာသီဥတုပြောင်းလဲမှု၏ သက်ရောက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ ရေသံသရာလည်မှုများကို ထင်ရှားစွာ ပြောင်းလဲမှုများ ဖြစ်ပေါ်လာသည်ကိုလည်း တွေ့ရှိခဲ့ကြရပါသည်။ ဤပြောင်းလဲမှုများသည် ကမ္ဘာပေါ်ရှိ ရေအရင်းအမြစ်၊ ရေနှင့် သန့်ရှင်းရေ ရရှိနိုင်မှုများအပေါ်များစွာသက်ရောက်မှုရှိသည်ကိုလည်း တွေ့ရှိကြရပါသည်။ ရာသီဥတုပြောင်းလဲမှုများ၏ သက်ရောက်မှုကြောင့် မိုးခေါင်ခြင်း၊ မိုးသည်းထန်ခြင်း၊ အပူချိန်မြင့်မားခြင်းနှင့်အတူ ရေငွေ့ပြန်ခြင်းနှင့် ရေလိုအပ်ချက်များ မြင့်မားလာခြင်း၊ ရေခဲတောင်များ အရည်ပျော်ခြင်းနှင့် မိုးရွာသွန်းမှု ပုံစံပြောင်းလဲလာခြင်း၊ လွန်ကဲမိုးလေဝသဖြစ်စဉ်အရေအတွက် တိုးမြင့်လာခြင်း စသည်တို့ကြောင့် ရေလိုအပ်ချက်ပုံစံပြောင်းလဲလာခြင်းများ ဖြစ်ပေါ်စေသည်ကို တွေ့ရှိကြရပါသည်။

ရာသီဥတုပြောင်းလဲလာခြင်း၏ သက်ရောက်မှုများကြောင့် ရေနှင့် ဆက်စပ်ပြီး တွေ့ကြုံခံစားကြရသော်လည်း ရေသည် ရာသီဥတုပြောင်းလဲခြင်းနှင့်အတူ လိုက်လျောညီထွေနေထိုင်နိုင်ရေးနှင့် လျော့ပါးသက်သာစေရေးတို့အတွက်လည်း မရှိမဖြစ်လိုအပ်လျက်ရှိရာ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အစီရင်ခံစာများတွင်လည်း ရေသည် ရာသီဥတုနှင့် လိုက်လျောညီထွေနေထိုင်နိုင်ရေးအတွက် အဓိကသော့ချက်တစ်ခုဖြစ်ကြောင်း မီးမောင်းထိုးပြခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ယင်းအစီရင်ခံစာများတွင် ရေ၏အရေးပါမှုများကို ရေနှင့် ဆက်စပ်သည့် လိုက်လျောညီထွေနေထိုင်ရေး လုပ်ငန်းများတွင် တိုက်ရိုက်သော်လည်းကောင်း၊ အခြားသော ကဏ္ဍများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့်သော်လည်းကောင်း ရေ၏ အရေးပါမှုများကို အလေးပေးဖော်ပြထားရှိပြီး အထူးသဖြင့် ရေရှားပါးခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်းကဲ့သို့သော အကျိုးသက်ရောက်မှုများကို သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် ရေနှင့် ဆက်စပ်ပြီး လိုက်လျောညီထွေ နေထိုင်နိုင်ရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပေသည်။ ရာသီဥတုဒဏ်ခံနိုင်ရည် အားကောင်းလာစေရန်အတွက် အကျိုးသက်ရောက်မှုရှိသည့် လိုက်လျောညီထွေ နေထိုင်နိုင်ရေး ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး စားနပ်ရိက္ခာနှင့် စွမ်းအင်ဖူလုံရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းရေး၊ ကျန်းမာရေး တိုးတက်ကောင်းမွန်စေရေးတို့အတွက် ရေဖူလုံရေးသည် အခြေခံကျပြီး ရာသီဥတုအန္တရာယ် လျော့ကျစေရေးအတွက် အရေးပါလျက်ရှိပါသည်။



ပုံ (၁) ၂၀၂၃ ခုနှစ် တစ်နှစ်ပတ်လုံးအတွက် အမှန်တကယ် မိုးရွာသွန်းမှုပြပုံ




ပုံ (၂) ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း နှစ်အလိုက်ရွာသွန်းခဲ့သော မိုးရေချိန်

**ရာသီဥတုပြောင်းလဲခြင်းကို ကာကွယ်ရန်**

ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲခြင်းသည် လူသားများ၏ ကျန်းမာရေးကို ထိခိုက်ခြင်း၊ သန့်ရှင်းသောလေနှင့် ရေကောင်းရေသန့်ရရှိမှု၊ အစားအစာ လုံလောက်စွာရရှိမှု၊ လုံခြုံသော အမိုးအကာများ ရရှိမှုတို့ကို ထိခိုက်ခြင်း၊ အပူချိန်မြင့်တက်လာခြင်းကြောင့် လေထုထဲတွင် လေထုညစ်ညမ်းမှုကို မြင့်တက်စေပြီး နှလုံးသွေးကြောဆိုင်ရာရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါများကို မြင့်တက်စေခြင်း၊ ပင်လယ်ရေမျက်နှာပြင် မြင့်တက်လာခြင်းနှင့် ရာသီဥတုဆိုးရွားသော ဖြစ်ရပ်များကြောင့် စိုက်ပျိုးရေး၊ လူမှုပတ်ဝန်းကျင်နှင့် အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးမှုများကို ထိခိုက်စေခြင်းတို့ကို ဖြစ်စေပါသည်။ ထို့ကြောင့် ရာသီဥတုဒဏ်ခံနိုင်ရည်ရှိပြီး ကာဗွန်ထုတ်လုပ်မှုနည်းပါးသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ကြရမည် ဖြစ်ပေသည်။ သို့ရာတွင် အနာဂတ်တွင် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများကို သတိမူရမည့်အပြင် ယင်းစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်နှင့် ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များ ကာကွယ်ရန် ပြည်သူတစ်ရပ်လုံးက အောက်ပါတို့ကို လိုက်နာဆောင်ရွက်သင့်ပေသည်-

- သစ်တော ပြုန်းတီးခြင်းကို လျှော့ချပြီး သစ်ပင်များကို ပိုမို စိုက်ပျိုးရန်၊
- ကာဗွန်ထုတ်လုပ်မှုကို လျှော့ချရန်၊
- စက္ကူနှင့် စွန့်ပစ်ပစ္စည်းများကို လျှော့ချခြင်း၊ ပြန်လည်အသုံးပြုခြင်း၊ ပြန်လည်အသုံးပြုနိုင်ရန် recycle ပြုလုပ်ခြင်းဖြင့် သဘာဝပတ်ဝန်းကျင် မညစ်နွမ်းစေရန် စီမံဆောင်ရွက်မှုများ တိုးတက်လာစေရန်၊
- ပလတ်စတစ် အသုံးပြုမှုကို ရှောင်ရှားရန်၊
- ရေကို ချွေတာသုံးစွဲရန်၊
- သဘာဝလေဝင်လေထွက်ကောင်းအောင် ပြုလုပ်ရန်နှင့် လေအေးပေးစက် အသုံးပြုမှုကို ရှောင်ရှားရန်၊
- ကမ်းရိုးတန်းဒေသများတွင် နေထိုင်သောပြည်သူများအား မကြာခဏရေလွှမ်းမိုးမှုမှ ကာကွယ်ရန်အတွက် သစ်ပင်များနှင့် ဒီရေတောများကိုထိန်းသိမ်းစောင့်ရှောက်ရန်၊
- သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော စီးပွားရေးဆိုင်ရာ အလေ့အထများကို မြှင့်တင်ပေးရန်၊
- အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှင့် ပြင်းထန်သော ရာသီဥတုဖြစ်စဉ်များကို ဖြေရှင်းရန်အတွက် ဘေးအန္တရာယ် ကြိုတင်ပြင်ဆင်မှု မဟာဗျူဟာများ အသုံးပြုရန်။

**ဧရာဝတီမြစ်၏ ရေအရင်းအမြစ် အခန်းကဏ္ဍ**

မြန်မာနိုင်ငံတွင် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်နှင့် သံလွင်မြစ်တို့သည် အဓိကမြစ်ကြီးများဖြစ်ပြီး ယင်းမြစ်များအနက် ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံး၊ အရှည်ဆုံးနှင့် အရေးအပါဆုံးသောမြစ်ကြီးဖြစ်ပါသည်။ မေခနှင့် မလိခမြစ်နှစ်သွယ် ပေါင်းဆုံရာမှ ဖြစ်ပေါ်လာသောမြစ်ဖြစ်ပြီး အကြမ်းအားဖြင့် မြောက်မှတောင်သို့ သွယ်တန်းလျက် မြစ်ဝကျွန်းပေါ် ဒေသမှတစ်ဆင့် ကပ္ပလီပင်လယ်အတွင်းသို့ စီးဝင်သွားသည်။ ဧရာဝတီမြစ်သည် ၂၁၇၀ ကီလိုမီတာ ရှည်ပြီး ကုန်စည်ကူးသန်းရေးအတွက် အသုံးပြုသော ရေလမ်းတစ်ခုဖြစ်ပေသည်။ မြောက်ဘက် တောင်တန်းဒေသ၊ အလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်း၊ မြစ်ဝကျွန်းပေါ် စသဖြင့် ဧရာဝတီမြစ်တစ်လျှောက် ယခုကဲ့သို့ စီးဆင်းခြင်းသည် ထူးခြားချက်ပင်ဖြစ်သည်။ ဧရာဝတီမြစ်သည် အရပ်ဒေသ ပေါင်းစုံဖြတ်သန်း၍ ပင်လယ်ထဲသို့ စီးဝင်လာသည်။

ဧရာဝတီမြစ် မြစ်ဖျားခံရာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများသည် နှစ်စဉ် မိုးရေချိန်လက်မ ၁၀၀ ကျော် ရရှိပြီး မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းဒေသများတွင် မိုးရေချိန်လက်မ ၂၀ မှ ၄၀ ကြား ရရှိသည်ကို တွေ့ရှိရပါသည်။ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးရေချိန်လက်မ ၈၀ မှ ၁၀၀ ကြား ရရှိသည်ကို တွေ့ရှိရပါသည်။ ၂၀၂၃ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် မိုးရွာသွန်းမှု အခြေအနေကို ပုံ(၁) တွင် လည်းကောင်း၊ ဧရာဝတီမြစ်အထက်ပိုင်းစခန်းများဖြစ်သော ပူတာအိုစခန်းနှင့် မြစ်ကြီးနားစခန်း၊ ဧရာဝတီမြစ်အလယ်ပိုင်းစခန်းဖြစ်သော မကွေးစခန်း၊ ဧရာဝတီမြစ်အောက်ပိုင်းစခန်းဖြစ်သော ပြည်စခန်းနှင့် ဟင်္သာတစခန်းတို့တွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ နှစ်အလိုက်ရွာသွန်းခဲ့သော မိုးရေချိန်များကို ပုံ (၂)တွင်လည်းကောင်း ဖော်ပြထားပါသည်။

ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားစခန်းတွင် ရေနည်းကာလ၏ အနိမ့်ဆုံးရေထုထည် စီးနှုန်းသည် ၁၁၀၈ $m^3/sec$ ရှိပြီး မိုးရာသီကာလ၏ အများဆုံး ရေထုထည်စီးနှုန်းအနေဖြင့် ၃၁၀၄၀ $m^3/sec$ ရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီမြစ်အောက်ပိုင်း ပြည်စခန်းတွင် ရေနည်းကာလ၏ အနိမ့်ဆုံး ရေထုထည်စီးနှုန်းသည် ၁၁၄၈ $m^3/sec$ ရှိပြီး မိုးရာသီကာလ၏ အများဆုံး ရေထုထည် စီးနှုန်းအနေဖြင့် ၆၂၈၅၀ m3/sec ရှိကြောင်း တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*

❖ **ရေနည်းကာလတွင် မြစ်ကြောင်းများအတွင်း ရေထုထည်စီးနှုန်းနည်းခြင်းသည် ရေကြောင်းသွားလာရေး၊ ရေပေးဝေရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေနေသတ္တဝါများ၊ မြစ်ချောင်းများ၏ ဂေဟစနစ်များကို ထိခိုက်စေပြီး မုတ်သုံကာလရေထုထည် စီးနှုန်းများခြင်းသည် ရေကြီးခြင်းဘေးအန္တရာယ်များ၊ ဆည်များ ကျိုးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု ဘေးအန္တရာယ်များ၊ မြစ်ကမ်းပြိုခြင်းများ၊ မြစ်ချောင်းများ၏ ဂေဟစနစ်များကို ထိခိုက်ခြင်းများ ကြုံတွေ့ရစေနိုင်ပါသည်။ ယင်းရေကြီးရေလျှံမှု အန္တရာယ်များနှင့် ရေနည်းခြင်းများ မဖြစ်ပေါ်စေရန် ကဏ္ဍပေါင်းစုံမှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ စီမံဆောင်ရွက်ခြင်းနှင့်အတူ ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပေသည်**

# စာတစ်ပုဒ် စာတစ်အုပ်၏ တန်ဖိုး

စာဖတ်ပရိသတ်တစ်ဦး

**"ကြည့်မြင်တိုင်ပါတီခေါင်းဆောင်မှာ ဆရာထွန်းစိန်ခေါ် သခင်ထွန်းဖြစ်၏။ ဆရာထွန်းစိန်မှာ စကားပြောလျှင် ပျော့ညက်ပျော့ညက် ပြောတတ်သလောက် လူတစ်ယောက်ကိုလည်း အပျော့ဆွဲဆွဲနိုင်စွမ်းရှိသူဖြစ်၏။ သို့သော် ကျွန်တော်တို့ကို ကွန်မြူနစ်ပါတီထဲရောက်အောင် ဆွဲခေါ်ခဲ့သူဖြစ်သော်လည်း တောခိုသည့်အခါတွင်မူ ဆရာထွန်းစိန်တစ်ယောက် မြို့ပေါ်မှာပဲ ကျန်ရစ်ခဲ့လေသည်"။**

ညတရေးနိုးလာသည်။ နာရီကိုကြည့်တော့ ညသန်းခေါင်ကျော်စ။ ရာသီဥတုကလည်း ပူပြင်းလှ၍ ပြန်လည်အိပ်စက်ဖို့ မစွမ်းသာတော့။ သို့နှင့် ကော်ဖီတစ်ခွက်ဖျော်ပြီး လတ်တလော ဖတ်ရှုရန် စာအုပ်စင်ထက်က စာအုပ်တစ်အုပ်ကို ရွေးထုတ်လိုက်သည်။

မူလရည်ရွယ်သည်က မအိပ်ခင် ခဏတဖြုတ် ဖတ်ရှုရန်ဖြစ်သော်လည်း ဖတ်ရင်း ဖတ်ရင်း ဈာန်ဝင်သွားသည်။ ဝယ်ယူခါစက တစ်ခေါက်ဖတ်ရှုပြီး မေ့မေ့ပျောက်ပျောက်ဖြစ်ခဲ့၍ စာအုပ်ကို လက်ကမချချင်တော့။ အိပ်ချင်စိတ်များလည်း ပြေပျောက်သွားသည်။

စာအုပ်မှာ ကွန်မြူနစ်ပါတီ တောမခိုမီ စစ်ပြီးခေတ်ကာလမှ စတင်သန္ဓေတည်ပြီး ရေးဖွဲ့ခဲ့ခြင်းဖြစ်သော်လည်း မျက်မှောက်ကာလ မြန်မာ့နိုင်ငံရေးလမ်းကြောင်းတွင်ပါ သတိမူစရာ၊ ရှောင်ကြဉ်စရာ၊ သင်ခန်းစာယူစရာများက တစ်ပုံတစ်ပင်ပါဝင်လေသည်။ အထူးသဖြင့် လူငယ်များအတွက်ဖြစ်သည်။

**"နိုင်ငံရေးမကင်းခဲ့သော စာရေးသူ၏ ဘဝအစိတ်အပိုင်းကို လှစ်ပြခြင်းဖြစ်ပါသဖြင့် မလွှဲမရှောင်သာသော နိုင်ငံရေးအကြောင်းများ ပါဝင်ပါလိမ့်မည်။ "**

စာရေးသူမှာ အတ္ထုပ္ပတ္တိရေးလောက်အောင် ကြီးကျယ်သူတစ်ယောက်၊ ထူးချွန်သူတစ်ယောက်၊ မှတ်တမ်းတင် စံထားလောက်သူတစ်ယောက်၊ တိုင်းပြည်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူတစ်ယောက် မဟုတ်သည်ကိုမူ ကြိုတင်ဝန်ခံပါရစေ။

သို့သော် . . .

စာရေးသူဖြတ်သန်းခဲ့သော ဘဝခရီးလမ်းကြောင်း အတွေ့အကြုံများမှာ စံပြုလောက်စရာမဟုတ်စေကာမူ သတိမူစရာလေးများ ပါရှိနေသည်ဟု ယူဆမိပါ၏။

## နိုင်ငံရေးဝါဒတစ်ခု၏ အရောင်ဆိုးမှုကိုခံရလျှင် ပြန်လည်အဖတ်ဆယ်ရန် ခက်ခဲ

အထူးသဖြင့် လူငယ်များအတွက် လူငယ်ဗီဇစိတ်ဓာတ် အရင်းခံဖြင့် တဇွတ်ထိုး တဖောက်ကန်းပြုမူတတ်သည်မှ ဆုံးရှုံးရတတ်သော အကြောင်းရပ်များမှာ စာရေးသူ၏ ဘဝဇာတ်လမ်းထဲတွင် အများဆုံးပါဝင်နေကြောင်း တွေ့ရမည်ထင်ပါသည်။

လူတိုင်းနိုင်ငံရေးနှင့် မကင်းအပ်ဆိုသည်ကိုမူ စာရေးသူကိုယ်တိုင် နှစ်နှစ်ခြိုက်ခြိုက် လက်ခံပါ၏။ သို့ရာတွင် မှားယွင်းသော နိုင်ငံရေးဝါဒတစ်ခု၏ အရောင်ဆိုးမှုကိုခံရလျှင်မူကား ပြန်လည်အဖတ်ဆယ်ရန် ခက်ခဲလှပါဘိ၏။ ထိုမှ တိုင်းတစ်ပါးသစ္စာခံ အဖျက်သမားဘဝသို့ ရောက်လျှင်မူ ဆိုဖွယ်ရာမရှိတော့ပါပေ။

ဤသည်ကို တင်ပြချင်သည်မှာ စာရေးသူ၏ စေတနာပင်" စသည်ဖြင့် စာရေးဆရာကလည်း စာရေးသူ၏ အမှာအဖြစ် ရေးသားခဲ့ပါသည်။

စာရေးဆရာသည် သူ့ဘဝဇာတ်ကြောင်းကို စစ်ပြီးကာလ ပြည်သူ့ရဲဘော်ဘဝ၊ ထိုမှ ကွန်မြူနစ်ပါတီ တပ်နီတပ်သား၊ လွတ်လပ်စ ဖဆပလအစိုးရခေတ်တွင် ကွန်မြူနစ်ပါတီက ဦးဆောင်သည့် အလုပ်သမားသပိတ်တိုက်ပွဲများ၊ သပိတ်စုံသူပုန်ထ၍ ကွန်မြူနစ်ပါတီကို ဖဆပလက အရေးယူတော့ ခေါင်းဆောင်များက ညတွင်းချင်း မြေအောက်လျှိုး တောခိုသွား၍ အခြားအောက်လက်ငယ်သားများနှင့်အတူ ဖမ်းဆီးအရေးယူခံရသော အကျဉ်းသားဘဝ၊ သာယာဝတီထောင်တွင်း အကျဉ်းကျခံရစဉ်အတွင်း ကွန်မြူနစ်များက မြို့ကို သိမ်းပိုက်နိုင်ခဲ့၍ ပြန်လည်လွတ်မြောက်ပြီး တောတွင်းရောက်သွားခဲ့သည့် ဘဝများကို ခပ်သွက်သွက် ရေးဖွဲ့ခြယ်မှုန်းပြခဲ့ပါသည်။

## ကျင်လည်ခဲ့သမျှ ဘဝဇာတ်ကြောင်း

ထိုမှတစ်ဖန် တောတွင်း ငွေအလွဲသုံးစားမှုများ၊ လိင်ဖောက်ပြန်မှုများ၊ တစ်ဦးအပေါ်တစ်ဦး ချောက်တွန်း၍ နေရာယူမှုများ၊ အကြောင်းအမျိုးမျိုးပြ၍ အထူးအခွင့်အရေးခံစားမှုများ၊ ရွှေစု၊ ငွေစု၊ စိန်စုမှုများ၊ မြို့ပေါ်က ဇနီးသားသမီး၊ ဆွေမျိုးသားချင်းများကို ပါတီရန်ပုံငွေမှ ထောက်ပံ့မှုများ အပါအဝင် တောခိုစ ပျဉ်းမနားမှ မြန်မာတစ်ပြည်လုံး လွတ်မြောက်ရေး၊ တောကိုအခြေခံ မြို့ကိုသိမ်း၊ ရန်သူကို မစေ့စပ်စတမ်း အပြုတ်တိုက်ရေး၊ ထိုမှ... ဒီမိုကရေစီ ငြိမ်းချမ်းရေး ညွန့်ပေါင်းအစိုးရ လမ်းစဉ်၊ ငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးလမ်းစဉ်၊ ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး လမ်းစဉ်၊ နှစ်နှစ်အတွင်း စစ်အနိုင်တိုက်ရေးလမ်းစဉ်၊ လေးနှစ်အတွင်း အပြုတ်တိုက်ရေး၊ အာဏာနီ ထူထောင်ရေးလမ်းစဉ် စသည်ဖြင့် ဦးတည်ချက်မရှိ၊ ခုစာကလေး ခုဆီထမင်း၊ အမျိုးမျိုးသော ဝါဒလမ်းစဉ်များအပေါ် စိတ်ပျက်ကာ လက်နက်ချအလင်းဝင်ရောက်လာမှု၊ ထိုမှ ဝန်ထမ်းနှင့် စာပေနယ်တွင် ကျင်လည်ခဲ့သမျှ ဘဝဇာတ်ကြောင်းများကိုပါ မခြွင်းမချန် ရေးသားဖော်ပြခဲ့ပါသည်။

တပ်နီတပ်သား မော်ကြွားကြွားအခန်းတွင် "လူငယ်များ၏ ရှိရင်းစွဲဗီဇစိတ်ဓာတ်မှာ ဟီးရိုးလုပ်ချင်သည်၊ စွန့်စားချင်သည်၊ အများအထင်ကြီးမှုကို ခံချင်သည်၊ သမားရိုးကျထက် အသစ်အဆန်းကို ခုံမင်သည်။ အများမလုပ်သောအလုပ်ကို လုပ်ပြချင်သည်။ အုပ်ချုပ်သူကို ဆန့်ကျင်ချင်သည်။ လူစွာလူတတ်လုပ်ချင်သည်၊ သိယောင်ကား၊ တတ်ယောင်ကား လုပ်ချင်သည်။

ယင်းသို့မူလအခံရှိနေသော စိတ်ဓာတ်သည် အရောင်ဆိုးသူများနှင့်တွေ့သောအခါ အလွယ်တကူပင် အရောင်ဆိုးခံတတ်ကြ၏။

ဖြူဆိုဖြူ၊ နီဆိုနီ၊ ပြာဆိုပြာ။

မိမိကိုယ်တိုင်နားလည်သည်၊ နားမလည်သည်၊




သဘောပေါက်သည်၊ မပေါက်သည်၊ လုပ်အပ်သော အလုပ်ဖြစ်သည်၊ မဖြစ်သည်ထက် ဟီးရိုးလုပ်ချင်သော စိတ်ဓာတ်ကလေးဖြင့် တစ်ပါးသူအချက်ပြရာ နောက်သို့ လိုက်မှားမိတတ်ကြပေသည်။

## သင်ခန်းစာအဖြစ် အသိပေး

ယနေ့ လူငယ်အတော်များများသည်လည်း ယင်းလွဲမှားသော အယူအဆကို လက်ခံနေကြဆဲပင် ရှိကြသေး၏။ အမှားဒဏ်ကို ခံနေရဆဲဖြစ်၏" စသည်ဖြင့် စာရေးသူက စာဖတ်သူများ၊ အထူးသဖြင့် တက်ခေတ်လူငယ်များကို သူ့ဘဝအတွေ့အကြုံများနှင့်ယှဉ်၍ သင်ခန်းစာအဖြစ် အသိပေးတင်ပြခဲ့ပါသည်။

ထို့အတူ လူငယ်များ သတိပြုဆင်ချင်စရာ၊ ထည့်သွင်းစဉ်းစားစရာအဖြစ် "ဖခင်ကြီး၏ အလုပ်မှာ အစိုးရပုံနှိပ်တိုက်မှ လျှို့ဝှက်အခန်းအုပ်ဖြစ်၏။ အစိုးရ၏ လျှို့ဝှက်စာရွက် စာတမ်းများ ရိုက်နှိပ်သောနေရာတွင် အကြီးအကဲဖြစ်၍ လုံးဝတာဝန်ခံလုပ်ရသူဖြစ်၏။

ဖခင်ကြီးက အစိုးရ၏ လျှို့ဝှက်စာရွက်စာတမ်းများ အပြင်သို့မပေါက်ကြားရန် လုံးဝတာဝန်ယူရသူ။

သားဖြစ်သူက အစိုးရနှင့် အတိုက်အခံ ကွန်မြူနစ်ကေဒါ။

ဖခင်ကြီးလုပ်နေသောအလုပ်နှင့် သားဖြစ်သူ လုပ်နေသော လုပ်ငန်းများမှာ ဖီလာဆန့်ကျင်ဘက်။ ဒါအတွက် တကယ်တမ်း အလုပ်တွေ ဘာတွေ ထိခိုက်စရာရှိလျှင် ကျွန်တော့်ကို ထိခိုက်မည်မဟုတ်ပါ။ ပခုံးလက်နှစ်သစ်မှ လူဖြစ်လာအောင် ရှာဖွေကျွေးမွေးခဲ့သော ဖခင်ကြီးကို ထိခိုက်မည်သာဖြစ်၏။ သို့သော်ထိုအချိန်က ယင်းပြဿနာများကို ခေါင်းထဲမှာ ထည့်သွင်းမစဉ်းစားဘဲ လူငယ်ပီပီ ထင်ရာစိုင်းလုပ်ခဲ့၏။



## အန္တရာယ်နှင့်ဂယက်ကို ထည့်သွင်းစဉ်းစားသင့်

**ယနေ့ခေတ်လူငယ်များ တစ်ခုခုလုပ်တော့မည်ဟု ဆုံးဖြတ်မည်ကြံတိုင်း ပင်ပန်းတကြီး ကျွေးမွေးသုတ်သင်ခဲ့သူ မိဘများအပေါ် ရိုက်ခတ်လာမည့် အန္တရာယ်နှင့်ဂယက်ကို ထည့်သွင်းစဉ်းစားသင့်လှပေ၏။**

**ကိုယ်တစ်ယောက်ကြောင့် မိသားစုတစ်ခုလုံး ဒုက္ခရောက်စေမည့် ပြဿနာမှန်သမျှကို ရှောင်ကြဉ်ရန်မှာ ယနေ့ခေတ်လူငယ်များအတွက် စောင့်ထိန်းရန် လိုအပ်လှသော ကျင့်ဝတ်တစ်ခုအဖြစ် လက်ခံကြရပေမည်သာ"** ဟူ၍ စာရေးသူက ရေးသားတင်ပြခဲ့ပါသည်။

စာအုပ်အမည်က ကျော်မြသန်း၏ "ကျွန်တော်လက်နက်ချ"။ ထိုစာအုပ်ကို ၁၉၈၈ မတိုင်ခင် မိမိလူငယ်ဘဝ ၁၉၈၀ ပြည့်လွန်နှစ်များအတွင်းကပင် ရပ်ကွက်စာအုပ်အငှားဆိုင်တွင် ငှားရမ်းဖတ်ရှုခဲ့ဖူးသည်။ ကမ္ဘာကြီးကို စူးစမ်းစ၊ သင်ယူစ လူငယ်တစ်ဦးအတွက် စဉ်းစားတွေးခေါ်စရာ၊ ချင့်ချိန်စရာ တစ်ခု ဖြစ်လာသည်။

## ကျောင်းသားလူငယ်များက စေ့စပ်ညှိနှိုင်းပေးနေရ

၁၉၈၈ ခုနှစ် မတ်လနောက်ပိုင်းကာလတွင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး၏ စာမျက်နှာ ၄၀ အိတ်ဖွင့်စာတမ်း ထွက်လာသည်။ မတ်လ အရေးအခင်းအပါအဝင် မြန်မာနိုင်ငံ၏ စီးပွားရေး အကျပ်အတည်းများ၊ ဖွံ့ဖြိုးမှုအနည်းဆုံး LDC နိုင်ငံအဖြစ် ရွှေ့လျောလာမှုများ ပါဝင်သည်။ လူငယ်ပီပီ မခံချင်ဖြစ်ရသည်။ မရှေးမနှောင်း ၁၉၈၈ ရှစ်လေးလုံး အရေးအခင်း ပေါ်ပေါက်လာသည်။ ကျောင်းသားလူငယ်များ ရှေ့ထွက်လာကြသည်။ လက်ဝဲလက်ယာ နိုင်ငံရေးသမားဟောင်းကြီးများကမူ ကြားဖြတ်အစိုးရအတွက် ညှိကြ၊ ငြင်းကြ၊ ခုံကြရင်း ကွဲကြ ပြဲကြပြန်သည်။ ကျောင်းသားလူငယ်များက စေ့စပ်ညှိနှိုင်းပေးနေရသည်။

ထိုသောအခါ ၈၈ အရေးအခင်းမတိုင်ခင်က ဖတ်ခဲ့ဖူးသည့်ဆရာကျော်မြသန်း၏ **"ကျွန်တော်လက်နက်ချ"** နိုင်ငံရေးအတ္ထုပ္ပတ္တိစာအုပ်ကို ကျွန်တော်အမှတ်ရသွားသည်။ ပြီးတော့ ဆရာကြီးသာခု၏ **"အတာ"**။ ငယ်စဉ်က စာတော်ခဲ့သော အတာ၊ စာညံ့သော အတန်းဖော်သူငယ်ချင်းကို စာပြပေးခဲ့သောအတာ၊ **"ကျွန်ပညာရေး-အလိုမရှိ"** ဟူသော ကြွေးကြော်မှုနှင့်အတူ ပညာတစ်ပိုင်းတစ်စနှင့်

*စာမျက်နှာ ၁၁ သို့*

**❍ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း သခင်အောင်ဆန်းအမည်ဖြင့် ရေးသားခဲ့သော "နိုင်ငံရေးအမျိုးမျိုး" ဆောင်းပါးတွင် "ကျွန်တော့်အယူအဆတွင်ကား နိုင်ငံရေးလောက ဓာတ်ကြောင်းအရ မြင်မှုထင်မှု ဟုတ်သည်ဟု ထင်၏။ အကျိုးရှိလျှင် အကြောင်းရှိရမည်။ အကြောင်းရှိလျှင် အကျိုးပေါ်ရမည်။ ဤကား လောကဓာတ်၏ အခြေခံတရားများဖြစ်၏။ သို့နိုင်ငံရေးတွင်လည်း အကြောင်းအကျိုးနှစ်ပါးကို အမှီပြု၍ တွေးမှု၊ ကြံမှု၊ လုပ်မှု၊ ကိုင်မှု၊ ပြောမှု၊ ဆိုမှုဖြစ်ပေမည်**

**❍ တိုင်းပြည်ကောင်းစားအောင် အပြောက လွယ်၏။ အလုပ်ကား ခက်၏။ မိမိကိုယ်ကို နာမည်ကြီးအောင် ကြွယ်ဝအောင် လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏" စသည်ဖြင့် ရေးသားခဲ့**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ အင်အား ၂၇၀၀ ကျော်ဖြင့် ကျောင်းနှင့် မြို့ရွာ သန့်ရှင်းရေးဆောင်ရွက်

**မုံရွာ မေ ၄**

မုံရွာမြို့နေပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် နေထိုင်သွားလာနိုင်စေရေးနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာဖြင့် ပညာသင်ကြားနိုင်ရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်စေရန် ကြိုတင်ပြင်ဆင်မှုအနေဖြင့် မေ ၄ ရက် နံနက်ပိုင်းက မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ ဂေါက်ကွင်းလမ်းနှင့် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် သန့်ရှင်းသာယာရေးတို့အတွက် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားမိဘများ စုပေါင်း၍ သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုးနှင့် အဖွဲ့ဝင်များ လိုက်လံကြည့်ရှုအားပေးသည်။ အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ရပ်ကွက်နေ ပြည်သူများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် ဆီကုန်သည်များအသင်းတို့မှ တန်ဖိုးသင့် စားသောက်ကုန်များ၊ ဟင်းသီးဟင်းရွက်များနှင့် စားသုံးဆီများအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ခရိုင် ၁၃ ခရိုင်၊ မြို့နယ် ၁၄ မြို့နယ်တို့တွင် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့များ စုစုပေါင်းအင်အား ၂၇၀၀ ကျော်ဖြင့် ကျောင်းများ ဥပဓိရုပ်ကောင်းမွန်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



*စာမျက်နှာ ၉ မှ*

၂၀၂၃ ခုနှစ်တွင် တိုင်းတာရရှိသောမှတ်တမ်းများအရ ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားစခန်းတွင် ရေနည်းကာလ၏ အနိမ့်ဆုံးရေထုထည်စီးနှုန်းသည် ၁၂၈၂ m³/sec ရှိပြီး မိုးရာသီကာလ၏ အများဆုံးရေထုထည်စီးနှုန်းအနေဖြင့် ၁၄၉၃၀ m³/sec ရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီမြစ်အလယ်ပိုင်း မကွေးစခန်းတွင် ရေနည်းကာလ၏ အနိမ့်ဆုံး ရေထုထည်စီးနှုန်းသည် ၁၂၃၉ m³/sec ရှိပြီး မိုးရာသီကာလ၏ အများဆုံးရေထုထည်စီးနှုန်းအနေဖြင့် ၃၈၀၈၀ m³/sec ရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီမြစ်အောက်ပိုင်း ပြည်စခန်းတွင် ရေနည်းကာလ၏ အနိမ့်ဆုံးရေထုထည်စီးနှုန်းသည် ၁၅၀၀ m³/sec ရှိပြီး မိုးရာသီကာလ၏ အများဆုံး ရေထုထည်စီးနှုန်းအနေဖြင့် ၃၉၃၈၀ m³/sec ရှိကြောင်း တွေ့ရှိရပါသည်။ ဧရာဝတီမြစ်အထက်ပိုင်း မြစ်ကြီးနားစခန်း၊ မြစ်အလယ်ပိုင်း မကွေးစခန်းနှင့် မြစ်အောက်ပိုင်း ပြည်စခန်းတို့တွင် လွန်ခဲ့သော ၁၀ နှစ်က တိုင်းတာရရှိသော နှစ်အလိုက် အနည်းဆုံး ရေထုထည်စီးနှုန်းနှင့် အများဆုံး ရေထုထည်စီးနှုန်းတို့ကို ပုံ (၃)၊ (၄)နှင့် (၅)တို့တွင် ပြသထားပါသည်။ အထက်ဖော်ပြပါ မိုးရေချိန်နှင့် ရေထုထည်စီးနှုန်း အခြေအနေများကို လေ့လာကြည့်ပါက မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများသည် မိုးရွာသွန်းမှု ပမာဏ နည်းပါးသော်လည်း မိုးရာသီကာလတွင် မြစ်ကြောင်းအတွင်း ရေရရှိမှုပမာဏသည် များပြားသည်ကို တွေ့ရှိရမည်ဖြစ်ပေသည်။

ရေနည်းကာလတွင် မြစ်ကြောင်းများအတွင်း ရေထုထည်စီးနှုန်းနည်းခြင်းသည် ရေကြောင်းသွားလာရေး၊ ရေပေးဝေရေးလုပ်ငန်းများ၊ ရေအားလျှပ်စစ်ထုတ်လုပ်ခြင်းလုပ်ငန်းများ၊ ရေနေသတ္တဝါများ၊ မြစ်ချောင်းများ၏ ဂေဟစနစ်များကို ထိခိုက်စေပြီး မုတ်သုံကာလရေထုထည် စီးနှုန်းများခြင်းသည် ရေကြီးခြင်းဘေးအန္တရာယ်များ၊ ဆည်များကျိုးခြင်းကြောင့် ပျက်စီးဆုံးရှုံးမှု ဘေးအန္တရာယ်များ၊ မြစ်ကမ်းပြိုခြင်းများ၊ မြစ်ချောင်းများ၏ ဂေဟစနစ်များကို ထိခိုက်ခြင်းများ ကြုံတွေ့ရစေနိုင်ပါသည်။ ယင်းရေကြီးရေလျှံမှု အန္တရာယ်များနှင့် ရေနည်းခြင်းများ မဖြစ်ပေါ်စေရန် ကဏ္ဍပေါင်းစုံမှ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ စီမံဆောင်ရွက်ခြင်းနှင့်အတူ ပြည်သူများက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပေသည်။ ထို့အပြင် လူဦးရေတိုးပွားမှုနှင့်အတူ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရေကို ပိုမိုလိုအပ်လာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့ကြောင့် ဖြစ်ပေါ်လာနိုင်သော ရေအရင်းအမြစ်များအပေါ် ဆိုးကျိုးသက်ရောက်မှုကြောင့် နွေကာလတွင် ရေရှားပါးခြင်း၊ မိုးကာလတွင် ရေကြီးရေလျှံခြင်းများ မဖြစ်ပေါ်စေရန် စီမံချက်ချမှတ် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရရှိသော ရေအရင်းအမြစ်များကို အပြည့်အဝအသုံးချနိုင်မည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေအားလျှပ်စစ်လုပ်ငန်းများ၊ ရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ၊ သောက်သုံးရေပေးရေးလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသည်များ အပန်းဖြေခြင်းဆိုင်ရာ လုပ်ငန်းများ၊ စက်ရုံလည်ပတ်ရာတွင် ရေအလုံအလောက်ရရှိရေးတို့တွင် များစွာအထောက်အကူပြုနိုင်မည်ဖြစ်၍ တိုင်းပြည်၏ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ စီမံကိန်းများ ဖွံ့ဖြိုးတိုးတက်အောင်မြင်မည်ဖြစ်ပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*




ပုံ (၃) ဧရာဝတီမြစ်အထက်ပိုင်းရှိ မြစ်ကြီးနားစခန်း၏ နှစ်အလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရေထုထည် စီးနှုန်း (၂၀၁၄-၂၀၂၃)




ပုံ (၄) ဧရာဝတီမြစ်အလယ်ပိုင်းရှိ မကွေးစခန်း၏ နှစ်အလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရေထုထည် စီးနှုန်း (၂၀၁၄-၂၀၂၃)




ပုံ (၅) ဧရာဝတီမြစ်အောက်ပိုင်းရှိ ပြည်စခန်း၏ နှစ်အလိုက် အနိမ့်ဆုံးနှင့် အမြင့်ဆုံး ရေထုထည်စီးနှုန်း (၂၀၁၄-၂၀၂၃)

*စာမျက်နှာ ၁၀ မှ*

ကျောင်းထွက်ပြီး နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်ခဲ့သောအတာ၊ ပါတီကခိုင်းသမျှ အောက်ခြေသိမ်း အလုပ်များကိုပင် ဂုဏ်ယူဝင့်ကြွားစွာ တက်တက်ကြွကြွလုပ်ဆောင်ခဲ့သူ အတာ။

သို့သော်၊ သို့သော် . . .

**အသစ်ရောက်ရှိလာသော ပါတီအထွေထွေ အတွင်းရေးမှူး မိတ်ဆက်ပွဲတွင် တွေ့လိုက်ရသူက ငယ်စဉ်က စာမရ၍ သူစာပြပေးခဲ့သူ ဘီအေဘွဲ့ရ သူ့သူငယ်ချင်းဖြစ်နေ၍ အတာ၏ နောင်တနှင့် ငိုကြွေးမှုများကို ပြန်လည်အမှတ်ရလာသည်။**

**ထို့အတူ ဖတ်ခဲ့ဖူးသော ဆရာသိန်းဖေမြင့်၏ ဝတ္ထုတိုတစ်ပုဒ်။ ကွန်မြူနစ်ဆက်သား တစ်ဦး၏ ဘဝကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆက်သားသည် ဗဟိုကော်မတီမှ ခေါင်းဆောင်ကြီးများ၏ လျှို့ဝှက်စာတစ်စောင်ကို မြို့ပေါ်သို့ ပေးပို့ဆက်သွယ်ရန် သွားခဲ့သည်။ လမ်းခုလတ်တွင် တပ်မတော် စစ်ကြောင်းနှင့်တိုးရင်း အသက်စွန့်လွှတ်သွားခဲ့ရသည်။ သူ့အသက်စွန့်ထမ်းဆောင်ခဲ့သည့် လျှို့ဝှက်စာထဲတွင် ခေါင်းဆောင်ကြီးများက သူတို့ဇနီးများအတွက် ဇာဘော်လီ၊ မျက်နှာချေ စသည့်မိန်းမ အသုံးအဆောင်ပစ္စည်းများ အမှာစာဖြစ်နေသည်ကို မသိဘဲ အသက်စွန့်သွားခဲ့ပုံကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။ သို့နှင့် ကျွန်တော့်စိတ်သည် စိတ်သွားတိုင်း ကိုယ်မပါတော့။ ခြေလှမ်းမကျွံမိ ရပ်တန့်သွားသည်။**

အဘယ်ကြောင့်ဆိုသော် နိုင်ငံရေးနယ်ပယ်သည် ကျယ်ဝန်းလှပေသည်။ သို့ကြောင့်ပင် ရှေးလူကြီးများက **“ပြည်ထဲအရေး ပေါက်နှင့်ကျေး၊ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ်”** စသည်ဖြင့် ဆိုကြသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း သခင်အောင်ဆန်းအမည်ဖြင့် ရေးသားခဲ့သော **“နိုင်ငံရေးအမျိုးမျိုး”** ဆောင်းပါးတွင် **“ကျွန်တော့်အယူအဆတွင်ကား နိုင်ငံရေးလောကဓာတ်ကြောင်းအရ မြင်မှုထင်မှု ဟုတ်သည် ဟုထင်၏။ အကျိုးရှိလျှင် အကြောင်းရှိရမည်။ အကြောင်းရှိလျှင် အကျိုးပေါ်ရမည်။ ဤကား လောကဓာတ်၏ အခြေခံတရားများဖြစ်၏။ သို့နိုင်ငံရေးတွင်လည်း အကြောင်းအကျိုးနှစ်ပါးကို အမှီပြု၍ တွေးမှု၊ ကြံမှု၊ လုပ်မှု၊ ကိုင်မှု၊ ပြောမှု၊ ဆိုမှုဖြစ်ပေမည်။ အောင်ပေမည်။ ဤကားကျွန်တော် ယူဆပုံဖြစ်၏။**

**တိုင်းပြည်ကောင်းစားအောင် အပြောက လွယ်၏။ အလုပ်ကားခက်၏။ မိမိကိုယ်ကို နာမည်ကြီးအောင်ကြွယ်ဝအောင်လုပ်တတ်သည်မှာ နိုင်ငံရေးမဟုတ်။ တိုင်းပြည်ကောင်းအောင် လုပ်တတ်မှ နိုင်ငံရေးဖြစ်၏”** စသည်ဖြင့် ရေးသားခဲ့ပေသည်။

ညဥ့်သည်သန်းခေါင်ယံကျော်၍ ပစ္ဆိမနောက်ဆုံးယံသို့ တရွေ့ရွေ့ကူးပြောင်းလာသည်။ ပတ်ဝန်းကျင်သည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ဖျတ်ခနဲဝင်ရောက်လာသော အတွေးတစ်ခုကြောင့် ဆရာကျော်မြသန်း၏ “ကျွန်တော်လက်နက်ချ”စာအုပ်မာတိကာကို ပြန်လှန်လိုက်သည်။ ၂၀၁၃ ခုနှစ် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေစဉ်က တန်ဖိုးကိုကျပ် ၄၂၀၀ ဟု ဖော်ပြထားသည်။

သို့သော် ကျွန်တော်အမှန်တကယ် တွေ့မြင်မိသည့် စာတစ်ပုဒ်၊ စာတစ်အုပ်၏ တန်ဖိုးမှာမူ စာဖတ်သူများ၏ ဘဝလမ်းကြောင်းကို မယိမ်းမယိုင်စေရန် “ဒါမလုပ်နဲ့၊ ဒါလုပ်” ဟူသည့် ရှောင်ရန်၊ ဆောင်ရန်များ၊ သတိပြုဆင်ခြင်စရာများ၊ မှတ်သားနာယူသင်ခန်းစာယူစရာများ၊ စံနမူနာ အတုယူစရာများသာဖြစ်ပါတော့သည်။ ။

မြန်မာ့အလင်း တနင်္ဂနွေ၊ မေ ၅၊ ၂၀၂၄

## မြန်မာစာ မြန်မာစကား

### သေတ်သံဖြင့် ဖတ်

မြန်မာစာကို နေ့တိုင်းရေးနေကြသည်။ မြန်မာစကားကို နေ့တိုင်းပြောနေကြသည်။ သို့သော် အမှတ်မဲ့သော်လည်းကောင်း၊ အမှတ်မှား၍သော်လည်းကောင်း၊ အမှား၊ အမှန် မကွဲပြား၍သော်လည်းကောင်း အသံထွက်ပုံထွက်နည်း မှားယွင်းကြသည်။ စာလုံးပေါင်းသတ်ပုံ၊ သဒ္ဒါအသုံးအနှုန်း၊ အထားအသို လွဲမှားနေတတ်သည်။ ထိုအမှားများထဲမှ မှားလေ့မှားထရှိသော အမှားများကို တိုတိုရှင်းရှင်းနှင့် လိုရင်းကို တင်ပြထားသည်။

ပါဠိဘာသာတွင် (ည)သည် (ဉ ကလေး)နှစ်လုံးဆင့်ထားခြင်းဖြစ်သည်။ ထို့ကြောင့် (ည)ရှေ့တွင်ရှိသော အက္ခရာတို့ကို (ဉ ကလေးသတ်)လျက် (သေတ်သံ)ဖြင့် ဖတ်ရသည်။

ကတညုတ =
(သူ့ကျေးဇူးကို သိတတ်ခြင်း)




**ကတညုတ** တွင် **တ** သည် **ည** ရှေ့၌ ရှိသည်။ **ည** သည် **ဉ ကလေး** နှစ်လုံးဆင့်ထားသော စကားလုံးဖြစ်သည်။ ထို့ကြောင့် **တ** ကို **ဉ ကလေး** သတ်လျက် **တင်** ဟု **သေတ်သံ** ဖြင့် အသံထွက်၍ **ကတညုတ** ကို **ကတင်ညုတာ့** ဟု ဖတ်ရသည်။




**ထိုနည်းတူ**

အညတရ =
**(အမျိုးအမည် မထင်ရှားသူ၊ သာမညလူ)**

အညမည =
**(အချင်းချင်း အပြန်အလှန်)**




(မြန်မာစာ မြန်မာစကားစာအုပ်မှ ကောက်နုတ်ဖော်ပြပါသည်။)

## မိုင်းဆတ်မြို့၌ ဂုဏ်ထူးဆောင် လူရည်ချွန်များအား ကြိုဆိုဂုဏ်ပြု



**မိုင်းဆတ် မေ ၄**

တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များနှင့် အတူ လေ့လာရေးခရီးစဉ်များ ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာသော ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့မှ လူရည်ချွန်ကျောင်းသား ကျောင်းသူ ခြောက်ဦးအား ကြိုဆိုဂုဏ်ပြုပွဲကို မေ ၃ ရက်က ကျင်းပသည်။

နိုင်ငံတော်အစိုးရက နိုင်ငံတစ်ဝန်းရှိ မျိုးဆက်သစ်လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးပြီး ဘက်စုံထူးချွန်သော လူရည်ချွန်များ ပေါ်ထွန်းလာစေရေး ရည်ရွယ်၍ လူရည်ချွန်မောင်မယ်များ ရွေးချယ်ချီးမြှောက်ပေးလျက်ရှိရာ မိုင်းဆတ်မြို့မှ လူရည်ချွန်များဖြစ်ကြသည့် အခြေခံပညာအထက်တန်း(မိုင်းဆတ်)မှ Grade-9/10/11/12 ကျောင်းသား ကျောင်းသူခြောက်ဦးတို့သည် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ လူရည်ချွန်မောင်မယ်များနှင့်အတူ လေ့လာရေးခရီးစဉ်များ ပြီးဆုံး၍ ပြန်လည်ရောက်ရှိလာရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ အခြေခံပညာ အထက်တန်း(မိုင်းဆတ်) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ဂုဏ်ပြုပန်းကုံးများဖြင့် ကြိုဆိုခဲ့ကြခြင်းဖြစ်သည်။

ယင်းနောက် ဂုဏ်ပြုပွဲကို အခြေခံပညာအထက်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ အမှတ်(၁၄) စစ်ဆင်ရေးကွပ်ကဲရေးဌာနချုပ် ယာယီနည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး ဝင်းကျော်သန့်နှင့် တပ်ရင်းတပ်ဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြပြီး တာဝန်ရှိသူများက လူရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ကာ လူရည်ချွန် မောင်/မယ်များက လူရည်ချွန်ခရီးစဉ်အတွေ့ အကြုံများကို ပြန်လည်တင်ပြခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်ပန်းတောင်းမြို့နယ်၌ မိုးရွာသွန်း၍ မြေအစိုဓာတ်ရသဖြင့် လယ်ယာလုပ်ငန်းခွင်စတင်

**ကျောက်ပန်းတောင်း မေ ၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ဧပြီ ၂၉ ရက်က မိုးတစ်ကြိမ်ရွာသွန်း၍ မေ ၂ ရက်တွင် မိုးတစ်ကြိမ် ထပ်မံရွာသွန်းခဲ့ရာ စိုက်ပျိုးနိုင်သည့် မြေအစိုဓာတ်ရရှိသဖြင့် ယခုအခါတောင်သူများလယ်ယာလုပ်ငန်းခွင်သို့ ဝင်ရောက်နေကြပြီဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် မြို့ပေါ်နှင့်ကျေးရွာအချို့တွင် ဧပြီ ၂၉ ရက်ညနေပိုင်းက မိုးရွာသွန်းခဲ့ရာ မိုးရေချိန် ၀ ဒသမ ၂ လက်မ ရရှိခဲ့ကြောင်းနှင့် မေ ၂ ရက်တွင် ရွာသွန်းသောမိုးမှာ မိုးရေချိန် ၀ ဒသမ ၇၆ လက်မ ရရှိခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှသိရပြီး အဆိုပါ မိုးနှစ်ကြိမ်ရွာသွန်းမှုကြောင့် စိုက်ပျိုးနိုင်လောက်သည့် မြေအစိုဓာတ်ရရှိသဖြင့် တောင်သူများ မြေပဲ၊ နှမ်း သီးနှံများ စတင်စိုက်ပျိုးနေကြခြင်းဖြစ်ကြောင်း သိရသည်။

မိုးဦးကျ စိုက်ပျိုးရာသီကာလတွင် မျိုးမြေပဲ၊ မျိုးနှမ်းဈေးများမှာ ဈေးနှုန်းမြင့်တက်နေပြီး ထွန်ရှည်းမရှိသူများနှင့် ထွန်ရှည်း မလုံလောက်သူများမှာ ထွန်ရှည်းငှားရမ်းခ တစ်မနက်ကျပ် ၁၅၀၀၀ ပေး၍ ငှားရမ်းရပြီး ထွန်စက်ငှားရမ်းခ မှာ တစ်နာရီလျှင် ကျပ် ၄၀၀၀၀ ပေးရကြောင်း သိရသည်။ ယခုအခါ လက်ရှိ မြေအစိုဓာတ်ဖြင့် နှမ်းကြဲကြသည့် တောင်သူများရှိသလို မြေပဲကြဲကြသည့် တောင်သူများလည်း ရှိကြပြီး အချို့ မြေပဲစိုက်တောင်သူများမှာ နောက်မိုးအခြေအနေကို လေ့လာ၍ ရာနှုန်းပြည့် ကြဲသင့် မကြဲသင့် ချင့်ချိန်ဆောင်ရွက်နေရကြောင်း တောင်သူတစ်ဦးက ပြောသည်။ ယခုအခါ မြေအစိုဓာတ်ကောင်းချိန်တွင် သူ့ထက်ငါ စိုက်ပျိုးနေကြသဖြင့် လက်လုပ်လိုက်စားသည့် တောင်သူများလည်း တစ်မနက်လျှင် လုပ်အားခ ကျပ် ၃၀၀၀ နှုန်းရရှိနေကြကြောင်း သိရသည်။



**နေအောင်**
**(ပြန်/ဆက်)**

**သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။ သွားတိုက်လျှင် ရေဖန်ခွက်အမြဲသုံးပါ။**

## ရတနာပုံတက္ကသိုလ်၌ စီမံဝန်ထမ်းများအား အရည်အသွေးမြှင့် မွမ်းမံသင်တန်းများ ပို့ချ

**မန္တလေး မေ ၄**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရတနာပုံတက္ကသိုလ်မှ စီမံရေးရာဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားလာစေရန်အတွက် မြန်မာစာ(ရုံးစာရေးသားနည်း)၊ လုပ်ငန်းသုံးအင်္ဂလိပ်စာဘာသာရပ် (အရေး၊ အဖတ်၊ အပြော၊အကြား)နှင့် ကွန်ပျူတာနည်းပညာရပ်များဆိုင်ရာ အရည်အသွေးမြှင့် မွမ်းမံသင်တန်းများကို မေ ၃ ရက်မှ စတင်ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာက မွမ်းမံသင်တန်းများပို့ချရခြင်း၏ ရည်ရွယ်ချက်၊ တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ တက္ကသိုလ်တွင် သင်ကြားပို့ချနေသည့် ဘာသာရပ်များ၊ စီမံဌာနများ၊ တက္ကသိုလ်စာကြည့်တိုက်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ Vision, Mission တို့ကို ရှင်းလင်းပြောကြားပြီးနောက် ဝန်ထမ်းများလိုက်နာရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ တာဝန်နှင့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများ၊ အလုပ်ချိန်နှင့် ခွင့်စည်းကမ်းဆိုင်ရာများ၊ သင်ကြားရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုဝန်ဆောင်မှုလုပ်ငန်းများ စသည့်အကြောင်းအရာများကို ပါဝါပွိုင့်ဖြင့် ဆွေးနွေးရှင်းလင်းပို့ချခဲ့သည်။

အဆိုပါ မြန်မာစာ(ရုံးစာရေးသားနည်း)၊ လုပ်ငန်းသုံးအင်္ဂလိပ်စာဘာသာရပ် (အရေး၊အဖတ်၊ အပြော၊အကြား)နှင့် ကွန်ပျူတာနည်းပညာများကို မြန်မာစာဌာန၊ အင်္ဂလိပ်စာဌာန၊ ကွန်ပျူတာသိပ္ပံပညာဌာနများတွင် မေ ၃၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ စီမံရေးရာဝန်ထမ်း ၄၆ ဦး တက်ရောက်ကြောင်း သိရသည်။**တင်မောင်(မန္တလေး)**

## အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲအတွက် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ အီဂျစ်သို့ရောက်ရှိ

**ကိုင်ရို မေ ၄**

ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံများ လွှတ်မြောက်ရေး ဆွေးနွေးရန် ဟားမားစ်ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ မေ ၄ ရက်က ကိုင်ရိုမြို့သို့ ရောက်ရှိကြကြောင်း အီဂျစ်မီဒီယာများက ဖော်ပြသည်။

ဟားမားစ်ကိုယ်စားလှယ်များသည် အီဂျစ်မြို့တော်သို့ အပြုသဘော ဆောင်သော ရည်ရွယ်ချက်ဖြင့် သွားရောက်ပြီး ပါလက်စတိုင်းတို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နည်းလမ်းနှင့် သဘောတူညီချက်တစ်ခုကို ရယူနိုင်ရေး ဆုံးဖြတ်ထားကြောင်း ဟားမားစ်အဖွဲ့က မေ ၃ ရက်တွင် ကြေညာချက်ထုတ်ပြန်ခဲ့သည်။

အီဂျစ်နှင့် စေ့စပ်ညှိနှိုင်းမှုများကို ကြားဝင်ဆောင်ရွက်ပေးသည့် ကာတာမှ ကိုယ်စားလှယ်အဖွဲ့သည် ဆွေးနွေးပွဲတွင်ပါဝင်ရန် ကိုင်ရိုမြို့သို့ သွားရောက်ခဲ့ကြောင်း အယ်လ်ဂျာဇီးယားသတင်းဌာနတွင် ဖော်ပြသည်။

အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အတွက် ကြိုးပမ်းမှုများ အကြား အစ္စရေးတပ်ဖွဲ့များသည် ဂါဇာကမ်းမြောင်ဒေသတွင် ဆက်လက်ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိသည်။ အစ္စရေးသည် နယ်မြေဒေသအနှံ့ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး လူဒါဇင်ပေါင်းများစွာသေဆုံးကာ ဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံမီဒီယာက မေ ၄ ရက်တွင် ဖော်ပြသည်။

**အင်န်အိတ်ချ်ကေ**



ဟားမားစ်ကိုယ်စားလှယ်အဖွဲ့ အကြီးတန်းအရာရှိ ခါလီအယ်လ် ဟေးရာ။

## အရေးပေါ်အခြေအနေအတွက် ရန်ပုံငွေထောက်ပံ့မှု ဌာနသစ် ASEAN+ 3 နိုင်ငံများ ထူထောင်မည်

**တီဘလီစီ မေ ၄**

ဂျပန်၊ တရုတ်၊ တောင်ကိုရီးယားနှင့် အရှေ့တောင်အာရှနိုင်ငံများ အသင်း (ASEAN) တို့မှ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ် အကြီးအကဲတို့သည် သဘာဝ ဘေးအန္တရာယ် သို့မဟုတ် ကပ်ရောဂါကဲ့သို့သော အရေးပေါ် အခြေအနေများတွင် အချင်းချင်း အလျဉ်မီ ပံ့ပိုးပေးနိုင်ရေးအတွက် ဌာနသစ်တစ်ခု ထူထောင်ရန် သဘောတူလိုက်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်ဘဏ္ဍာရေး ဝန်ကြီး ဆူဇူကီးရှူနိချီနှင့် ဂျပန်ဘဏ် ဒုတိယအကြီးအကဲ ဟိမိနိုရှိုင်ဇို အပါအဝင် တက်ရောက်သူများသည် မေ ၃ ရက်တွင် ဂျော်ဂျီယာနိုင်ငံ တီဘလီစီမြို့၌ တွေ့ဆုံခဲ့ကြသည်။ ၁၉၉၇ ခုနှစ် အာဆီယံ ဘဏ္ဍာရေး အကျပ်အတည်းတွင် ထူထောင်ခဲ့သော Chiang Mai initiative အောက်၌ ဌာနသစ်ကို ထူထောင်ရန် ကိုယ်စားလှယ်များက သဘောတူခဲ့ကြခြင်း ဖြစ်သည်။




အသေးစိတ် အချက်အလက်များကို ၂၀၂၅ ခုနှစ်မတိုင်မီ ရေးဆွဲသွားမည်ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။ နိုင်ငံခြားငွေကြေး လဲလှယ်နှုန်း ဈေးကွက်မြင့်တက်လာခြင်းကဲ့သို့သော အန္တရာယ်များက မကြာမီတွင် ASEAN+ 3 နိုင်ငံများကို ထိခိုက်စေနိုင်ကြောင်း တွေ့ဆုံဆွေးနွေးမှုအပြီး ပူးတွဲကြေညာချက်တွင် ဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**

## ကင်ညာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် သေဆုံးသူ ၂၁၉ ဦးအထိ မြင့်တက်လာ

**နိုင်ရိုဘီ မေ ၄**

ကင်ညာနိုင်ငံတစ်ဝန်း မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုလျော့ပါးရေးအစီအမံများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း အာဏာပိုင်များက မေ ၄ ရက်တွင် ပြောသည်။

မတ်လကတည်းက မိုးသည်းထန်စွာရွာသွန်းမှုမှ ဖြစ်ပေါ်လာသော ရေကြီးရေလျှံမှုများနှင့် မြေပြိုကျမှုများကြောင့် သေဆုံးသူအရေအတွက်မှာ ၂၁၉ ဦးအထိ မြင့်တက်လာကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောသည်။ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူပေါင်း ၂၀၆၂၄၀ နီးပါး အိုးအိမ်စွန့်ခွာခဲ့ရကြောင်း၊ အစိုးရက ဒေသ ၁၉ ခုတွင် ကယ်ဆယ်ရေးစခန်း ၁၁၅ ခု ဖွင့်လှစ်လျက်ရှိပြီး လတ်တလောတွင် လူပေါင်း ၂၇၈၅၆ ဦး ခိုလှုံလျက်ရှိကြောင်း သိရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ဟီဒါယာဝင်ရောက်လာမှုကြောင့် ဆက်လက်၍ မိုးသည်းထန်စွာရွာသွန်းမှု ဖြစ်ပေါ်နိုင်ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့က မေ ၃ ရက်တွင် သတိပေးထားသည်။ ကင်ညာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကြောင့် မွေးမြူရေးတိရစ္ဆာန် ၈၅၆၅ ကောင်၊ သီးနှံစိုက်ခင်း ၃၆၃၄၄ ဧကနှင့် လမ်း ၄၆ ခု ထိခိုက်ပျက်စီးကြောင်း၊ ထို့ပြင် ကြာသပတေးနေ့အထိ အသေးစားစီးပွားရေးလုပ်ငန်း ၆၀၆ ခု၊ စာသင်ကျောင်း ၃၉ ကျောင်းနှင့် ကျန်းမာရေးအဆောက်အအုံ ၁၃ ခုလည်း ထိခိုက်ပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း ကင်ညာကြက်ခြေနီအသင်းက ပြောသည်။

**ဆင်ဟွာ**



## အင်ဒိုနီးရှားနိုင်ငံ၌ ရှူအန်မီးတောင် ပေါက်ကွဲ၊ လူပေါင်းသောင်းချီ ဘေးလွတ်ရာရွှေ့ပြောင်း

**ဂျကာတာ မေ ၄**

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်း၏ မြောက်ဘက်ခြမ်းရှိ ရှူအန်မီးတောင်ဧပြီလအတွင်းက ပြင်းထန်စွာ ပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပေါ်ခဲ့ပြီးနောက် လူထောင်ပေါင်း များစွာကို ဘေးလွတ်ရာ ရွှေ့ပြောင်းပေးခဲ့ရသည်။

မီးတောင် ပေါက်ကွဲမှုများ ဆက်တိုက် ဖြစ်ပွားခဲ့မှုကြောင့် လူပေါင်း ၁၂၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် နိုင်ငံ၏ သဘာဝဘေးအန္တရာယ်လျော့ပါးရေးအေဂျင်စီ (ဘီအင်န်ပီဘီ) က အင်တိုက်အားတိုက်ဖြင့် ဆောင်ရွက်ခဲ့သည်။ ရှူအန်မီးတောင် ပေါက်ကွဲမှုကြောင့် ယင်း၏အရှေ့ဘက်ရှိ တာဂူလန်ဒန်ကျွန်းတွင် လူပေါင်း ၃၀၀၀ ကျော်ကို ရေတပ်သင်္ဘောများ၊ အရပ်ဘက်သင်္ဘောများနှင့် ရဟတ်ယာဉ် တစ်စင်းတို့ဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ဘီအင်န်ပီဘီအကြီးအကဲ ဆူဟာယန်တိုက နိုင်ငံပိုင်သတင်းဌာန အန်တာရာသို့ မေ ၃ ရက်က ပြောကြားသည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဆူနာမီ သတိပေးချက်များ ထုတ်ပြန်ထားသောကြောင့် တာဂူလန်ဒန်ကျွန်းရှိဒေသခံအားလုံးကို ဘေးလွတ်ရာသို့ သုံးရက်အတွင်း ဆက်လက်ရွှေ့ပြောင်းနိုင်မည်ဟု ၎င်းက မျှော်လင့်ထားသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၇၂၅ မီတာအမြင့်ရှိ ရှူအန်မီးတောင်၏ အန္တရာယ်ရှိသော အဆင့်သည် နိုင်ငံ၏အမြင့်ဆုံး အဆင့်ဖြစ်သည့် အဆင့်(၄)သို့ ထပ်မံတိုးမြင့်လာခဲ့ပြီး တာဂူလန်ဒန်ကျွန်းရှိ လူများကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းရန် အကြံပြုထားသည်။ ပြည်နယ်မြို့တော် မာနာဒိုမှ ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ ရှူအန်မီးတောင်သည် ဧပြီ ၁၆ ရက်တွင် မီးတောင်လှုပ်ရှားမှုများ တိုးလာပြီးနောက် ဆက်တိုက် ပေါက်ကွဲခဲ့သည်။ ရက်အနည်းငယ် ခေတ္တရပ်နားပြီးနောက် ဧပြီ ၃၀ ရက်တွင် မီးတောင်ပေါက်ကွဲမှု ထပ်မံဖြစ်ပွားခဲ့သည်။

မီးတောင်ပေါက်ကွဲမှုကြောင့် ဘေးအန္တရာယ် ကျရောက်သည့် ဒေသများရှိ စာသင်ကျောင်းများနှင့် ပြည်နယ်လေဆိပ်များ အပါအဝင် အများပြည်သူဆိုင်ရာ အဆောက်အအုံများကို ပိတ်ထားခဲ့ရသည်။ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့၏ ထုတ်ပြန်ချက်အရ သဘာဝ ဘေးအန္တရာယ်ဖြစ်စဉ်များကြောင့် လူပေါင်း ၂၁၀၀၀ ခန့် ထိခိုက်ခဲ့ပြီး အိမ်ခြေ ၄၅၀၀ ထက် မနည်း ပျက်စီးခဲ့သည်။ **ဆင်ဟွာ**




အင်ဒိုနီးရှားရေတပ်သင်္ဘောဖြင့် တာဂူလန်ဒန်ကျွန်းသို့ ဒုက္ခသည်အများအပြားကို ပို့ဆောင်ပေးစဉ်။

## အိန္ဒိယ၌ ယာဉ်မတော်တဆမှုကြောင့် ငါးဦး သေဆုံး

**နယူးဒေလီ မေ ၄**

အိန္ဒိယနိုင်ငံ မြောက်ပိုင်း၌ မေ ၄ ရက်က ဖြစ်ပွားသည့် ယာဉ်မတော်တဆမှု တစ်ခုကြောင့် အသက် ၂၀ မှ ၂၂ နှစ်အကြား အမျိုးသမီးတစ်ဦး အပါအဝင် တက္ကသိုလ်ကျောင်းသား ငါးဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ ရဲအရာရှိတစ်ဦးက ပြောကြားသည်။

ယာဉ်မတော်တဆမှု ဖြစ်စဉ်မှာ ဥတ္တရာခန်ပြည်နယ် မြောက်ပိုင်းတွင် ဒေသစံတော်ချိန် နံနက် ၅ နာရီခန့်က ကျောင်းသားများကို တင်ဆောင်လာသော ကားတစ်စီး လမ်းချော်ပြီး ချောက်နက်အတွင်း ထိုးကျခဲ့ခြင်းဖြစ်သည်။ ယာဉ်မတော်တဆမှုကြောင့် ပြင်းထန်စွာ ဒဏ်ရာရရှိသည့် ကျောင်းသူ အမျိုးသမီး တစ်ဦးကိုလည်း နယ်မြေခံဆေးရုံသို့ တင်ပို့ထားကြောင်း သိရသည်။

ဒေသခံရွာသားများ၏ အကူအညီတောင်းခံမှုကြောင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိပြီး ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

**ဆင်ဟွာ**

# ၂၀၂၄ ခုနှစ် အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာရပ် လာရောက်ဖြေဆိုသူ ၂၄၀ နှင့် သမိုင်းဘာသာရပ် လာရောက်ဖြေဆိုသူ ၃၇ ဦးရှိ

**နေပြည်တော်  မေ  ၄**

နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ကျင်းပပြီးစီးခဲ့သည့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုရန် မှတ်ပုံတင်ထားပြီး ဖြစ်သော်လည်း လုံခြုံရေးအခြေအနေအရ စာမေးပွဲဖြေဆိုခွင့်မရခဲ့ကြသည့် ဒေသအချို့ရှိ ကျောင်းသား ကျောင်းသူများကို အထူးအစီအစဉ် တစ်ရပ်အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ပံ့ပိုးကူညီပေးမှုနှင့်အတူ သတ်မှတ်ထားသည့် အခြေခံပညာကျောင်းများရှိ စာစစ်ဌာနများသို့ ကျောင်းသား ကျောင်းသူများကို စုစည်းခေါ်ယူ၍ စာမေးပွဲဖြေဆိုစေလျက်ရှိသည်။

အဆိုပါ အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့တွင် ရူပဗေဒဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၄၄၂ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၂၄၀ ရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၅၄ ဒသမ ၃၀ ရာခိုင်နှုန်းနှင့် သမိုင်းဘာသာရပ်၌ ဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၉၃ ဦးရှိပြီး လာရောက်ဖြေဆိုသူ စုစုပေါင်း ၃၇ ဦးရှိသဖြင့် ရာခိုင်နှုန်းအားဖြင့် ၃၉ ဒသမ ၇၈ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၄ ခုနှစ် အထူးအစီစဉ်ဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ဘာသာရပ်-ရူပဗေဒ

ရက်စွဲ၊ ၄ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၄ | ၁ | ၅ | ၀ | ၁ | ၁ | ၄ | ၀ | ၄ | ၂၀.၀၀ % |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၈ | ၂၁ | ၂၉ | ၇ | ၁၇ | ၂၄ | ၁ | ၄ | ၅ | ၈၂.၇၆% |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၂ | ၄ | ၆ | ၂ | ၂ | ၄ | ၀ | ၂ | ၂ | ၆၆.၆၇% |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ၁ | ၁ | ၁ | - | ၃ | ၃ | ၀ | ၃ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၃ | ၃ | ၃ | ၁၆ | ၂၇ | ၄၃ | ၁၀ | ၁၈ | ၂၈ | ၆ | ၉ | ၁၅ | ၆၅.၁၂% |
| ၁၁ | နေပြည်တော် | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၁၂ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၃ | ရခိုင် | ၁ | ၁ | ၁ | ၁၀၉ | ၁၈၄ | ၂၉၃ | ၄၂ | ၈၀ | ၁၂၂ | ၆၇ | ၁၀၄ | ၁၇၁ | ၄၁.၆၄% |
| ၁၄ | ရန်ကုန် | ၁ | ၁ | ၁ | ၃ | ၄ | ၇ | ၃ | ၄ | ၇ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၁၅ | ရှမ်း(တောင်) | ၁ | ၁ | ၁ | ၁ | ၄ | ၅ | ၁ | ၄ | ၅ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၁၆ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁၅ | ၃၃ | ၄၈ | ၁၂ | ၃၁ | ၄၃ | ၃ | ၂ | ၅ | ၈၉.၅၈% |
| ၁၇ | ရှမ်း(အရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၈ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၉ | နိုင်ငံခြား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| | စုစုပေါင်း | ၁၂ | ၁၂ | ၁၂ | ၁၅၉ | ၂၈၃ | ၄၄၂ | ၇၈ | ၁၆၂ | ၂၄၀ | ၈၁ | ၁၂၁ | ၂၀၂ | ၅၄.၃၀% |

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ၂၀၂၄ ခုနှစ် အထူးအစီစဉ်ဖြင့် ကျင်းပသည့် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေ့စဉ်ဖြေဆိုမှုအခြေပြဇယား

ဘာသာရပ်-သမိုင်း

ရက်စွဲ၊ ၄ - ၅ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင် အရေအတွက် | မြို့နယ် အရေအတွက် | စာစစ်ဌာန အရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့် ရာခိုင်နှုန်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | |
| ၁ | ကချင် | ၁ | ၁ | ၁ | ၀ | ၂ | ၂ | ၀ | ၂ | ၂ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၂ | ကယား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၃ | ကရင် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၄ | ချင်း | ၁ | ၁ | ၁ | ၁၀ | ၁၁ | ၂၀ | ၃ | ၇ | ၁၀ | ၇ | ၃ | ၁၀ | ၅၀.၀၀% |
| ၅ | စစ်ကိုင်း | ၁ | ၁ | ၁ | ၄ | ၃ | ၇ | ၁ | ၀ | ၁ | ၃ | ၃ | ၆ | ၁၄.၂၉% |
| ၆ | တနင်္သာရီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၇ | ပဲခူး(ရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၈ | ပဲခူး(နောက်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၉ | မကွေး | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၀ | မန္တလေး | ၁ | ၁ | ၁ | ၁၁ | ၁၀ | ၂၁ | ၇ | ၆ | ၁၃ | ၄ | ၄ | ၈ | ၆၁.၉၀% |
| ၁၁ | နေပြည်တော် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၂ | မွန် | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၃ | ရခိုင် | ၁ | ၁ | ၁ | ၁၉ | ၂၀ | ၃၉ | ၄ | ၃ | ၇ | ၁၅ | ၁၇ | ၃၂ | ၁၇.၉၅% |
| ၁၄ | ရန်ကုန် | ၁ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၁ | ၁ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၁၅ | ရှမ်း(တောင်) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၆ | ရှမ်း(မြောက်) | ၁ | ၁ | ၁ | ၁ | ၂ | ၃ | ၁ | ၂ | ၃ | ၀ | ၀ | ၀ | ၁၀၀.၀၀% |
| ၁၇ | ရှမ်း(အရှေ့) | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၈ | ဧရာဝတီ | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| ၁၉ | နိုင်ငံခြား | ဖြေဆိုသူမရှိပါ။ | | | | | | | | | | | | |
| | စုစုပေါင်း | ၇ | ၇ | ၇ | ၄၅ | ၄၈ | ၉၃ | ၁၆ | ၂၁ | ၃၇ | ၂၉ | ၂၇ | ၅၆ | ၃၉.၇၈% |

# AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် စာသင်ကျောင်းအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ

**နေပြည်တော် မေ ၄**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ အမှတ် (၁) ရပ်ကွက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့ပြီး အသက် တစ်နှစ်ခွဲ၊ အသက် သုံးနှစ်နှင့် အသက် ငါးနှစ်အရွယ်ကလေးငယ်များအပါအဝင် ဒေသခံပြည်သူ ၁၅ ဦး ဗုံးစထိမှန် ဒဏ်ရာများရရှိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့ နံနက် ၁ နာရီခန့်တွင် ဘူးသီးတောင်မြို့၏တောင်ဘက် မီတာ ၄၀၀၀ ခန့်အကွာရှိ ဘဂုံးနားတောင်ရွာဘက်မှနေ၍ လက်နက်ကြီးများဖြင့် လူနေရပ်ကွက်များအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့မှုကြောင့် ဘူးသီးတောင်မြို့ အမှတ် (၁) ရပ်ကွက်အတွင်းရှိ ယာယီနေရပ်စွန့်ခွာနေသူများ နေထိုင်သည့် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးကျည် နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့သည်။

ယင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း အေးချမ်းစွာနေထိုင်လျက်ရှိသော ယာယီနေရပ်စွန့်ခွာ ဒေသခံပြည်သူနှစ်ဦး သေဆုံးခဲ့ပြီးအသက်တစ်နှစ်ခွဲ၊ အသက်သုံးနှစ်နှင့် အသက်ငါးနှစ်အရွယ် ကလေးငယ်လေးဦးအပါအဝင် ဒေသခံပြည်သူ ၁၅ ဦး ဗုံးစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ဒဏ်ရာရရှိသူများအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက ဘူးသီးတောင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံသို့ အရေးပေါ်ပို့ဆောင်၍ လိုအပ်သည့် ဆေးကုသမှုခံယူစေလျက်ရှိသည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း ဒေသခံပြည်သူများ အေးချမ်းစွာနေထိုင်နေမှုနှင့် လူမှုစီးပွားဘဝပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် လူနေရပ်ကွက်/ကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့မှုအနေဖြင့် ယခုအကြိမ်အပါအဝင် စုစုပေါင်း ၁၃ ကြိမ် ရှိခဲ့ပြီး ယင်းသို့ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ ဒေသခံပြည်သူ ၅၇ ဦး သေဆုံးခဲ့ကာ ၁၀၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများ ဖော်ဆောင်ခြင်းများ လုပ်ဆောင်လျက်ရှိပြီး ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လျက်ရှိရာ ၎င်းတို့၏ လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသည့် လုပ်ရပ်များဖြစ်သဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် အမှတ်(၁)ရပ်ကွက်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်းသို့ လက်နက်ကြီးကျရောက်ပေါက်ကွဲခဲ့သည့် နေရာပြပုံ။








ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့် ဘူးသီးတောင်မြို့အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သည့်လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံတွင် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးစဉ်။





# ပေါင်မြို့နယ်၌ လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနား ပြုလုပ်

**ပေါင် မေ ၄**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက (အ.ထ.က) ပေါင် ရွှေရတုခန်းမ၌ ပြုလုပ်သည်။



ဦးစွာ မုကျိုတိုက်ကျောင်း ဆရာတော် ဘဒ္ဒန္တ ထေရဓမ္မက ဂုဏ်ပြုဩဝါဒစကား ချီးမြှင့်၍ လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထင်လင်းအောင်က လူရည်ချွန်မောင်မယ်များအနေဖြင့် နိုင်ငံတော်အတွက်ဟူသည့် ခံယူချက်ဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အားထားရသည့် ထာဝရ လူရည်ချွန်များဖြစ်အောင် အစဉ်အမြဲ ကြိုးပမ်းအားထုတ်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲများအနေဖြင့်လည်း လူရည်ချွန်မောင်မယ်များကို နိုင်ငံ၏ အနာဂတ်အတွက် ဦးဆောင်နိုင်သည့်ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့်စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့်ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဒေါ်စန်းစန်းအေးက လူရည်ချွန်မောင်မယ်များအား ကျေးဇူးတင်စကားပြောကြားပြီး နှစ်ထပ်ကွမ်း လူရည်ချွန် မောင်ငွေသိန်းက လေ့လာရေးခရီးစဉ်အမှတ်တရကိုလည်းကောင်း၊ လူရည်ချွန်ဟောင်း ဆရာမကြီး ဒေါ်ရင့်ဝါက ဂုဏ်ပြုစကားကိုလည်းကောင်းပြောကြား၍ တက်ရောက်လာသူများက လူရည်ချွန် မောင်မယ်များအား ဂုဏ်ပြုဆုများ ပေးအပ်သည်။

၂၀၂၃ – ၂၀၂၄ ခုနှစ်ပညာသင်နှစ်အတွက် လူရည်ချွန်ရွေးချယ်ခြင်း ခံရသည့် ပေါင်မြို့နယ်ကိုယ်စားပြု (အ.ထ.က) ပေါင်ကျောင်းမှ Grade–12 မောင်ညီညီရဲနိုင်၊ အထက (ဇင်းကျိုက်) မှ Grade–11 မောင်ထူးပြည့်စုံအောင်၊ (အ.ထ.က)ပေါင်ကျောင်းမှ Grade–10 မချောရတနာခစံ၊ (အ.ထ.က) ပေါင် ကျောင်းမှ Grade – 10 မောင်ငွေသိန်းနှင့် (အ.ထ.က) ပေါင်ကျောင်းမှ Grade–9 မောင်ဝင်းထွန်းကျော်တို့ဖြစ်ကြောင်း သိရသည်။ **မွန်မလေး(ပြန်/ဆက်)**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# ယူအေဘီဘဏ်ကြက်တောင်ဂျူနီယာချန်ပီယံရှစ် အမျိုးသား၊ အမျိုးသမီးကြက်တောင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် မေ ၄**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ UAB Bank Badminton Junior Championship 2024 ကြက်တောင်ရိုက်ဗိုလ်လုပွဲပြိုင်ပွဲများကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမျိုးသားကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မင်းသန်း၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်၊ UAB Bank မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင်ပရိသတ်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အဆိုပါဗိုလ်လုပွဲပြိုင်ပွဲတွင် အသက်(၉)နှစ်အောက်၊ (၁၁)နှစ်အောက်၊ (၁၃)နှစ်အောက်၊ (၁၅)နှစ်အောက်၊ (၁၇)နှစ်အောက်၊ အသက်(၁၉)နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ၊ အသက် (၁၅)နှစ်အောက်၊ အသက်(၁၇)နှစ်အောက်၊ အသက်(၁၉) နှစ်အောက် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲများ ယှဉ်ပြိုင်ကစားပြီး ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယရရှိကြသော အားကစားသမားများအား တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ပိုင်နှင့် UAB Bank မှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အသက် (၁၉) နှစ်အောက် အမျိုးသားနှစ်ယောက်၊ အမျိုးသမီးနှစ်ယောက်တွဲတွင် ပထမ၊ ဒုတိယနှင့် ပူးတွဲတတိယရရှိကြသော အားကစား




သမားများအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ယင်းပြိုင်ပွဲကို မေ ၁ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့ပြီး ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ကလပ်စုစုပေါင်း ၂၇ ခုမှ အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**အာကာစိုး**

---

*❊ ကျောဖုံးမှ*

ယာဉ်မောင်းများအား အမှန်တကယ်ကျွမ်းကျင်စွာမောင်းနိုင်မှ ယာဉ်မောင်းလိုင်စင်ထုတ်ပေးရန်၊ တိုင်းဒေသကြီးအတွင်း ပြင်ပမြို့နယ်များရှိ ဆိုင်ကယ်များ၊ သုံးဘီးဆိုင်ကယ်များ ပညာပေးကာလကျော်လွန်လာပြီဖြစ်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စနစ်တကျရှိစေရေး ဆောင်ရွက်ရန်၊ လူကူးခုံးကျော်တံတားများကို အသုံးပြုရေးအသိပညာပေးခြင်း ဆောင်ရွက်ရန်၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးနှင့် လူသေပျောက်မှုမရှိရေး ဝိုင်းဝန်းစဉ်းစားပြီး ဆောင်ရွက်ကြရန် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့ကြောင်း သိရသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းထွဋ်က ပြီးခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဖတ်ကြားတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေး**

ယင်းနောက် စီမံခန့်ခွဲရေးဆပ်ကော်မတီ၊ ပညာပေးရေးနှင့် စစ်ဆေးအရေးယူရေးဆပ်ကော်မတီ၊ သုတေသနပြုရေးနှင့် ကျန်းမာရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီတို့၏ဥက္ကဋ္ဌများက ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် လုပ်ငန်းကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

---

## မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ် ရေလှူဒါန်း

**ညောင်ဦး မေ ၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မီးသတ်ဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ နယ်မြေမီးသတ်စခန်းများမှ မီးသတ်တပ်ဖွဲ့ဝင်များက (၇၈)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်အဖြစ် ယနေ့ နံနက်ပိုင်းက ဒေသခံပြည်သူများကို ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးသည်။

ထိုသို့ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ လှူဒါန်းပေးရာတွင် ငါ့သရောက်မြို့ စွန်သိုက်ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀၊ ငါ့လင်းပုတ်ကျေးရွာရှိ အိမ်ထောင်စု ၁၅၀ အတွက် ရေဂါလန် ၁၆၀၀၊ ဗိုလ်ကုန်းကျေးရွာရှိ အိမ်ထောင်စု ၁၂၀ အတွက် ရေဂါလန် ၁၆၀၀ တို့ကို မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက သောက်သုံးရေများ ဖူလုံစွာသုံးစွဲနိုင်ရန် ရေသယ်ယာဉ်များဖြင့် ဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

---

## ပေါင်မြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃) အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**ပေါင် မေ ၄**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက် ကဒုံစီးတိုက်ကျောင်းဘုန်းတော်ကြီးကျောင်း၌ ယနေ့



နံနက်ပိုင်းက ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မြို့နယ်လဝကဦးစီးမှူး ဦးသန်းဝင်းဇော်နှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်နှင့် (၁၈)နှစ်ကြား ပြည်သူ ၂၅ ဦး၊ အသက်(၁၈)နှစ်နှင့်အထက် ပြည်သူ ၂၃ ဦးတို့ကို နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ် ပြုလုပ်ပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေး ကတ်ပြားလဲလှယ်သူ ငါးဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ပျောက်ဆုံး၊ ပျက်စီး မိတ္တူပြုလုပ်သူ လေးဦး စုစုပေါင်း ၅၇ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးခြင်းအပြင် Biometric ကောက်ယူခြင်းလုပ်ငန်းများလည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

---

## ဟိုင်းကြီးကျွန်းမြို့၌ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်းများအား နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

**ဟိုင်းကြီးကျွန်း မေ ၄**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့တွင် "လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကို ကိုင်ကြစို့" ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပျက်စီးပျောက်ဆုံးနှင့် အသစ်ပြုလုပ်ခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းလုပ်ငန်းကို ယနေ့ နံနက်ပိုင်းက ဟိုင်းကြီးကျွန်းမြို့ ချောင်းဝကျေးရွာအုပ်စု ဓမ္မဒါရီကျောင်းတိုက် ခန်းမ၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးရာတွင် ငပုတောမြို့နယ်ဦးစီးမှူး ဦးမောင်မောင်လွင်နှင့် ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပျက်စီးပျောက်ဆုံးနှင့် အသစ်ပြုလုပ်ခြင်းကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်း၊ eID အိမ်ထောင်စု ဖြည့်သွင်းခြင်း၊ Biometric Data ကောက်ယူ၍ (UID) နံပါတ်ထုတ်ပေးခြင်း လုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ နေ့ချင်းပြီး ဆောင်ရွက်ပေးခဲ့ပြီး မှတ်ပုံတင် ကတ်ပြားများကို ပြည်သူများ လက်ဝယ်အရောက် ပေးအပ်သည်။

အဆိုပါ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြား ကွင်းဆင်း ဆောင်ရွက်ခြင်းကို ဟိုင်းကြီးကျွန်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန့်ဇော်လင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **လှိုင်မျိုးအောင်(ပြန်/ဆက်)**




---

## လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပျားစခန်းကျေးရွာရှိ ပြည်သူသုံးဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေလျက်ရှိ

**နေပြည်တော် မေ ၄**

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်ရှိ ပျားစခန်းကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် မေ ၂ ရက်တွင် ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ဒေသခံပြည်သူသုံးဦးထက်မနည်း သေဆုံးခဲ့ပြီး အများအပြားထိခိုက်ဒဏ်




ရာရရှိခဲ့ကာ နေအိမ်များ ပျက်စီးခဲ့သည်ဟု လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

**မှန်ကန်မှုမရှိ**

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းရက်နေ့တွင် တိုက်ပွဲဖြစ်ပွားခြင်းနှင့် လက်နက်ကြီးပစ်ခတ်မှုများမရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

**သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသား**

တရားမဝင်ပြည်ဖျက်မီဒီယာများသည် တပ်မတော်အပေါ် နိုင်ငံရေးအရ ထိုးနှက်တိုက်ခိုက်ရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် မြေပြင်အခြေအနေနှင့် လွဲမှားနေသည့် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားပြီး ပြည်သူများ အထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အပူချိန်မြင့်မား၍ မန္တလေးတွင် သက်ကြီးပိုင်းအရွယ်များ အောက်ဆီဂျင်ကျဆင်းမှုများ ခံစားနေရပြီး အောက်ဆီဂျင်အိုးငှားရမ်းရမှုပိုများလာ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီးအတွင်း အပူချိန်လွန်ကဲမှု၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် သက်ကြီးပိုင်းအရွယ်များအနေဖြင့် အောက်ဆီဂျင်ကျဆင်းမှုများရှိနေ၍အောက်ဆီဂျင်အိုးများ ပိုမိုငှားရမ်းပေးနေရကြောင်း မဏိဇလလူမှုကူညီရေးအသင်းထံမှ သိရသည်။

"ရောဂါအခံရှိသူ သက်ကြီးပိုင်းအချို့ အပူဒဏ်မခံနိုင်လို့ သေဆုံးတာတွေ ရှိနေတယ်။ အခုရက်ပိုင်းဆိုရင် လူနာရှင်တွေ လာတဲ့အခါ လူကြီးပိုင်းတွေ အောက်ဆီဂျင်တွေ အလွန်ထိုးကျတယ်လို့ ပြောတယ်။ အဲဒီလို အောက်ဆီဂျင်တွေ ထိုးကျတာတွေကြောင့် အခုရက်ပိုင်း အောက်ဆီဂျင်အိုးတွေလည်း တော်တော်ကြီးကို ငှားပေးရတယ်"ဟု အထက်ပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။ မြန်မာနိုင်ငံတွင် ဧပြီလအတွင်း အပူချိန်သိသိသာသာမြင့်တက်ခဲ့သောကြောင့် ဆေးရုံပို့ဆောင်ပေးရသူလူနာများ၊ သေဆုံးသူများ ပိုများလာခဲ့ပြီး မန္တလေးဒေသကြီးအတွင်းရှိ လူမှုကူညီရေးအသင်းမှ ၎င်းတို့အသင်း တစ်ခုတည်း၌ပင် အပူချိန်လွန်ကဲမှုကြောင့် သေဆုံးမှုအပါအဝင် နာရေးလမ်းကြောင်း အနေဖြင့် ဧပြီလအတွင်းက ၅၃ လမ်းကြောင်းအထိ ပို့ဆောင်ပေးခဲ့ရပြီး မတ်လကထက် သိသိသာသာ များပြားခဲ့ကြောင်း ဆိုသည်။

ယင်းကဲ့သို သေဆုံးသူများထဲတွင် အလုပ်လုပ်နေချိန် မူးလဲကျပြီး သေဆုံးမှုလည်း ရှိသကဲ့သို့ ရောဂါအခံကြောင့် ပူပြင်းသည့် ရာသီတွင် သက်ကြီးရွယ်အိုများ သေဆုံးမှုလည်း ရှိနေသည်။ "ကျွန်တော်တို့လူမှုကူညီရေးအသင်းအနေနဲ့ မတ်လထဲမှာ နာရေးလမ်းကြောင်း ၂၇ ကြောင်းခန့်ပဲ ပို့ဆောင်ပေးခဲ့ရတယ်။ ဧပြီလမှာ မတ်လကထက် သိသိသာသာများပြားခဲ့တယ်။ သေဆုံးသူတွေထဲမှာ အသက် ၅၀ ကနေ ၉၀ ကျော်အရွယ်တွေက ပိုများတယ်။ သေဆုံးသူတွေထဲမှာ အလုပ်လုပ်နေရင်း မူးလဲကျပြီး အသက်မမီလိုက် တာတွေလည်းရှိတယ်"ဟု လူမှုကူညီရေးအသင်းမှ တာဝန်ရှိသူက ဆိုသည်။



အပူဒဏ်ကြောင့် အရေးပေါ်နေထိုင်မကောင်းသူများကို လူမှုကူညီရေးအသင်းများမှ ကျန်းမာရေးပြုစုစောင့်ရှောက်၍ ဆေးရုံသို့ ပို့ဆောင်ပေးစဉ်။

**MT**

# ဒုဋ္ဌဝတီမြစ်သို့ အပူရှောင်ရန် လာရောက်ရေဆော့ကစားသည့် ဒေသခံ ရာနှင့်ချီရှိနေ

**မန္တလေး မေ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်ကိုင်းကျေးရွာအနီး ဒုဋ္ဌဝတီမြစ်သို့ အပူရှောင်သည့်အနေဖြင့် လာရောက်၍ ရေဆော့ကစားသည့် ဒေသခံ ရာနှင့်ချီများပြားလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံများထံက သိရသည်။

အဆိုပါနေရာမှာ တောင်ကိုင်းကျေးရွာအနီး ဒုဋ္ဌဝတီမြစ်ကမ်းတွင် တည်ရှိခြင်းဖြစ်ကာ မန္တလေးမြို့မှ သွားရောက်မည်ဆိုပါက ၄၅ မိနစ်ခန့်ကြာမြင့်ပြီး စနေ၊ တနင်္ဂနွေရုံးပိတ်ရက်နှင့် အများပြည်သူရုံးပိတ်ရက် အချို့တွင် ရေလာရောက် ဆော့ကစားသူဦးရေမှာ ၃၀၀ မှ ၄၀၀ အစရှိသဖြင့်ရှိနေပြီး မန္တလေးမြို့အပြင် အနီးအနားပတ်ဝန်းကျင် ဒေသများမှ အပူရှောင်ရန်လာရောက်သူများပြားသည့် နေရာတစ်ခုဖြစ်ကြောင်း သိရသည်။

"ဒုဋ္ဌဝတီမြစ်မှာ အပူရှောင်ရင်း မြစ်ထဲရေချိုးတဲ့သူတွေ တော်တော်များများ ရှိတယ်။ ရုံးပိတ်ရက်တွေဆို ပိုများတယ်။ အခုက နွေရာသီ ပူလွန်းတော့ အပူရှောင်ရင်းနဲ့ ရေသွားကစားကြတာပေါ့။ ကျွန်တော်တို့ မေ ၁ ရက် သွားခဲ့တဲ့နေ့ကဆိုရင် ရေလာကစားသူတွေ ၂၀၀၊ ၃၀၀ မကဘူး၊ များတယ်။ ကျန်တဲ့ ရက်တွေလည်း ရှိတာပေါ့နော်။ အများစုကတော့ မန္တလေးနဲ့ အနီးတစ်ဝိုက်က လူတွေ လာတာများတယ်။ မန္တလေးမှာ အပူရှောင်တဲ့အနေနဲ့ ဒေသတွင်းအခြားကမ်းခြေတွေကိုလည်း သွားရောက်အပန်းဖြေကြတာတွေ ရှိပါတယ်" ဟု မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအဖွဲ့ - မန္တလေးတိုင်းဒေသကြီး ကော်မတီက တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ဒုဋ္ဌဝတီမြစ်ချောင်း တစ်လျှောက် မြစ်ရေမှာအေးစိမ့်နေပြီး တောင်ကျချောင်းဖြစ်၍ ရေတိမ်သည့် နေရာများရှိသကဲ့သို့ ရေနက်သည့်နေရာများလည်းရှိ၍ ကလေးငယ်များ ခေါ်ဆောင်သွားပါက မိဘများအနေဖြင့် ဂရုစိုက်ရန်လိုအပ်ကြောင်းလည်း ၎င်းက ဆိုသည်။ အဆိုပါမြစ်အနီး၌ အစားအသောက် ရောင်းချနေသည့် စားသောက်ဆိုင်များရှိပြီး မြစ်ကြောင်းတစ်လျှောက် စက်လှေစင်းလုံးငှား၍ စီးသူများလည်းရှိကြောင်း သိရသည်။

"မြစ်ကို သွားမယ်ဆိုရင်တော့ ဝင်ကြေးကတော့မရှိဘူး။ ကားရပ်နားခတွေ ပေးရတယ်လို့တော့ သိရတယ်။ ပြီးတော့အဲဒီမှာ ဆိုင်တွေ ရှိတယ်"ဟု ဒေသခံ တစ်ဦးက ဆိုသည်။

ယခုနှစ် နွေရာသီ၌ အပူချိန်မြင့်မားမှုကြောင့် အေးချမ်းသည့် နေရာဒေသများသို့ သွားရောက်၍ အပူရှောင်မှုများလည်း ရှိသလို ယခုနောက်ပိုင်း သစ်ပင်စိုက်ပျိုးရန် စိတ်ဝင်စားမှုရှိလာပြီး သစ်ပင်စိုက်ပျိုးရန် ပြင်ဆင်လှုပ်ရှားမှုများကိုလည်း မြင်တွေ့လာရသည်။



**MT**

# ပူပြင်းသောကြောင့် မြွေအပါအဝင် အဆိပ်ရှိ အကောင်များက လူနေအိမ်များအတွင်း ဝင်ရောက်ခိုလှုံမှုများလာ

**ရန်ကုန် မေ ၄**

ပူပြင်းသောကြောင့် မြွေအပါအဝင် အဆိပ်ရှိအကောင်များ လူနေအိမ်များရှိ အေးမြသောနေရာများတွင် ဝင်ရောက်ခိုလှုံမှုများလာကြောင်း ရန်ကုန်မြို့ ရွှေမေတ္တာပရဟိတအသင်းဥက္ကဋ္ဌ မရွှေလဲ့က ပြောသည်။

နေ့ဘက်တွင် အပူရှိန်ပြင်းသည့်အတွက် ညပိုင်းတွင် မြေအောက်အပူရှိန်မြင့်တက်ရာ မြွေများ ညပိုင်းတွင် ပိုထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။ "အခု နေ့ခင်းပိုင်း အတော်ကိုပူပြီး ညဘက်ကျနည်းနည်းအေးတယ်လေ။ မြွေကလည်းညဘက်မှ လှုပ်ရှားတတ်တဲ့ကောင်။ မြေအောက်အပူရှိန်တွေ အထွက်များတော့ တစ်ခုသတိထားရမှာက ဒီအချိန်က သားပေါက်တဲ့ ဟာလေးတွေ အတွေ့များတယ်။ မြွေကလည်း သားပေါက်ပြီးတာနဲ့ အချိန်လေး နည်းနည်းလေးခြားပြီးရင် လျှောက်သွားတာ။ ကျွန်မတို့ မြွေသားပေါက် အုံလိုက်ကျင်းလိုက်ဖြစ်နေတာကို ဖယ်ရှားပေးရတာများတယ်" ဟု ပြည်သူများ ဘေးကင်းစေရန် အတွက် မြွေများကို ပရဟိတအနေဖြင့် ဖမ်းဆီးပေးသည့် မြွေမင်းသမီးဟု ကျော်ကြားသူ မရွှေလဲ့က ဆိုသည်။

မြွေနှင့် အဆိပ်ရှိသော သတ္တဝါများသည် အိမ်များရှိ အေးမြသောနေရာများတွင် ရောက်ရှိနေတတ်သည့်အတွက် သတိပြုရန်လိုကြောင်း ၎င်းက ဆိုသည်။

"ပြီးတော့ ဒီရက်ပိုင်းအတွင်းက ဘာတွေ တွေ့ရလဲဆိုတော့ ခြေသုတ်ခုံအောက်တွေ၊ အိမ်သာထဲတွေ ၊ အိမ်သာကမုတ်ဘိုထိုင် အခွေကြားတွေ၊ အိမ်သာရေအိုးတွေ အဲဒီထဲမှာ ဖယ်ရှားပေးခဲ့ရတာ နည်းနည်းများလာတယ်။ လူတွေ သတိမမူမိတဲ့ နေရာတွေပေါ့။ လူတွေအလွန်အပူများလို့ အဆင်မပြေသလိုမျိုးပဲ မြွေနဲ့အခြားအဆိပ်ရှိတဲ့အကောင်တွေ သူတို့အေးတဲ့ နေရာရှာကြတယ်။ အဲဒါလေးတွေလည်း တစ်ချက်သတိပြုမိစေချင်တယ်။ ပြီးခဲ့တဲ့ရက်က ကျွန်မသွားဖယ်ပေးရတဲ့ အကောင်ဆိုရင် ဖယောင်းပုဆိုးအောက်မှာခွေနေတာ။ မြွေဟောက်ပေါ့။ ဒါကြောင့် သတိထားကြစေချင်တယ်။ အဝတ်ပုံပေါ်ကနေအဝတ်ကို ခါပြီးမှ ကိုင်စေချင်တယ်။ သူတို့က အဲဒီထဲမှာလည်းနေတတ်တယ်"ဟု မရွှေလဲ့က ဆိုသည်။

**Thit Taw**



အိမ်တစ်အိမ်အတွင်း ဝင်ရောက်နေသည့် မြွေကို ရှာဖွေဖမ်းဆီးပေးစဉ်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Mg Htet Lay" Facebook အကောင့်နှင့် "Mg Htet Lay" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁/၁၇)ရပ်ကွက်နေ နေဇော်ထက်(ခ)နေကြီးအား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် လှော်ကားနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

## ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏ ပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ ချိုင်းကြား(၂)ဖက်နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန် ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသောအစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှကာကွယ်နိုင်သော နေရာများစီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသော ခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# သရက်မြို့၌ အပူဒဏ်ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ပညာပေး

**သရက် မေ ၄**

မကွေးတိုင်းဒေသကြီး သရက်မြို့၌ အပူဒဏ်ကာကွယ်ရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ပြည်တော်အေးရပ်ကွက် ဆင်ဖြူတော်ဘုရားကြီး ဓမ္မာရုံ၌ မေ ၂ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျန်းမာရေးမှူးအဆင့်(၁) ဒေါ်ခင်ငွေးလှိုင်က အပူဒဏ်ကာကွယ်ရေးနှင့် ပတ်သက်သည်များဖြစ်သော အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း၊ လိုက်နာဆောင်ရွက်ရန် အချက်များနှင့် ရှောင်ကြဉ်ရန်အချက်များတို့ကို ဟောပြောပြီး သားဖွားဆရာမ ဒေါ်မြင့်မြင့်ဝေက သွေးလွန်တုပ်ကွေးရောဂါနှင့် ပတ်သက်သည်များဖြစ်သော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားရသည့် အကြောင်းအရင်းများ၊ ရောဂါလက္ခဏာများအကြောင်း၊ သွေးလန့်လက္ခဏာများ အကြောင်းအရာတို့ကို ဟောပြောခဲ့ကြောင်း သိရသည်။

**ဇော်ထက်(သရက်)**



နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသော (၅၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် တင်ပြရောင်းချထားသော ကျောက်စိမ်းအတွဲများကို ပြပွဲဒုတိယနေ့ မေ ၄ ရက်က ပြည်တွင်း၊ ပြည်ပ ကျောက်မျက်ရတနာကုန်သည်များက တင်ဒါဆွဲ ဝယ်ယူရန် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ ခွန်(ဝင်းပ)

# ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထ

သဇင်

ကျောင်းသားလူငယ်နှင့် စာဖတ်ခြင်းအလေ့အထသည် ရေနှင့်တူပါသည်။ ရေသည် အောက်ဆီဂျင်နှင့် ဟိုက်ဒရိုဂျင်ပေါင်းစပ်ခြင်းဖြင့် ရရှိလာသောဒြပ်ပေါင်းဖြစ်ပါသည်။ ဟိုက်ဒရိုဂျင် အက်တမ်နှစ်ခုနှင့် အောက်ဆီဂျင်အက်တမ်တစ်ခု ပေါင်းစပ်ခြင်းဖြင့် ရေဆိုသည့် မော်လီကျူးရရှိပါသည်။ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင် မှန်ကန်စွာပေါင်းစပ်မှသာ ရေနှင့် အရောင်၊ အနံ့၊ အရသာမရှိသော ရေ၏ဂုဏ်သတ္တိများရရှိလာပါသည်။ ရေတွင် ဟိုက်ဒရိုဂျင် သို့မဟုတ် အောက်ဆီဂျင်ပါဝင်မှု လျော့နည်းသွားပါက ရေ၏အရည်အသွေးများ လျော့နည်းကျဆင်းသွားပါသည်။ ကျောင်းသားနှင့် စာဖတ်ခြင်းဆိုသည်မှာလည်း ထိုနည်းအတိုင်းပင်ဖြစ်သည်။

အခြားစာအုပ်စာပေများကို လေ့လာဖတ်ရှုခြင်းသည် ပြင်ပဗဟုသုတရရှိခြင်း၊ အတွေးအခေါ်ကျယ်ပြန့်စေခြင်း၊ အခြားသူများ၏ အတွေ့အကြုံများကိုရရှိစေခြင်းကြောင့် ကျွန်မတို့၏ ပညာသင်ယူမှုကို ထိရောက်စွာပံ့ပိုးပေးနိုင်သဖြင့် ကျောင်းသားနှင့် စာဖတ်ခြင်းမှာ ဒွန်တွဲ၍နေပါသည်။ ကျွန်မတို့ကဲ့သို့ ကျောင်းသားလူငယ်များသည် အများအားဖြင့် ကျောင်းစာများဖြင့်သာ နပန်းလုံးနေတတ်ကြသည်။ စာမေးပွဲကြီး ထူးချွန်ထက်မြက်စွာ အောင်မြင်ရေးအတွက် ကျောင်းစာများကို သင်ယူကြသည်၊ ကျက်မှတ်ကြသည်၊ တွက်ချက်ကြသည်။ စာသင်နှစ်တစ်နှစ်လုံး ကျောင်းစာများဖြင့် ပိနေတတ်ကြသဖြင့် ပြင်ပစာပေများကို ဖတ်ရှုလေ့လာရန် အများအားဖြင့် အချိန်မပေးဖြစ်တတ်ကြပါ။

ကျွန်မတို့သည် အခြားစာအုပ်စာပေများ ဖတ်ရှုခြင်းထက် ကျောင်းစာများ ကျေညက်၍ စာမေးပွဲတွင် အမှတ်ကောင်းကောင်းဖြင့် အောင်မြင်ရေးအတွက် ကျောင်းသင်ခန်းစာများကိုသာ ဦးစားပေးလေ့ရှိကြပါသည်။ သို့ဖြစ်၍ ကျောင်းသားလူငယ်တို့အဖို့ ပြင်ပစာပေများနှင့် တဖြည်းဖြည်းဝေးလာကြပြီး စာဖတ်သည့် အလေ့အထ အားနည်းသွားတတ်ကြပါသည်။

### စာသင်ရခြင်းရည်ရွယ်ချက်

ကျောင်းသားတစ်ယောက်အတွက် ကျောင်းတက်၊ စာသင်၊ စာမေးပွဲအောင်ရုံဖြင့် ပညာသင်ကြားရသည့်ရည်ရွယ်ချက် ပြည့်စုံလုံလောက်ပြီဟု ကျွန်မမယူဆပါ။ ကျောင်းသားလူငယ်များသည် တက်ရသည့် အတန်းအလိုက် သက်ဆိုင်ရာ ဘာသာရပ်များကို သင်ယူကြရသည်။ သင်ရိုးညွှန်းတမ်းတွင် ပါဝင်သည့် ဘာသာရပ်များကို သင်ယူရာတွင် ဖတ်စာအုပ်များထဲမှ သင်ခန်းစာများ၊ ပုစ္ဆာများ၊ အကြောင်းအရာများကို ကျက်မှတ်သိရှိပြီး အမှတ်ကောင်းကောင်းရအောင် ဖြေဆိုနိုင်ရုံဖြင့် စာသင်ရခြင်းရည်ရွယ်ချက် ပြည့်စုံပြီဟု ကျွန်မတို့ ယူဆထားလေ့ရှိကြပါသည်။

ကျွန်မတို့သင်ကြားရသည့် ဘာသာရပ်တိုင်းတွင် ထိုဘာသာရပ်သင်ကြားရသည့် ရည်ရွယ်ချက်များကို ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။ ဥပမာအနေဖြင့် မြန်မာစာသင်ကြားရသည့် ရည်ရွယ်ချက်တွင် မြန်မာစာကို လက်တွေ့ဘဝ၌ ပိုမိုအကျိုးဖြစ်စေမည့် ဘာသာရပ်စကား စွမ်းရည်လေးရပ် တိုးတက်လာစေရေးအတွက်ဟု ဆိုထားပါသည်။ ထို့အပြင် မြန်မာစာ၊ မြန်မာဘာသာစကားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြဿနာများကိုလည်း ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန် လေ့ကျင့်သင်ယူရမည်ဟု ဖော်ပြထားပါသည်။

အလားတူပင် အခြားဘာသာရပ်များတွင်လည်း သက်ဆိုင်ရာဘာသာရပ်များ သင်ကြားရခြင်း၏ ရည်ရွယ်ချက်များ ရှိကြပါသည်။ သက်ဆိုင်ရာဘာသာရပ်အလိုက် အခြေခံရည်ရွယ်ချက်များမှာ ဘာသာရပ်အကြောင်းအရာများ သိရှိနားလည်ရန် အပြင် ကျွန်မတို့ဘဝ အတွက် အခြေခံကျွမ်းကျင်မှုများ၊ ဗဟုသုတများ၊ စွမ်းရည်မျိုးစုံ၊ မိမိကိုယ်မိမိ ယုံကြည်မှု၊ ပြဿနာဖြေရှင်းခြင်းနှင့် ကျိုးကြောင်းဆက်စပ်စဉ်းစားနိုင်သည့် အရည်အချင်းများ၊ အဆင့်မြင့်ပညာများ သင်ယူရန်အတွက် အခြေခံများ၊ ကိုယ်ကျင့်တရားနှင့် စည်းကမ်းလိုက်နာမှုတို့ကဲ့သို့သော ဘဝတစ်လျှောက်လိုအပ်မည့် ကာယ၊ ဉာဏ ဘက်စုံစွမ်းရည်များ ပြုစုပျိုးထောင်ရန်မှာ ပညာသင်ယူရခြင်း၏ ရည်ရွယ်ချက်အဖြစ် တွေ့ရပါသည်။



ရွှေလျားစာကြည့်တိုက်ယာဉ်၌ ကလေးငယ်များ စာပေဖတ်ရှုလေ့လာစဉ်။

> **“စာအုပ်စာပေများက ကျွန်မတို့၏ဘဝများအပေါ် လွှမ်းမိုးပြောင်းလဲစေနိုင်သည့် သာဓကပင်ဖြစ်သည်။ လက်တွေ့တွင်လည်း စာအုပ်စာပေဖတ်ခြင်းကြောင့် ကျွန်မတို့၏ဘဝကို ပြောင်းလဲနိုင်ပါသည်။ စာအုပ်များကို ဖတ်ရှုပြီးနောက် ကျွန်မတို့သည် ကိုယ်မသိဖူးသည့် အကြောင်းအရာများ၊ အတွေးအခေါ်များ၊ စဉ်းစားစရာများ၊ ခံစားမှုများ ရရှိလာကြသည်။ စာအုပ်တွင် ပါဝင်သည့် အကြောင်းအရာများအပေါ် တွေးတောစဉ်းစားမိလာကြသည်။ ထိုမှတစ်ဆင့် အသိအမြင်နှင့် အမူအကျင့်များကို ပြောင်းလဲစေသည်ကို တွေ့ရပါသည်”**

### စာဖတ်ခြင်း

ကျောင်းသားများအတွက် စာဖတ်ခြင်းသည် မရှိမဖြစ်လိုအပ်မှုတစ်ခု ဖြစ်ပါသည်။ စာအုပ်စာပေများကို ဖတ်ရှုလေ့လာခြင်းကြောင့် ရရှိလာသည့် အကျိုးကျေးဇူးများသည် ကျွန်မတို့၏ ပညာသင်ယူမှုကို ပိုမိုထိရောက်စေပါသည်။ တရုတ်တွေးခေါ်ပညာရှင် ကွန်ဖြူးရှပ်က တွေးခေါ်မှုမရှိဘဲသင်ယူခြင်းသည် အချည်းအနှီးသာဖြစ်ပြီး သင်ယူခြင်းမရှိဘဲ တွေးတောခြင်းသည် ဆိတ်သုဉ်းခြင်းပင်ဖြစ်သည်ဟု ဆိုထားပါသည်။

ပညာရေး၏ အဓိကရည်မှန်းချက်များတွင်လည်း စဉ်းစားတွေးခေါ်နိုင်သည့် အရည်အချင်းရရှိရေး ပါဝင်ပါသည်။ ကျောင်းသား ကျောင်းသူများ ကျယ်ပြန့်သောဗဟုသုတများရရှိရန်နှင့် အတွေးသစ်၊ အမြင်သစ်များရရှိရေးသင်ယူရာတွင် စာဖတ်သည့် အလေ့အထ ပြုစုပျိုးထောင်ပေးခြင်းသည် သင်ကြားရေးကို ထိရောက်စေသည့် နည်းလမ်းတစ်ခုဟု ကျွန်မထင်ပါသည်။ ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ရရှိရန်အတွက် သီးခြားလေ့ကျင့်ပေးရန် မလိုပါ။ ကျောင်းသင်ခန်းစာများ သင်ကြားရင်း ကွဲကူးရေပါသဘောမျိုး သင်ကြားပေးနိုင်ပါသည်။ ခက်သည်မှာ စာဖတ်ခြင်းမှရရှိလာသော အကျိုးရလဒ်များသည် စာမေးပွဲများနှင့်တိုက်ရိုက် မသက်ဆိုင်သဖြင့် အလေးမထားကြခြင်း ဖြစ်နိုင်ပါသည်။

စာဖတ်ခြင်းမှာ စာမေးပွဲများနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ကျွန်မတို့ ကျောင်းသားတစ်ဦးချင်း၏အရည်အသွေး တိုးတက်ရေးအတွက်မူ အရေးကြီးပါသည်။ စာဖတ်ခြင်းကြောင့် ရရှိလာသည့် အသိအမြင်များသည် ကျွန်မတို့၏ လေ့လာသင်ယူမှုများနှင့် စဉ်းစားတွေးခေါ်မှုပုံစံတို့ကို ပြောင်းလဲစေနိုင်သောကြောင့် ဖြစ်ပါသည်။ ထို့ကြောင့်လည်း စာဖတ်ခြင်းသည် ဦးနှောက်ကို အစာကျွေးခြင်းဟု ဆိုကြခြင်းဖြစ်ပါသည်။

ကျွန်မတို့သည် ရုပ်သွင်ပြင်များ လှပရန် အလှပစ္စည်းများအသုံးပြု၍ လိမ်းခြယ်ပြင်ဆင်တတ်ကြသည်။ ရုပ်ဝတ္ထုပစ္စည်းများပေါများရန် ကြိုးစားကြသည်။ သို့ရာတွင် စိတ်နှင့် ဦးနှောက်ကို ပြင်ဆင်ရန်၊ တိုးတက်ရန်အတွက်မူ သတိမမူမိတတ်ကြပါ။ အမှားအမှန်၊ အကောင်းအဆိုးနှင့် ထိုးထွင်းကြံဆတတ်သည့် စဉ်းစားတွေးခေါ်မှုများ ရရန်ဆိုပါက စာဖတ်ဖို့ လိုပါလိမ့်မည်။ စာဖတ်ခြင်းသည် သူတစ်ပါး၏ အတွေ့အကြုံကို ကိုယ့်အတွေ့အကြုံအဖြစ်ရယူခြင်းဟု ဆရာကြီး ဦးအောင်သင်းကပြောဖူးပါသည်။ ဆရာကြီးပြောကြားသကဲ့သို့ ဦးနှောက်ခါးတောင်းကျိုက်ရန်ဆိုပါက စာဖတ်ကြရန် လိုအပ်ပါသည်။ စာဖတ်ခြင်းဖြင့် အတွေ့အကြုံများ၊ ဗဟုသုတများနှင့် အသိအမြင်အသစ်များရရှိပြီး ဦးနှောက်ဉာဏ်ကို ပို၍ကျယ်ပြန့်စေပါသည်။

“a little knowledge is a dangerous thing” ဆိုသည့် စကားကို လူတိုင်းသိပြီး ဖြစ်ကြပါသည်။ အနည်းငယ်သော ဗဟုသုတသည် လူတစ်ယောက်အား ကိုယ့်ကိုယ်ကိုယ် အမှန်တကယ် အတွေ့အကြုံရှိပြီး ကျွမ်းကျင်သူတစ်ဦးအဖြစ် ထင်မြင်ယူဆစေနိုင်ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ နွားခြေရာခွက်အတွင်းမှ ဖားသူငယ်ကဲ့သို့ အမြင်ကျဉ်းမြောင်း၍ မရနိုင်ပါ။ ကျွန်မတို့၏ စိတ်နှင့် ဦးနှောက်တို့ကို ဖွင့်ပေးရန်လိုပါသည်။ အသိအမြင်များကို ဖွင့်ပေးနိုင်သည်မှာ စာဖတ်ခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် ပညာရှာသည့်အချိန်တွင် ကျွန်မတို့၏ အကြား၊ အမြင်၊ အတွေ့အကြုံနှင့် အသိဉာဏ်များကို ပိုမိုပွင့်လင်းလာရေးမှာ ပညာသင်ကြားရသည့် ရည်ရွယ်ချက်လည်း ဖြစ်ပါသည်။

### စာဖတ်ခြင်း၏အကျိုးကျေးဇူးများ

ဆရာဗန်းမော်သိန်းဖေ ဘာသာပြန်ထားသည့် ကမ္ဘာ့ထိပ်တန်းဘီလျံနာသူဌေး အီလွန်မတ် အကြောင်းစာအုပ်ကို ကျွန်မဖတ်ဖူးပါသည်။ အီလွန်မတ်သည် ငယ်စဉ်ကတည်းကပင် စာဖတ်ဝါသနာပါသည်ဟု ဆိုပါသည်။ **“အီလွန်မတ်ရဲ့ လူငယ်ဘဝမှာ သိသာထင်ရှားတဲ့ စရိုက်တစ်ခုက စာအလွန်ဖတ်ချင်နေတာပါ။ သူဟာ ငယ်စဉ်ကလေးဘဝကတည်းက လက်ထဲမှာ စာအုပ်တစ်အုပ်ကို အမြဲကိုင်ထားတတ်တယ်”**ဟု ဆိုပါသည်။ အီလွန်မတ်သည် ကျောင်းတက်ကတည်းကပင် တစ်ရက်လျှင် စာအုပ် နှစ်အုပ် ဖတ်သည်ဟု ဆိုပါသည်။ အီလွန်မတ်အနေဖြင့် လျှပ်စစ်ကားများ၊ နေရောင်ခြည် စွမ်းအင်နှင့် ဒုံးပျံများအကြောင်း ယခုကဲ့သို့ စိတ်ဝင်စားရခြင်းမှာ သူငယ်စဉ်က သိပ္ပံဝတ္ထုစာအုပ်များ အများကြီးဖတ်ခဲ့ခြင်းကြောင့် ထင်ကြောင်း အီလွန်မတ်ကိုယ်တိုင်က ပြောခဲ့ပါသည်။ ထို့အတူ ကမ္ဘာပေါ်တွင် ထူးချွန်စွာအောင်မြင်နေသူတိုင်းသည် စာအလွန်ဖတ်ကြသူများဖြစ်ကြပါသည်။

ဤသည်မှာ **စာအုပ်စာပေများက ကျွန်မတို့၏ဘဝများအပေါ် လွှမ်းမိုးပြောင်းလဲစေနိုင်သည့် သာဓကပင်ဖြစ်သည်။ လက်တွေ့တွင်လည်း စာအုပ်စာပေဖတ်ခြင်းကြောင့် ကျွန်မတို့၏ဘဝကို ပြောင်းလဲနိုင်ပါသည်။ စာအုပ်များကို ဖတ်ရှုပြီးနောက် ကျွန်မတို့သည် ကိုယ်မသိဖူးသည့် အကြောင်းအရာများ၊ အတွေးအခေါ်များ၊ စဉ်းစားစရာများ၊ ခံစားမှုများ ရရှိလာကြသည်။ စာအုပ်တွင်ပါဝင်သည့် အကြောင်းအရာများအပေါ် တွေးတောစဉ်းစားမိလာကြသည်။ ထိုမှတစ်ဆင့် အသိအမြင်နှင့် အမူအကျင့်များကို ပြောင်းလဲစေသည်ကို တွေ့ရပါသည်။**

ကျွန်မတို့၏ဦးနှောက်သည် စာဖတ်ခြင်းကြောင့် ရှင်သန်နိုးထလာကြသည်။ ထို့ကြောင့် စာအုပ်စာပေဖတ်ရှုခြင်းသည် စိတ်အတွက် အသက်ရှူခြင်းဟု ဆိုကြခြင်းဖြစ်ပါလိမ့်မည်။ ကျွန်မတို့သည် အသက်ရှင်မှုအတွက် အသက်ရှူကြရသည်။ အသက်ရှူရပ်သွားသည်နှင့် သေဆုံးသွားမည်ဖြစ်သည်။ စာမဖတ်ခြင်းသည် သေဆုံးနေသည့်စိတ်နှင့် တူပါလိမ့်မည်။ လှုပ်ရှားမှု၊ နိုးကြားမှု၊ တက်ကြွမှုတို့

*စာမျက်နှာ ၂၁ သို့*

# ဆီဆိုင် မြို့မဈေးပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းရှင်းလင်းခြင်းလုပ်ငန်း ဆောင်ရွက်

**ဆီဆိုင် မေ ၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့ကို ဇန်နဝါရီလအတွင်း အကြမ်းဖက် သောင်းကျန်းသူများက လက်နက်ကြီးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဈေး၊ နေအိမ်များ၊ ဌာနဆိုင်ရာရုံးများ၊ စာသင်ကျောင်းများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မေ ၄ ရက်က မြို့မဈေး ပြန်လည်ဖွင့်လှစ်နိုင်ရေး စုပေါင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့် အဖွဲ့ဝင်များ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ဝိုင်းဝန်း ပူးပေါင်း၍ မြို့မဈေးအတွင်း ပျက်စီးဆုံးရှုံးခဲ့သည့် ဈေးဆိုင်ခန်းများကို စက်ယန္တရားနှင့် လူအင်အားများဖြင့် ရှင်းလင်းခြင်းလုပ်ငန်းများကို စုပေါင်း ဆောင်ရွက်သည်။



ယခုလက်ရှိတွင် ဆီဆိုင်မြို့တွင် ပြန်လည်ဝင်ရောက်နေထိုင်သည့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ စားဝတ်နေရေး အဆင်ပြေစေရန်အတွက် မြို့မဈေးအနီးတွင် ယာယီဈေးဖွင့်လှစ် ရောင်းချပေးလျက်ရှိပြီး မြို့မဈေးရှင်းလင်း ဆောင်ရွက်ခြင်း လုပ်ငန်းများပြီးစီးပါက အဆိုပါဈေးတွင် အကွက်ချပုံစံဖြင့် ယာယီဈေးစနစ်တကျ ရောင်းနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)



ကန်ကြီးထောင့်မြို့နယ် အခြေခံပညာမူလတန်းကျောင်း(မြို့သစ်)၌ ကျောင်းဖွင့်ချိန်အမီ ကျောင်းသန့်ရှင်းသာယာလှပရေး မေ ၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးကြည်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ကျော်ဇင်စိုး (ပြန်/ဆက်)



ဟိုပုံးမြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်း၌ မေ ၄ ရက်က ကျောင်းများပြန်လည်ဖွင့်လှစ်ချိန် အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

*စာမျက်နှာ ၂၀ မှ*

ကင်းမဲ့နေမည် ဖြစ်ပါသည်။ ထို့ပြင် စာဖတ်ခြင်းသည် စိတ်၏ တံခါးပေါက်များကို ဖွင့်ပေးခြင်းဟုလည်း ကျွန်မမှတ်သားဖူးပါသည်။ စိတ်၏တံခါးပေါက်များကိုဖွင့်ပေးမှသာ ပြင်ပဗဟုသုတများ၊ အတွေးအမြင်အသစ်များ၊ စွန့်ဦးတီထွင်မှုများနှင့် တိုးတက်မှုများကို ရရှိမည်ဖြစ်သည်။

**စာဖတ်ခြင်းအလေ့အထပြုစုပျိုးထောင်**

စာဖတ်ခြင်းအလေ့အထသည် ကျောင်းသားများနှင့်မစိမ်းသော အလေ့အကျင့်တစ်ခု ဖြစ်ပါသည်။ သို့သော်လည်း စာဖတ်ဝါသနာပါခြင်းနှင့် ကျောင်းစာများ သင်ယူလေ့လာကျက်မှတ်ရခြင်းမှာ မတူဟု ကျွန်မထင်ပါသည်။ ကျွန်မတို့သည် ကျောင်းသင်ခန်းစာများ သင်ယူလေ့လာကျက်မှတ်ရခြင်းမှာ စာမေးပွဲအောင်မြင်ရေးအတွက်ကိုသာ အဓိက ရည်ရွယ်တတ်ကြပါသည်။ ဖြစ်တတ်သည်မှာ ကျွန်မတို့သည် အတန်းတစ်တန်း အောင်လျှင် ထိုအတန်းမှ စာများသည် ကျွန်မတို့ခေါင်းထဲတွင် အနည်းငယ်သာ ကျန်ခဲ့တတ်ကြခြင်း ဖြစ်ပါသည်။

**တစ်တန်းပြီးဆုံးလျှင် နောက်တစ်တန်းအတွက်သာ အာရုံစိုက်လေ့ရှိပြီး ပြီးဆုံးခဲ့သည့်အတန်းမှစာများကို မလိုအပ်တော့ဟုယူဆ၍ အလေးမထားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ဆိုလျှင် စာသင်ယူရသည့် အဓိပ္ပာယ်မှာ အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ ထိုမျှသာမက ပြင်ပစာအုပ်စာပေများကိုလည်း ဖြစ်ဖြစ်မြောက်မြောက် မဖတ်ဖြစ်ခဲ့ပါ။ ကျွန်မ ပြန်စဉ်းစားကြည့်မိပါသည်။ စာသင်နှစ်တစ်နှစ်အတွင်း၌ ကျောင်းသင်ခန်းစာများ အထောက်အကူဖြစ်စေရန်အတွက်လည်းကောင်း၊ ပြင်ပဗဟုသုတရရန်အတွက်လည်းကောင်း သို့တည်းမဟုတ် ဝါသနာအရလည်းကောင်း ပြင်ပစာအုပ်စာပေများ မည်မျှဖတ်ခဲ့သလဲဟူ၍ ဖြစ်ပါသည်။**

> ■ **တစ်တန်းပြီးဆုံးလျှင် နောက်တစ်တန်းအတွက်သာ အာရုံစိုက်လေ့ရှိပြီး ပြီးဆုံးခဲ့သည့်အတန်းမှ စာများကို မလိုအပ်တော့ဟုယူဆ၍ အလေးမထားခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။ သို့ဆိုလျှင် စာသင်ယူရသည့်အဓိပ္ပာယ်မှာ အဟောသိကံ ဖြစ်သွားနိုင်ပါသည်။ ထိုမျှသာမက ပြင်ပစာအုပ် စာပေများကိုလည်း ဖြစ်ဖြစ်မြောက်မြောက် မဖတ်ဖြစ်ခဲ့ပါ။ ကျွန်မ ပြန်စဉ်းစားကြည့်မိပါသည်။ စာသင်နှစ်တစ်နှစ်အတွင်း၌ ကျောင်းသင်ခန်းစာများ အထောက်အကူဖြစ်စေရန်အတွက် လည်းကောင်း၊ ပြင်ပဗဟုသုတရရန်အတွက်လည်းကောင်း သို့တည်းမဟုတ် ဝါသနာအရ လည်းကောင်း ပြင်ပစာအုပ်စာပေများ မည်မျှဖတ်ခဲ့သလဲဟူ၍ ဖြစ်ပါသည်**

တစ်လ နှစ်အုပ်နှုန်းဖတ်လျှင် တစ်နှစ်အတွင်း စာအုပ် ၂၄ အုပ် ဖတ်နိုင်မည်ဖြစ်သည်။ ထိုမျှလောက် ကျွန်မတို့ မဖတ်ဖြစ်ခဲ့ပါ။ ဘာကြောင့် မဖတ်ဖြစ်သလဲဆိုသည့် အကြောင်းများအထဲတွင် စာဖတ်ရန် ဝါသနာနည်းခြင်း၊ ကျောင်းသင်ခန်းစာများအတွက် ပြင်ပစာဖတ်ရန် များစွာမလိုအပ်ခြင်း (စာစီစာကုံး၊ essay၊ letter များရေးသားရန်အတွက် ပြင်ပစာအုပ်များဖတ်ခြင်းမှလွဲ၍)၊ စာအုပ်စာစောင်များ လက်လှမ်းတမီမရှိခြင်း စသည့်အကြောင်းတို့ကို တွေ့ရပါသည်။

တိုးတက်လိုသောသူများကမူ ငွေကြေး၊ အချိန်နှင့် အခြေအနေများ မရှိကြသည့်တိုင် စာအုပ်စာပေများကို ကျားကုတ်ကျားခဲ ရှာဖွေဖတ်ရှုကြသည်ကို တွေ့ရပါသည်။ ယနေ့ခေတ်အခြေအနေသည် ထိုမျှလောက် မခက်ခဲတော့ပါ။ စာအုပ်စာပေများကို အင်တာနက်မှတစ်ဆင့် ရှာဖွေဖတ်ရှုနိုင်ပါသည်။ သို့သော် ကျွန်မတို့ အားစိုက်၍မဖတ်ဖြစ်ကြပါ။ ယင်းကိုကြည့်ခြင်းအားဖြင့် စာဖတ်သည့် အလေ့အထ ဖြစ်လာရန်မှာ မိမိကိုယ်တိုင်၏ လိုချင်စိတ်အပေါ် မူတည်နေသည်ကို တွေ့ရပါသည်။ ကိုယ်တိုင်ကလိုချင်စိတ်ရှိမှသာ စာအုပ်စာပေကို တစိုက်မတ်မတ် ဖတ်ရှုလာမည်ဖြစ်ပါသည်။

**အားလပ်ချိန်များတွင် ကျောင်းစာကြည့်တိုက်သို့သွား၍ ဖတ်ရှုခြင်း၊ စာအုပ်စာပေများ မိမိဘာသာဝယ်ယူဖတ်ရှုခြင်း၊ သူငယ်ချင်းများနှင့် စာအုပ်များ လဲလှယ်ဖတ်ရှုခြင်း၊ အွန်လိုင်းတွင် စာအုပ်များ ရှာဖွေဖတ်ရှုခြင်းတို့ဖြင့် စာပေဖတ်ရှုသည့် အလေ့အထကို ပြုစုပျိုးထောင်နိုင်ပါသည်။ ထို့ပြင် ကျောင်းသင်ခန်းစာများနှင့်ဆက်စပ်၍ ပြင်ပစာအုပ်များဖတ်ရှုခြင်း၊ ဆွေးနွေးခြင်းဖြင့်လည်း စာဖတ်ခြင်းအလေ့အထကိုပြုစုပျိုးထောင်နိုင်ပါသည်။**

**စဉ်ဆက်မပြတ်လေ့လာသင်ယူခြင်း**

ကျွန်မတို့သည် ပညာခေတ်တွင် ကြီးပြင်းလာရသူများ ဖြစ်ကြပါသည်။ ပညာသည်သာ ကျွန်မတို့အတွက် အားထားရာဖြစ်ပါသည်။ ကျွန်မတို့သည် ငယ်ရွယ်စဉ်ကပင် ပညာကို အပတ်တကုတ် သင်ယူကြမှသာ အခြားသူများနှင့် ရင်ပေါင်တန်းနိုင်မည် ဖြစ်ပါသည်။ ယခင်က ပထမအရွယ်မှာ ပညာရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာဟု မိဘများ၊ လူကြီးသူမများက ဆိုဆုံးမကြပါသည်။ ကျွန်မတို့ခေတ်တွင် ပညာရှာရန် ပထမအရွယ်တစ်ခုတည်းနှင့် မလုံလောက်နိုင်တော့ပါ။ အရွယ် သုံးပါးစလုံးတွင် ပညာရှာရမည့် အခြေအနေဖြစ်နေပါပြီ။ ပညာရှာ အိုသည်မရှိဟု ဆိုရပါလိမ့်မည်။

ယခင်က ပညာလေ့လာသင်ယူခြင်းသည် တစ်နှစ်တစ်တန်း ထူးချွန်စွာ အောင်မြင်ရန်အတွက်ဟုသာ ထင်မြင်မိခဲ့ပါသည်။ တစ်နှစ်တစ်တန်း ထူးချွန်ထက်မြက်စွာအောင်မြင်ရေးသည် ကျောင်းသားတစ်ဦးချင်းစီ၏ဘဝအတွက် အရေးပါသည်မှာ မှန်ပါသည်။ သို့သော်လည်း တဖြည်းဖြည်း အတန်းများမြင့်လာသည့်အချိန်တွင် ကျွန်မတို့ ပညာသင်ယူကြသည်မှာ စာတတ်ရုံ တစ်ခုတည်းအတွက်သာမဟုတ်ကြောင်း နားလည်လာပါသည်။ အတန်းပြီးဆုံးရန်အပြင် ပညာ၏ အရည်အသွေးများ ပြည့်ဝရန်လည်းလိုပါသည်။ အတန်းလည်း အောင်ရမည်၊ ပညာလည်း တတ်ရပါမည်။ စဉ်ဆက်မပြတ်လည်း လေ့လာသင်ယူနေရန်အတွက်လည်း အခြေခံကောင်းများ ပြုစုပျိုးထောင်ကြရပါမည်။

အချို့ဆိုလျှင် ကျောင်းပြင်ပ၌ ပညာရှာနေကြသည်ကို တွေ့ဖူးပါသည်။ တိုးတက်လိုသောသူတို့၏စိတ်ကို အားကျမိပါသည်။ ကျွန်မတို့ကြီးပြင်းလာရသည့် ခေတ်အခြေအနေသည် အပြိုင်အဆိုင်တိုးတက်နေသည့်ခေတ် ဖြစ်ပါသည်။ တိုးတက်မှုဆိုသည်မှာလည်း ပညာကိုအခြေခံမှသာ စဉ်ဆက်မပြတ် တိုးတက်မှုရရှိနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် ပညာရေး၌ တိုးတက်မြင့်မားရန် အပြိုင်အဆိုင် ကြိုးပမ်းနေကြပါသည်။

ထိုသို့ အပြိုင်အဆိုင်ကြိုးပမ်းနေကြချိန်တွင် ကျွန်မတို့သည် အတန်းတင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ရေးအတွက်သာ ကြိုးပမ်းနေရုံဖြင့် မလုံလောက်နိုင်ဟု ထင်ပါသည်။ တက္ကသိုလ်များ၌ အဆင့်မြင့်ပညာများ သင်ယူမှုပြီးဆုံးသွားသည့်တိုင် လေ့လာသင်ယူမှုများ ပြီးဆုံးသေးမည်မဟုတ်ပါ။ ဘဝတစ်လျှောက် လေ့လာသင်ယူမှုများ ဆက်လက်လုပ်ဆောင်ကြရပါဦးမည်။ စဉ်ဆက်မပြတ် လေ့လာသင်ယူရမှုကို စာဖတ်ခြင်းဖြင့် ထိရောက်စွာ အထောက်အကူပေးနိုင်ပါသည်။ သို့ဖြစ်သည့်အတွက် ငယ်ရွယ်စဉ် ကျောင်းသားဘဝ၌ပင် စာဖတ်ခြင်းအလေ့အထ ပြုစုပျိုးထောင်ထားခြင်းဖြင့် ကျွန်မတို့၏အနာဂတ်ကို လှပစေနိုင်မည် ဖြစ်ပါသည်။ ။

# 33rd Junior Golf Myanmar Championship ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် မေ ၄**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM) ၏ (၃၃) ကြိမ်မြောက် မျိုးဆက်သစ်လူငယ် ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို မေ ၄ ရက်က ရန်ကုန်မြို့ရှိ မြို့တော်ဂေါက်ကွင်း (ငွေသော်တာ)၌ ကျင်းပသည်။



ဆုချီးမြှင့်ပွဲ အခမ်းအနားမကျင်းပမီ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်က ကြီးမှူးဆောင်ရွက်လျက်ရှိသည့် World Handicap System နှင့် ပတ်သက်သည့် ဂေါက်ကွင်းများ ခက်ခဲမှု တိုင်းတာသည့် Course Rating အကြောင်းကို Handicap ကော်မတီ ဥက္ကဋ္ဌ ဦးဇာနည်ဝင်းက ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက မြို့တော်ဂေါက်ကွင်း Course Rating Report များကို အထွေထွေမန်နေဂျာ ညွှန်ကြားရေးမှူး ဦးမင်းညွန့်ကိုလည်းကောင်း၊ R&A Level 3 Tournament Administrators and Referees Seminar စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော ဦးဇေယျာထွဋ်အား ဂုဏ်ပြုငွေ အမေရိကန်ဒေါ်လာ ၅၀၀ ကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ 33rd Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်အောင်က ပြိုင်ပွဲအား လက်ခံကျင်းပသော မြို့တော်ဂေါက်ကွင်းနှင့်အချိုရည်များ တိုက်ကျွေးသော King International School တို့အား အမှတ်တရ ဂုဏ်ပြု လက်ဆောင်များ ပေးအပ်ရာ မြို့တော်ဂေါက်ကွင်း အထွေထွေမန်နေဂျာ ညွှန်ကြားရေးမှူး ဦးမင်းညွန့်နှင့် King International School တို့မှ လက်ခံရယူသည်။ ထို့နောက် မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးတင်မောင်မောင်ဝင်းက အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၆၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်း ရိုက်ချက် ၁၅၆ ချက်ဖြင့် ပထမဆုရရှိသော အောင်သန်းထွဋ်၊ မြန်မာနိုင်ငံဂေါက်သီး အားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်လွင်လွင်အောင်က အမျိုးသမီး ၁၄ နှစ်အောက် သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၁၅ ချက်ဖြင့် တတိယဆုရရှိသော မိုးမခကျော်သူ၊ စုစုပေါင်း ရိုက်ချက် ၂၁၄ ချက်ဖြင့် ဒုတိယဆုရရှိသော သီရိခိုင်ဇော်၊ စုစုပေါင်းရိုက်ချက် ၂၁၄ ချက်ဖြင့် ပထမဆုရရှိသော ယုယု၊ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက အမျိုးသမီး ၁၈ နှစ်အောက် သက်တမ်းတွင် စုစုပေါင်း ရိုက်ချက် ၁၇၁ ချက်ဖြင့် တတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် ဒုတိယဆုရရှိသော လကျ်ာလေးဖြူ၊ စုစုပေါင်း ရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမဆုရရှိသော ချိုသာအောင်၊ မြန်မာနိုင်ငံ ဂေါက်သီး အားကစားအဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးဇာနည်ဝင်းက အသက် ၁၄ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၉ ချက်ဖြင့် တတိယဆုရရှိသော ကျော်သံလွင်ဟိန်း၊ စုစုပေါင်း ရိုက်ချက် ၁၆၇ ချက်ဖြင့် ဒုတိယဆုရရှိသော နိုင်ဦးကို၊ စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် ပထမဆုရရှိသော ထွန်းထွန်းဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက အသက် ၁၈ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် တတိယဆုရရှိသော ကောင်းပြည့်ဖြိုးကျော်၊ စုစုပေါင်း ရိုက်ချက် ၁၅၃ ချက်ဖြင့် ဒုတိယဆု ရရှိသော လင်းပြည့်မောင်၊ စုစုပေါင်း ရိုက်ချက် ၁၅၀ ဖြင့် ပထမဆုရရှိသော မင်းခန့်သော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။ 33rd Junior Golf Myanmar Championship ဂေါက်သီးရိုက် ပြိုင်ပွဲကို မေ ၃ ရက်နှင့် ၄ ရက် နှစ်ရက်ကြာ ကျင်းပခဲ့ခြင်းဖြစ်သည်။

**ကိုညီလေး**
**ဓာတ်ပုံ-MGF**

---

○ *ကျောဖုံးမှ*

အဆိုပါပွဲစဉ်ကို အာဆင်နယ်အသင်း အိမ်ကွင်းအမ်းမရိတ်၌ ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ဘုန်းမောက်အသင်းသည် နိုင်ပွဲရရှိရေး ခြေကုန်ထုတ်လာသော်လည်း အမှတ်ပေးဇယား ဆက်လက် ဦးဆောင်ခွင့်ရရေးအတွက် အကောင်းဆုံး ပြင်ဆင်လာသော အာဆင်နယ်အသင်း၏ ဖိအားပေးကစားဟန်အောက် ပုံစံကောင်းပျောက်ဆုံးခဲ့ပြီး ဂိုးပြတ်ရှုံးပွဲ ကြုံတွေ့ခဲ့သည်။

အာဆင်နယ်အသင်းအတွက် သွင်းဂိုးများကို ဆာကာ၊ ထရိုဆတ်နှင့် ရိုက်စ်တို့က သွင်းယူပေးနိုင်ခဲ့သည်။ ဘုန်းမောက်အသင်းသည် ဂိုးကန်သွင်းမှုအချို့ ပြုလုပ်နိုင်ခဲ့သော်လည်း ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသည့်အတွက် ရှုံးနိမ့်ခဲ့သည်။

လာမည့်ပွဲစဉ်တွင် အာဆင်နယ်အသင်းက မန်ယူနှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်ဘုန်းမောက်က ဘရန့်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အခြားပွဲစဉ်များတွင် ဘရန့်ဖို့ဒ်နှင့် ဖူလ်ဟမ် ဂိုးမရှိ သရေကျခဲ့ပြီး ဘန်လေကို နယူးကာဆယ်က လေးဂိုး-တစ်ဂိုး၊ ရှက်ဖီးကို နော်တင်ဟမ်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။

**အောင်ဇော်**

---

## အသိပေးကြေညာချက်

၁။ မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသ ကြီး စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် တမ္ပဝတီဈေးရှိ ဈေးဆိုင်ခန်းရှင်များမှ လစဉ် ဆိုင်ခန်းငှားရမ်းခများ ပေးဆောင်ရန် ပျက်ကွက်နေသဖြင့် (၁၅-၂-၂၀၂၄)ရက်၊ (၂၉-၂-၂၀၂၄)ရက်၊ (၂၉-၃-၂၀၂၄)ရက်နှင့် (၂၄-၄-၂၀၂၄)ရက်များတွင် အဖွဲ့ရုံး၊ မြို့မဈေး၊ တမ္ပဝတီဈေး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ကြော်ငြာသင်ပုန်း) နှင့် ရပ်ကွက်(၁၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများတွင် ကြော်ငြာစာများ ထုတ်ပြန်၍ အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ ဈေးဆိုင်ခန်း(၇၄)ခန်း၏ ဈေးဆိုင်ခန်းရှင်များအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ၂၂-၅-၂၀၂၄ ရက် နောက်ဆုံးထား၍ ကြွေးကျန်များပေးဆောင်သွားရန်နှင့် လာရောက်ပေးဆောင်ခြင်းမရှိသည့် ဆိုင်ခန်းများအား အဖွဲ့ပိုင်ဈေးများ စစ်ဆေးတားမြစ်ညွှန်ကြား အရေးယူဆောင်ရွက်ရန် ကျန်းမာသန့်ရှင်းမှု၊ လုံခြုံမှုနှင့်အုပ်ချုပ်မှုဆိုင်ရာ စည်းကမ်းအပိုဒ်(၂၁) အရ ဆိုင်ခန်းအလွတ်အဖြစ်သတ်မှတ်ပြီး ဈေးဆိုင်ခန်းသိမ်းဆည်းသည်အထိ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(A)ရုံဆိုင်ခန်းအမှတ်**(၆)၊ **(D)ရုံဆိုင်ခန်းအမှတ်**(၁၃)၊ **(F)ရုံဆိုင်ခန်းအမှတ်**(၈)၊ **(H)ရုံဆိုင်ခန်း အမှတ်**(၄)၊ (၂၃)၊ **(I) ရုံဆိုင်ခန်းအမှတ်**(၃၀)၊ (၅၅)၊ (၅၉)၊ (၆၃)၊ (၆၅)၊ **(J)ရုံဆိုင်ခန်းအမှတ်**(၆)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၂)၊ (၃၀)၊ (၃၅)၊ (၃၈)၊ (၄၀)၊ (၄၂)၊ (၄၈)၊ (၄၉)၊ (၅၃)၊ (၅၆)၊ **(K)ရုံဆိုင်ခန်းအမှတ်** (၁၆)၊ (၃၂)၊ (၅၄)၊ (၆၁)၊ (၇၀)၊ **(M)ရုံဆိုင်ခန်းအမှတ်** (၅)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၂၂)၊ (၃၁)၊ (၃၂)၊ (၃၃)၊ (၃၅)၊ (၃၉)၊ (၄၁)၊ (၄၅)၊ (၄၆)၊ (၅၇)၊(၆၃)၊ (၆၅)၊ **(N)ရုံဆိုင်ခန်းအမှတ်** (၉)၊ (၄၂)၊ (၅၀)၊ (၅၈)၊ (O)ရုံဆိုင်ခန်းအမှတ် (၈)၊ (၁၂)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၄၀)၊ (၅၀)၊ (၅၇)၊ (၆၀)၊ (၆၆)၊ **(P)ရုံဆိုင်ခန်းအမှတ်** (၁၂)၊ (၁၉)၊ (၃၂)၊ (၄၀)၊ (၄၁)၊ (၄၂)၊ (၄၄)၊ (၄၇)၊ (၅၁)၊ (၅၅)၊ (၅၇)၊ (၆၀)၊ (၆၁)၊ (၇၀)၊ (၇၁)။

**ကျောက်ပန်းတောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ လေးစုရပ်ကွက်၊ အကွက်အမှတ် ၅၉၉၊ ဦးပိုင်အမှတ် (၆၂)၊ စစ်ကိုင်းxမန္တလေးလမ်းပေါ်ရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးကျော်ကျော်ဦး၏ (SP ရရှိသူ ဦးသန်းထိုက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၈၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်ကျော် ၉/မထလ (နိုင်)၁၃၃၅၄၉မှ ဒေါ်မွန်နွေဦး ၉/မထလ(နိုင်)၂၁၇၆၅၃ တို့က အမှုတွဲ အမှတ်(၀၃၄၀/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ အကွက်အမှတ် ၁၂၅၊ ဦးပိုင်အမှတ် (၈၃-ဇ)/၈၆စီလမ်း၊ ၁၉x၂၀လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးရဲအောင်(ခ)ဝင်းနိုင် ၉/မနမ(နိုင်)၀၄၉၈၂၄၊ ဒေါ်မာမာဦး ၉/မနမ(နိုင်)၀၄၉၇၃၁ ၏အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၄၆/၂၀၂၂) ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြင့်မြင့်သန်း ၉/မနမ(နိုင်)၀၄၃၃၃၇က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1J/7371 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## အမည်ပြောင်း

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ဆင်ဖြူပြင်ရပ်ကွက်၊ (၅)လမ်းနေ ဦးတင်နိုင် ၆/သရခ (နိုင်) ၀၇၆၁၅၉အား ဦးဇော်လွင်ဟုလည်းကောင်း၊ မဝါဝါသိမ်း ၆/သရခ(နိုင်) ၀၆၇၆၇၄အား မအေးသက်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် BB/7073, TOYOTA PREMIO AZT240, SALOON (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကို ၁၃/တကန(နိုင်)၀၈၃၆၇၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) အင်းစိန်**

**စာအုပ်**
**စာပေ**
**လူ့မိတ်ဆွေ**

## တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့
## တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့
## ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တနင်္သာရီတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ကွပ်ကဲမှုအောက်ရှိ ထားဝယ်၊ မြိတ်၊ ကော့သောင်း၊ ဘုတ်ပြင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့များတွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအနေဖြင့် လျှောက်လွှာများ တင်သွင်းနိုင်ပါကြောင်း အသိပေးဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်** - (၆-၅-၂၀၂၄) ရက်
(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်သိမ်းမည့်ရက်** - (၃-၆-၂၀၂၄) ရက်
(ဂ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - (၅-၆-၂၀၂၄) ရက်
(ဃ) **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်** - (၁၁-၆-၂၀၂၄) ရက်
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - တနင်္သာရီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၊ ထားဝယ်မြို့

၂။ တင်ဒါလျှောက်လွှာပုံစံများကို အထက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၅၉-၂၀၂၃၄၈၁ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါဗဟိုကော်မတီ**

## ပြင်ဆင်ဖတ်ရှုပါရန်

၄-၅-၂၀၂၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၁)ပါ သရက်မြို့နယ် မြေစာရင်းဦးစီးဌာန၊ ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာတွင် မြေကွက်အမှတ်(၂၈၉/၂၇၉) အစား မြေကွက်အမှတ်(၂၈၉/၃၇၉) ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရွာသာယာကျေးရွာနေ (ဘ) ဦးကြည်၏သား မောင်သောင်းလွင် ၈/မလန(နိုင်)၀၉၂၉၄၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် MC 299849 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၁၃၃၇၉၄၂**

## အမည်ပြောင်း

သာစည်မြို့နယ်၊ အမက အောင်မင်္ဂလာကိုယ်ပိုင်ကျောင်း G-1 မှ (ဘ) ဦးကိုကြီး ၉/သစန (နိုင်)၁၄၉၇၈၉ ၏ သား မောင်ကောင်းဆက်၏ အမည်မှာ မောင်ကောင်းဆက်ထွန်း ဖြစ်ပါကြောင်း။

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဆီမီးထွန်းအုပ်စု၊ ကြည်တော်ကုန်းကျေးရွာနေ (ဘ) ဦးရဲလွင်၏သား မောင်ငြိမ်းချမ်းအောင် ၈/တတက(နိုင်)၂၆၄၅၉၅ ၏ နိုင်ငံကူးလက်မှတ်အမှတ် MB 457845 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၄၀၄၅၀၄၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် ဠ-၁၃၊ ဦးပိုင်အမှတ် (၇၉-ခဲစင်း) ၇၃ x ၇၄ လမ်းကြား၊ ၁၁၇ x ၁၁၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်း၏ (SP ရရှိသူ ဦးဇော်လင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅၇/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဦးလှမင်း ၅/အရတ(နိုင်)၀၅၄၈၃၅က အမှုတွဲအမှတ်(၀၃၃၈/၂၀၂၄-၂၀၂၅) ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၂၀၀၊ ဦးပိုင်အမှတ် (၆/ဃ)/၂၅ x ၂၆ ကြား၊ ၈၉.A လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးကျော်မြင့်ဦး ၉/သပက(နိုင်) ၀၁၂၈၈၉ က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိုးကောင်းမြို့နယ်၊ ဈေးကုန်းရပ်ကွက်နေ ဒေါ်မြင့်မြင့်သန်း ၅/ရဘန(နိုင်) ၁၃၃၂၈၆ ၏သား မောင်ထွန်းအောင်ကျော် ၁/မကတ(နိုင်)၁၂၆၇၇၄ သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်၍ နေအိမ်မှဆင်းသွားပြီး ဖြစ်ပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေ ပြတ်စွန့်လွှတ်လိုက်ပါသည်။ မောင်ထွန်းအောင်ကျော်နှင့် ပတ်သက်သည့် ကိစ္စအဝဝကို မည်သည့်အခါမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**မိခင်-ဒေါ်မြင့်မြင့်သန်း**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (သကမ-၅)၊ လူနေရပ်ကွက်အမှတ်-(၉)၊ ပတ္တမြားရတနာ(၁)လမ်း၊ မြေကွက်အမှတ် (၅၃၉/ခ)ဟုခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅) ဧက၊ အကျယ် အဝန်း ပေ(၂၀ x ၆၀)ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်သီတာဦး ၁၂/ရကန(နိုင်)၀၂၆၀၅၆ သည် မိမိအမည်ပေါက်ထွက်ထားရှိသည့် နှစ်(၆၀)မြေငှားစာချုပ်ဖြင့် လက်ရှိတွင် တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ ရောင်းချရန် အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှအပြီးအပိုင် ဝယ်ယူရန်အတွက် မြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မျိုးထက်ထက်ခိုင် ၇/တငန(နိုင်)၁၁၈၇၁၁၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** — **ဒေါ်သဉ္ဇာဝင်း(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** — **အထက်တန်းရှေ့နေ (စဉ်-၄၆၃၅၆)**
**အမှတ်(စီ/၅)၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၆၅၉၂၄၄၊ ၀၉-၂၆၂၄၇၇၇၃၃၊ ၀၉-၄၃၀၅၅၅၅၀၊ ၀၉-၈၅၉၀၀၄၉၈၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၂၃)လမ်း၊ အမှတ်(၈၈)၊ 4A (တတိယထပ်-ခေါင်းရင်း) (တိုက်ကို မျက်နှာမူလျှင် ညာဘက်) တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခင်ခင်ရီ ၁၂/စခန(နိုင်)၀၅၄၄၇၉ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများဖြစ်ကြသော ဦးထက်မြက်ဇော် ၁၂/လမန(နိုင်)၁၄၇၇၅၁၊ ဒေါ်အိမ့်ချမ်းမြေ့ခိုင် ၁၂/မရက(နိုင်)၁၅၃၂၁၈ တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B, D.B.L, D.I.L)** — **ဒေါ်ခင်စောသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** — **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)**
**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ပြင်ဦးလွင်ခရိုင်တရားရုံးတော်၌
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁

ဦးစောကပေါ်ထူး — နှင့် — ဒေါ်ဆန်းခူးမီး
တရားလို — — တရားပြိုင်

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ နှင်းဆီလမ်းနေ ဒေါ်ဆန်းခူးမီး (ဘ) ဦးဇားဖိုးလျံနာ (ယခုနေရပ်လိပ်စာမသိ) သူသိစေရမည်။

သင့်အပေါ်၌ ဦးစောကပေါ်ထူးက လင်မယားနှစ်ဦး သီးခြားစီ ခွဲခွာနေထိုင်ခွင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ (သို့မဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေလ ၁၇ ရက် (၁၃၈၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်) မွန်းမတည့်မီ ၉:၃၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ရုံးတော်မှ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်အတွင်း တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဆွေဆွေအေး)**
**ခရိုင်တရားသူကြီး**
**ပြင်ဦးလွင်ခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ ကွင်းအမည် (RA-VI)၊ အကွက်အမှတ် (ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၆-က/၁၆၂)၊ မြေယာအမှတ် (19/432)၊ ဦးမြတ်ဝင်း ၁၂/ဒဂန(နိုင်)၀၁၉၉၁၅၊ သက်သေခံကတ်ပြားအမှတ် (AB-၀၄၇၂၇၅) အမည်ဖြင့် မြေငှားဂရန်ရရှိထားသော မြေဧရိယာ ၀ ဒသမ ၁၄၇ ဧကရှိ မြေနှင့် မြေပေါ်တွင်ဆောက်လုပ်ထားသော နှစ်ထပ်တိုက် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စိုးစိုး ၉/မရတ(နိုင်)၀၁၁၆၆၄ နှင့် ဒေါ်သော်နှင်းစံ ၁၂/မရက(နိုင်)၁၅၇၁၀၇ တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ မည်သူမဆို ကျွန်ုပ်တို့ထံသို့ ဤသတင်းစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်ပိုပိုစံ (LL.B)** | **ဒေါ်အိဖြူ (LL.B)** | **ဦးရဲသော်ထွန်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၇၁၃၁)** | **(စဉ်-၁၇၁၉၀)** | **(စဉ်-၁၇၁၅၈)** |
| **ရပ်ကွက်ကြီး(၈)၊** | **ရပ်ကွက်ကြီး(၅)၊** | **ရပ်ကွက်ကြီး(၇)၊** |
| **ပြင်ဦးလွင်မြို့။** | **ပြင်ဦးလွင်မြို့။** | **ပြင်ဦးလွင်မြို့။** |
| **ဖုန်း-၀၉-၇၉၈၈၇၄၄၆၁** | **ဖုန်း-၀၉-၇၉၂၅၄၃၄၇၉** | **ဖုန်း-၀၉-၇၇၇၆၇၉၆၈၇** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ မဟာဗေယျာလမ်း၊ အမှတ်(၁၀)၊ မြေညီထပ် အကျယ်ပေ (၃၁ x ၆၀) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား တရားဝင်ရောင်းချ ပိုင်ခွင့်ရှိသူ ဦးမောင်မောင် ၁၂/ပဇတ(နိုင်)၀၀၉၇၂၉ နှင့် ဒေါ်ဖြူဖြူ ၁၂/ပဇတ(နိုင်)၀၀၉၅၄၀ တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်နှင်းအိစံ ၁၁/ပတန(နိုင်)၀၅၈၂၀၁ မှ ဝယ်ယူရန်အတွက် တိုက်ခန်းရောင်းဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ငြေးလွင်**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၃၇၇၅)**
**အမှတ် (၁၆)၊ ပထမထပ်၊ သမာဓိလမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၆၃၃၂၃**

## အမွေစားအမွေခံ ကိတ္တိမသမီးဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကားထော(ခ)ဒေါ်ကားထော် (ဘ) ဦးမြတင် ၁၀/ကမရ(နိုင်)၀၄၁၄၆၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

**အမှတ်(၅၆၀)၊ မာဃ(၁၀)လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၇၉၀၁၄၄၅၂၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာဝင်းအတွင်းရှိ No.586, Estella Town house ဟုခေါ်တွင်သော အကျယ်အဝန်း(Plot Area 1210 SQ FT, Floor Area – 1277 SQ FT) ပေအကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးပြည့်ဖြိုးဟိန်း ၁၂/မဂတ(နိုင်)၀၉၄၁၁၄ နှင့် ဒေါ်ပြည့်ပြည့်ဝင်းထွန်း ၁၂/သဃက(နိုင်)၁၈၂၈၂၅ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် မြေကွက်၊ နေအိမ်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီး မြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်လှိုင်ဌေး (LL.B, D.I.P.L) — ဒေါ်မေဇင်ဦး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀၈) — အထက်တန်းရှေ့နေ(စဉ်-၅၂၉၅၇)**
**အမှတ်(၃၁၆)၊ ရတနာလမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၇၈၀၀၅၁၊ ၀၉-၇၆၆၈၈၇၄၄၉**

## သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဝရဇာလမ်းနေ ကျွန်တော် ဦးသန်းဇော်၏သမီး မစိမ့်စိမ့်ဇော်ပိုသည် ကျွန်တော်၏ ဆိုဆုံးမစကားအား နာယူခြင်းမရှိပါသဖြင့် ယနေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းဇော်**

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့နယ်၊ ကျိုက်ပိ အထက Grade-10 မှ မစုမြတ်ရတနာဝေ၏ ဖခင်အမည်မှန်မှာ မောင်ဌေး ၁၄/မမက (နိုင်) ၂၀၉၉၈၅ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

ဦးအေးနိုင်နှင့် ဒေါ်ခင်ခင်သန်း တို့၏ သား ပန်းတနော်မြို့ အထက(၁) Grade-8 အောင်မှ မောင်ဇူးမြတ်ထက် အား မောင်အောင်ချမ်းပြည့်လင်း ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း (Star City)အတွင်းရှိ Galaxy Tower T-2၊ တိုက်အမှတ် (C-2)၊ အခန်းအမှတ် (907-A)၊ Type(X)၊ Area (၄၁၂)Sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးနိုင်ဝင်းအောင် ၁၂/မရက(နိုင်)၀၅၈၉၅၃ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများ ရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ငြိမ်းအေးစုမွန် ၁၂/မဂဒ(နိုင်)၁၂၇၉၂၉**
**၁၄၈၊ က-၃လမ်း၊ မြို့သစ်(က၊ ခ)၊ အင်းစိန်**
**ဖုန်း-၀၉-၉၆၅၈၅၈၉၈၈**

## ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်စဉ်-၁/၂၀၂၄-၂၀၂၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင် လက်အောက်မြို့နယ်များတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများအား အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူပြီး(မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံရောင်းချမည့်ရက်** | - | ၉-၅-၂၀၂၄ မှ ၁၇-၅-၂၀၂၄ ရက်အထိ ( ရုံးချိန်အတွင်း) |
| **တင်ဒါပိတ်မည့်ရက်/အချိန်** | - | ၂၀-၅-၂၀၂၄ ရက်၊ ၁၁:၀၀ နာရီ |
| **တင်ဒါဖွင့်မည့်ရက်/အချိန်** | - | ၂၀-၅-၂၀၂၄ ရက်၊ (တနင်္လာနေ့)၊ (၁၃:၀၀)နာရီ |
| **တင်ဒါဖွင့်မည့်နေရာ** | - | ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ တာငါးဆယ်မြောက်ရပ်၊ ဈေးကလေးလမ်း၊ ဟင်္သာတမြို့။ |

၂။ လိုအပ်သည့် လုပ်ငန်းသုံးပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက် ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်း သတ်မှတ်ချက်များကို လမ်းဦးစီးဌာန၊ ဟင်္သာတခရိုင်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် မြို့နယ်ဦးစီးအရာရှိရုံးများတွင် ၉-၅-၂၀၂၄ ရက်မှ စတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လမ်းဦးစီးဌာန**
**ဟင်္သာတခရိုင်**
**ဖုန်း-( ၀၄၄-၂၁၀၃၃၊ ၀၄၄-၂၂၇၄၆ )**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ အောက်ဖော်ပြပါ တင်ဒါများအား(မြန်မာကျပ်ငွေ) ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမည် |
|---|---|---|
| က | 3(T)/ESE/ 2024–2025 | ရှမ်းပြည်နယ်(တောင်ပိုင်း) နှင့် နေပြည်တော်တို့တွင် ဆောင်ရွက်မည့်ဓာတ်အားလိုင်းများအတွက် လိုအပ်သော ကွန်ကရစ်တိုင်များအား Lot အလိုက်ဝယ်ယူရန် |
| ခ | 4(T)/ESE/ 2024–2025 | တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့် ဓာတ်အားခွဲရုံတည် ဆောက်ခြင်းလုပ်ငန်းများအတွက် လိုအပ်သော ၆၆/၁၁ ကေဗွီနှင့် ၃၃/၁၁ကေဗွီ ပါဝါထရန်စဖော်မာများအား Item အလိုက် ဝယ်ယူရန် |
| ဂ | 5(T)/ESE/ 2024–2025 | တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆောင်ရွက်မည့် ဓာတ်အားခွဲရုံများအတွက် ဓာတ်အားခွဲရုံဆက်စပ်ပစ္စည်းများအား Lot အလိုက် ဝယ်ယူရန် |

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၆-၅-၂၀၂၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၅-၂၀၂၄ ရက်၊ မွန်းတည့် ၁၂:၀၀ နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်းဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း- ၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အိတ်ဖွင့် တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးစက်ပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများနှင့် အရပ်ရပ်သုံးပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်း အသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄) နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၃၄၁၁၂၃၃၊ ၀၆၇-၃၄၁၁၆၀၅ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၆- ၅-၂၀၂၄ ရက်၊ နံနက်(၀၉:၃၀) နာရီ

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၄-၅-၂၀၂၄ ရက်၊ ညနေ(၁၆:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း တင်ဒါအမှတ်စဉ်(၁(ရော)/၂၀၂၄-၂၀၂၅

ဧရာဝတီတိုင်းဒေသကြီး၊ လမ်းအထူးအဖွဲ့ (၂၀)၊ ရေကြည်မြို့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် အတွင်း လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သည့်လမ်းခင်းကျောက်နှင့် လုပ်ငန်းသုံး ပစ္စည်းများကိုလမ်းအလိုက်၊ လမ်းပိုင်းအလိုက် လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

လိုအပ်သည့် လမ်းခင်းပစ္စည်းများ၏အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့်အသေးစိတ်စာရင်း နှင့် တင်ဒါစည်းကမ်းသတ်မှတ်ချက်များကို လမ်းအထူးအဖွဲ့ (၂၀)၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ၏ ကြော်ငြာသင်ပုန်းတွင် ၄-၅-၂၀၂၄ ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁။ **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** | - | ၉-၅-၂၀၂၄ ရက် |
| ၂။ **တင်ဒါလျှောက်လွှာ အရောင်းပိတ်မည့်ရက်/အချိန်** | - | ၁၉-၅-၂၀၂၄ ရက်၊ ၁၂:၀၀ နာရီ |
| ၃။ **အိတ်ဖွင့်တင်ဒါဖွင့်မည့် ရက်/အချိန်** | - | ၂၀-၅-၂၀၂၄ ရက်၊ ၁၀:၀၀ နာရီ |
| ၄။ **အိတ်ဖွင့်တင်ဒါတင်သွင်း ရမည့်နေရာ** | - | ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၂၀) ရေကြည်မြို့။ |

တင်ဒါလျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းများကို ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့ (၂၀)၊ ရေကြည်မြို့၊ ဖုန်း ( 09-450535740၊ 09-250322701 ) တွင် ၉-၅-၂၀၂၄ ရက် မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ လမ်းအထူးအဖွဲ့ (၂၀)၊ရေကြည်**
**ဖုန်း -၀၉-၄၅၀၅၃၅၇၄၀၊ ၀၉-၂၅၀၃၂၂၇၀၁**
**e-mail address: rcsu20.tender@gmail.com**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5R/6119 FORLAND Dump Truck ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ဇော် ၁၂/ကမန(နိုင်)၀၆၈၅၀၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဖျာပုံမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4J/9454 Honda Insight H/B(4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဆုမြတ်မွန်အောင် ၇/ကတခ(နိုင်)၁၁၀၇၃၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း၃၊ မြေကွက်အမှတ်(၁၄၁၈)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးကိုကြီး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား အမည်ပေါက်သူ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၈၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးကြည်လွင် ၉/မထလ(နိုင်)၀၉၀၈၀၆ မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး ဒေါ်လှမှူးခင်ခင် ၁၂/ဒဂရ(နိုင်)၀၁၁၇၀၁ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/88085 Luojia 110ယာဉ်လက်ဝယ်ရှိသူဦးမင်းထက်ဝေ ၁၄/ကကန(နိုင်)၁၈၄၃၇၂က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/67182 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဝင်းကို ၁၄/ကလန(နိုင်)၁၇၉၀၁၆ က (ကမ -၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထာ လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မအူပင်)**
**မအူပင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/94408 Honda Wave 110 M/C ယာဉ် လက်ဝယ်ရှိသူ ဦးနေမျိုးအောင် ၇/မခန(နိုင်)၃၃၅၆၂၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်)**
**ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2Q/5353 Suzuki Ertiga YL8 Station Wagon (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြင့်မြင့်လွင် ၉/မရမ(နိုင်)၀၂၆၃၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2N/7930 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း

၁။ **သင်တန်းဖွင့်မည့်ရက်များ**
(က) **အမှတ်စဉ်(၂/၂၀၂၄)** - (၂၉-၅-၂၀၂၄)မှ (၄-၆-၂၀၂၄)ထိ
(ခ) **သင်တန်းချိန်** - (၉:၀၀)နာရီမှ (၄:၀၀)နာရီ ထိ
၂။ **သင်ကြားပို့ချမည့် ဘာသာရပ်များ** - မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများ
၃။ **သင်တန်းကြေး** - အခမဲ့(သင်တန်းကာလတွင် ဌာနမှ သင်တန်းဆောင်တွင်အခမဲ့နေထိုင်ခွင့်ပြုပါမည်။)
၄။ စားစရိတ်၊ သင်တန်းမှတ်စု၊ လက်တွေ့လုပ်ငန်းဆောင်ရွက်မှု ကုန်ကျစရိတ်နှင့် ပြင်ပမှိုခြံလေ့လာရေး - သင်တန်းသားများကျခံရမည်။

**စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း(၁၀)မိုင်သင်တန်းကျောင်း ဟံသာဝတီဂေါက်ကွင်းရှေ့၊ ပဲခူးမြို့နယ်၊ ဆက်သွယ်ရန် ဖုန်း-၀၉ ၄၂၀၁၇၇၁၁၅၊ ၀၉ ၄၂၀၁၂၆၀၈၂ (သင်တန်းသား(၃၀)ဦးသာ လက်ခံမည်ဖြစ်ပါသည်။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် ၂၊ ဦးပိုင်အမှတ် (၁၀.က) ၅၁x၅၂လမ်းကြား၊ သိပ္ပံလမ်းနှင့် Aလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးလင်း ၁၃/လလန(နိုင်) ၀၅၃၅၀၄ကအမှုတွဲအမှတ် ၀၃၁၉/၂၀၂၄-၂၀၂၅ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် စ.၉၊ ဦးပိုင်အမှတ် (၈၈)၊ မနော်ဟရီလမ်း၊ ၆၅x၆၆လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရောက်အယ်(ခ)ဒေါ်မြင့်မြင့်ဝင်း ၁၃/လရန(နိုင်)၀၆၃၅၅၈ကအမှုတွဲအမှတ် ၀၃၁၈/၂၀၂၄-၂၀၂၅ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃/ရန်ပြေ)၊ မြေကွက်အမှတ် (၁၃၀၃/ခ)၊ ဧရိယာ (၂၀ပေ x၆၀ပေ)၊ မြေကွက်တည်နေရာ အမှတ်(၃၈)၊ ရန်ပြေလမ်း(၂၀)အရှေ့၊(၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျော်မိုး ၁၂/သကတ(နိုင်) ၀၄၂၇၇၅ အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက် ဦးကျော်မိုး ၁၂/သကတ(နိုင်)၀၄၂၇၇၅(ဖခင်)နှင့်ဒေါ်စိုးမြင့်(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသော ဒေါ်စန္ဒာမိုး ၁၂/သကတ နိုင်)၀၄၂၂၃၉၊ ဒေါ်ခင်သီတာမိုး ၁၂/သကတ(နိုင်)၁၉၂၇၉၆၊ ဒေါ်မေခင်သန္တာမိုး ၁၂/သကတ(နိုင်)၁၃၈၆၅၂)၊ ဦးနိုင်လင်းမိုး ၁၂/သကတ(နိုင်)၁၅၄၄၆၉ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၁၀/၂၀၂၃) (၁၆-၁၀-၂၀၂၃)ရသူ ဦးကျော်ကျော်လွင် ၁၂/သကတ(နိုင်)၀၀၁၇၂၆မှ ကွယ်လွန်သူမိဘများတွင် သားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ(၄) ဦးတည်းကိုသာ မွေးဖွားထွန်းကားခဲ့ပါကြောင်း၊ အခြားသောသားသမီးမွေးချင်း တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အမွေစား အမွေခံ ကိတ္တိမသားသမီးများလည်း မွေးစားထားခဲ့ခြင်း လုံးဝမရှိပါကြောင်း မိဘများကွယ်လွန်ကြပြီးနောက် အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျန်ရစ်သူသားသမီးအရင်းများဖြစ်ကြသော မိမိတို့မောင်နှမ(၄)ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပါကြောင်းနှင့် မိမိတို့မှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ဒေါ်စန္ဒာမိုး၊ ဒေါ်ခင်သီတာမိုး၊ ဒေါ်မေခင်သန္တာမိုး၊ ဦးနိုင်လင်းမိုးတို့ကိုယ်တိုင် ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊ ဦးကျော်မိုး(ဖခင်)နှင့် ဒေါ်စိုးမြင့်(မိခင်) တို့၏ သေဆုံးမှုလက်မှတ်၊ အထွေထွေ ကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးအပ်သူ သက်ရှိထင်ရှားရှိကြောင်းနှင့် ကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်းမရှိကြောင်း တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆကလက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ဝါတိုး ရပ်ကွက်ကြီး၊ ဝါတိုးဈေးကုန်းရပ်ကွက်၊ ရန်အောင်မြင်လမ်း၊ နာရီစင်အနီး အိမ်အမှတ် တ-၅၆/၈နေ ဦးခင်မောင်ဦး-ဒေါ်မေသူဝင်းတို့တွင် သား(၂)ယောက်ရှိပါသည်။ ၄င်းတို့နှစ်ယောက်မှ ပထမသားဖြစ်သူ မောင်အောင်ခန့်မင်း ၉/ရမသ(နိုင်)၂၄၉၁၁၆သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများအား ပတ်ဝန်းကျင်တွင် အရှက်ရစေခြင်း၊ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ ဆိုးသွမ်းမှုအမျိုးမျိုးပြုလုပ်ခဲ့သဖြင့် ၄င်းမောင်အောင်ခန့်မင်းအား မိဘများက အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ နောက်နောင် ၄င်းနှင့်ပတ်သက်သော လူမှုရေးပြဿနာကိစ္စရပ်များ၊ ငွေရေးကြေးရေးကိစ္စရပ်များ အားလုံးတို့သည် ပြုလုပ်သူ ၄င်းနှင့်သာ သက်ဆိုင်ပြီး ၄င်းနှင့်ပတ်သက်သော ကိစ္စအဝဝအား ကျွန်ုပ်တို့မိဘနှစ်ပါးတို့မှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်မေသူဝင်း** |
| **၉/ရမသ(နိုင်)၀၈၅၇၀၂** | **၉/ရမသ(နိုင်)၀၉၀၆၈၀** |
| **ဝါတိုးဈေးကုန်းရပ်** | **ဝါတိုးဈေးကုန်းရပ်** |
| **ရန်အောင်မြင်လမ်း၊** | **ရန်အောင်မြင်လမ်း၊** |
| **ရမည်းသင်းမြို့၊** | **ရမည်းသင်းမြို့၊** |

**(မိဘနှစ်ပါး)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဃ-၄၊ ဦးပိုင်အမှတ် (၁၁၃)၊ ၆၅လမ်း၊ စိန်ပန်းနှင့် အောင်မင်္ဂလာလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းဆွေ၏(SPရရှိသူ ဒေါ်ချောက်ရီ) ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၂၅၄၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှပြုံးကြည် ၈/ဆမန(နိုင်)၀၅၄၉၇၇က အမှုတွဲအမှတ် (၀၃၃၆/၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ (The Aurora) စီမံကိန်းအဆင့် တိုက်အမှတ်(A-5)၊ (၆)လွှာ၊ အခန်းအမှတ်(၆၂၀)၊ ဧရိယာ (၆၂၂)စတုရန်းပေ အကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့် အခန်းအတွင်းရှိ ဆက်စပ်တွယ်ကပ်လျက်ရှိသော ပရိဘောဂ ပစ္စည်းများနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လားလ်နွန်ငှတ်အီး ၅/ကလထ(နိုင်)၁၆၃၅၇၂ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ဦးတင့်ထူးအောင် ၁၂/ဥကတ(နိုင်)၁၆၂၈၉၈နှင့် ၎င်း၏ဇနီး ဒေါ်လွင်သီရိကျော် ၁၂/လသန(နိုင်)၀၂၂၆၅၃တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ရုံးချိန်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတင့်ထူးအောင်နှင့် ဒေါ်လွင်သီရိကျော်တို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်အေးဝင်း(LL.B) အထက်တန်းရှေ့နေ(စဉ်-၅၂၅၈၂)**
**အမှတ် ၇၃၇/ခ၊ မြေညီထပ်၊မာဃလမ်းမ၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၆၇၆၄၈၉၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၅၂၀၊ ဦးပိုင်အမှတ် (၂၃-ဇ) ၈၃x၈၄ လမ်းကြား၊ ၃၈x၃၉ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ရွှေဝင်း၏ SP ရရှိသူ မန်နေဂျာ(ရိုးမဘဏ်)၏ (၃-၈-၂၀၂၃)ရက်စွဲပါအစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်ဖြင့် ရိုးမဘဏ်ကိုယ်စား ဦးရဲဝင်းသိန်းက တာဝန်ယူလက်မှတ်ရေးထိုးသည်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၂၁၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်း ထိုက်စံ ၉/ပဘန(နိုင်)၂၁၅၄၂၂၊ ဒေါ်စန္ဒာဝင်း ၈/ထလန(နိုင်)၀၅၀၂၀၇တို့က အမှုတွဲအမှတ် (၀၀၅၁/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅ ဖြင့် ဘိုးဘအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ထက်ထက်မိုး၊ ဦးစိုးသူရိန်၊ ဦးအောင်မြင့်ထွန်း၊ ဦးစောသူရိန်လင်း၊ ဦးစည်သူလင်း၊ ဦးကျော်ထက်ဟိန်း၊ ဒေါ်သဲစုမွန်တို့လွှဲအပ်ချက်အရ ဒေါ်လဲ့ခိုင်ထွေး တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၅၆)၏ (၃၀-၄-၂၀၂၄)ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၁)ပါ "ဒေါ်သန္တာဦးနှင့် အများသိစေရန် ပြန်လည်ကြေညာခြင်း"အား မှန်ကန်ခြင်းမရှိပါကြောင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

မြိတ်မြို့၊ ကုန်းဖောက်ရပ်၊ အဝေးပြေးကားဝင်းအသစ်အနီးနေ ဒေါ်သန္တာဦး (ဘ)ဦးထွန်းမင်းဦး ၆/ကသန(နိုင်) ၁၂၆၅၈၀ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းပြန်လည် ရှင်းလင်းကြေညာအပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု အမှတ်-၅၊ ရပ်ကွက်/ ကျေးရွာ အုပ်စု အမည်-ကန်ဖျား၊ ကွင်းအမှတ်/အမည်-၈ CN ကန်ဖျား၊ ဦးပိုင်အမှတ်(၁၂/၄၀) ပိုင်ဆိုင်ခွင့်-လက်ရှိ၊ မြေအမျိုးနှင့် အတန်း-$G_2$၊ ဧရိယာ(၀.၄၅)ဧကေ၊ အရှေ့မျက်နှာစာ (၂၃)ပေ၊ အလျားပေ(၈၀)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အခွန်ခွဲတမ်းအမှတ်စဉ်-၁၀၅၀၊ အိမ်အမှတ်-၃၊ လမ်း-၁၊ ရပ်ကွက် ငါးဆူ အနောက်ဟုခေါ်တွင်သည့် ဆောက်လုပ်ဆဲ RCအဆောက်အအုံတို့အား ဒေါ်သန္တာဦးမှ ဒေါ်ထက်ထက်မိုးပါ (၇)ဦးတို့ အား ရောင်းချခဲ့ခြင်း၊ မြေကွက်၊ နေအိမ်တို့နှင့် ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို လက်ရောက်အပ်ပေးခြင်း မျိုးလုံးဝမရှိဘူးပါ။ ဒေါ်ထက်ထက်မိုးပါ(၇)ဦးတို့အား ဒေါ်သန္တာဦးမှ တွေ့ဆုံဖူးခြင်းလည်းမရှိပါ။

ဒေါ်ထက်ထက်မိုးပါ(၇)ဦးမှ ဒေါ်သန္တာဦးနေအိမ်တွင်မရှိခိုက် နေအိမ်သို့ရောက်လာပြီး ဒေါ်သန္တာဦး၏ မောင်ဖြစ်သူ မောင်မြတ်မင်းဦးထံမှ အဆိုပါမြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများကိုယူဆောင်သွားခြင်းသာဖြစ်ပါသည်။

ဒေါ်သန္တာဦးအနေဖြင့် ဒေါ်ထက်ထက်မိုးပါ (၇)ဦးတို့အကြား မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်၍ငွေ (၈၇၀၀၀၀၀၀၀/-) (ကျပ်သိန်းရှစ်ထောင်ခုနစ်ရာတိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းမျိုးလုံးဝမရှိသဖြင့် ဒေါ်သန္တာဦးအနေဖြင့် ဒေါ်ထက်ထက်မိုးပါ(၇)ဦးတို့အား အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးရန် အကြောင်းလုံးဝမရှိပါ။

ဒေါ်ထက်ထက်မိုးပါ(၇)ဦးတို့မှ ဒေါ်သန္တာဦးနေအိမ်တွင်မရှိခိုက် ဒေါ်သန္တာဦး၏မောင်ဖြစ်သူထံမှ ယူဆောင် သွားသော မြေကွက်၊ နေအိမ်တို့နှင့်ပတ်သက်သော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများကို သတင်းစာတွင် ထည့်သွင်းကြော်ငြာသည့်ရက်မှစ၍ (၇)ရက်အတွင်း ဒေါ်သန္တာဦးထံသို့ မပျက်မကွက်ပြန်လည် အပ်နှံပေးပါရန် အကြောင်းကြား အပ်ပါသည်။ အကယ်၍ သတ်မှတ်ထားသည့်နေ့ရက်အတွင်း ပြန်လည်အပ်နှံပေးခြင်းမရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**ဒေါ်သန္တာဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူမာညွန့် LL,B,LLM,C,B.L;(Advocate)**
**တရားလွှတ်တော်ရှေ့နေ (၈၄၈၀/၂၅-၁၀-၂၀၁၂)**
**မြို့ပတ်လမ်း၊ မြိတ်တောင်ရပ်၊ မြိတ်မြို့။**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒုတိယဗိုလ်မှူးကြီး အယ်(လ်)ဇော်ဘ(ငြိမ်း)
## (ကြည်း - ၅၂၇၆)
## အသက်(၉၉)နှစ်

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၅၈/၂)နေ (ဝဏ္ဏကျော်ထင် လဖိုင်ဇော်လ - ဒေါ်နန်းအေးမှုံ)တို့၏သားကြီး၊ [ဦးအယ်(လ်)ဇော်မိန်း]-ဆရာမ ဒေါ်နန်းကြာယုံ (လက်ထောက်သင်းအုပ်၊ ရှမ်းနှစ်ခြင်းခရစ်ယာန်အသင်းတော်)၊ [ဦးအယ်(လ်)မိန်းနောင် - ဒေါ်အယ်(လ်)ဂျာဘောက်]၊ ဒေါ်အယ်(လ်)နန်းခမ်း [ဒုတိယ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ရှမ်းပြည်နယ်လွှတ်တော်ရုံး]၊ ဦးအယ်(လ်)လမိန်းဒိန် (GRAND WYNN GROUP OF COMPANIES) -ဒေါ်စန်းယုမော် (ညွှန်ကြားရေးမှူး၊ ကချင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး)၊ ဒေါက်တာဦးရဲလွင်(ပါမောက္ခဌာနမှူး-ငြိမ်း)-ဒေါ်အယ်(လ်)နန်းရင်၊ ဒေါက်တာအယ်(လ်)တူးမိန်းဂေါင် (အမြဲတမ်းအတွင်းဝန်၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန) - ဒေါ်နန်းရိုဇာ တို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၀ ယောက်၊ မြစ် ခြောက်ယောက် တို့၏ အဘိုး၊ [ဒေါ်အယ်(လ်)ပရီလွမ်း]၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီး အယ်(လ်)ဇော်ဘ(ငြိမ်း)သည် ၃-၅-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၁:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပြီဖြစ်ပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ၆-၅-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်၌ ဝတ်ပြုကိုးကွယ်ပြီး တိုင်းရင်းသားပေါင်းစုံ နှစ်ခြင်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ညှိုးငယ်သောစိတ်ဖြင့် အသိပေး အကြောင်းကြားအပ်ပါသည် ။

### အောက်မေ့ဘွယ်ဝတ်ပြုဆုတောင်းခြင်း

အောက်မေ့ဘွယ် ဝတ်ပြုဆုတောင်းခြင်းကို ၆-၅-၂၀၂၄ ရက်နေ့ ညနေ ၄ နာရီတွင် အထက်ပါနေအိမ်၌ ပြုလုပ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါဝင်နိုင်ပါရန် မေတ္တာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၁၀၄၊ မနော်ဟရီ(၁)လမ်း၊ မြေကွက်အမှတ် ၈၄၈(က)၊ အကျယ်အဝန်း (၂၀'x၆၀')ပေရှိ ပါမစ်မြေကွက်သည် ဦးလင်စိတ်ရှုပ် (KMYT- ၀၀၆၇၀၀)၏ အမည်ပေါက်ဖြစ်ပြီး၊ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များ၊ တရားဝင်ပိုင်ဆိုင်မှု စာရွက်စာတမ်းများဖြင့် လက်ရှိထားပိုင်ဆိုင်သူများဖြစ်ကြသည့် ဦးချစ်ရဲထွန်း ၁၂/ဒဂတ(နိုင်)၀၄၉၅၈၈နှင့် ဒေါ်ပိုးအိဖြူ ၁၂/ဒဂတ(နိုင်)၀၈၉၅၁၅တို့က အရှုပ်အရှင်း၊ အပေါင်အနှံကင်းရှင်းကြောင်း တာဝန်ယူဝန်ခံကတိပြုပြီး ရောင်းချရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်တင်ဇာထွန်း ၁၂/တမန(နိုင်)၁၄၅၁၁၅က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ခိုင်လုံစွာဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက် တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုမိုကို တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၉)**
**အမှတ်(၂၃)၊ လမ်း-၁၃၀နှင့် သုံးမြှောင့်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ဖုန်း-၀၉-၇၈၁၆၈၅၀၄၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးစံပြကျေးရွာ၊ အောင်မင်္ဂလာ(၁)လမ်း၊ အမှတ်(မရှိ) ဟုခေါ်တွင်သော (၁၅x၇၃)ပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော အဆောင်(၅)ခန်းပါ အဆောက်အအုံနှင့်ရေ၊ မီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမြင့်ဦး (၁၂/မဂဒ(နိုင်)၀၅၉၁၈၂)မှ ကာလတန်ဖိုးနှင့်အညီ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဌေးဌေးအောင်(၉/တသန(နိုင်)၁၁၀၀၈၂)က ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် အိမ်ခြံမြေတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆိုပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်ပါရန်နှင့် သက်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဌေးဌေးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသဲမောင်ကြည် တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၃၃၅)**
**အမှတ်(၂၆၁)၊စံပယ်လမ်း၊(၃/က)ရပ်ကွက်၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၇၆၈၉၄၄၊ ၀၉- ၄၄၀၂၆၇၉၈၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/84248, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးမင်းနိုင် ၁၄/ပသန(နိုင်) ၂၁၄၅၄၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃ဃ/၄၉၁၇၁, Honda Wave NF 110M , M/C ယာဉ်လက်ဝယ်ရှိသူ ဦးချိုလွင် ၆/လလန(နိုင်)၀၃၉၉၅၃ မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ သက်သေခိုင်လုံသောအထောက်အထားများဖြင့် (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ထားဝယ်)**

## အမည်မှန်

(ဘ) ဦးသောင်းမြင့် ၉/မထလ(နိုင်)၂၀၂၁၈၈ ၏ သမီး မရှင်ဖုန်းမြင့်၏ အမည်မှန်မှာ မရှင်ဘုန်းမြင့် (၉/မထလ (နိုင်) ၃၇၄၅၁၉ဖြစ်ကြောင်းနှင့် မခင်ဖုန်းမြင့်၏ အမည်မှန်မှာ မခင်ဘုန်းမြင့်ဖြစ်ပါကြောင်း။

**မရှင်ဘုန်းမြင့်၊**
**မခင်ဘုန်းမြင့်**

## အများသိစေရန်ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၆-က)၊ အကွက်အမည်-ကန်ဖျားကွင်း၊ ဦးပိုင်အမှတ် (၃၀)၊ ဧရိယာ ၀ဒသမ ၀၅၈ဧကကို ဘိုးဘပိုင် အမည် ပြောင်းပေးရန် ဒေါ်လွင်လွင်မိုး(ခ)မဘိစူမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ မေလ (၂၉)ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြိတ်မြို့နယ်မြေစာရင်း**
**ဦးစီးဌာန၊ မြိတ်မြို့**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)/ ရဲမှူးကြီးလှမြင့်(ငြိမ်း)/
### Michael Hla Myint
### စိန့်ပေါလ်ကျောင်းသားဟောင်း
### အသက် (၈၃)နှစ်

စိန့်ပေါလ်ကျောင်းသားဟောင်းအသင်း၏ ဦးဆောင်နာယက တစ်ဦးဖြစ်သူ ဒုဗိုလ်မှူးကြီးလှမြင့် (ငြိမ်း)/ရဲမှူးကြီးလှမြင့်(ငြိမ်း)/Michael Hla Myint အသက် (၈၃)နှစ်သည် ၂-၅-၂၀၂၄ရက် (ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စိန့်ပေါလ်ကျောင်းသားဟောင်းများ (O.P.A)**

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး လှမြင့်(ငြိမ်း)/ရဲမှူးကြီးလှမြင့်(ငြိမ်း)/
### Michael Hla Myint
### စိန့်ပေါလ်ကျောင်းသားဟောင်း
### အသက်(၈၃)နှစ်

စိန့်ပေါလ်ကျောင်းသားဟောင်း ဂေါက်ရိုက်အသင်း၏ ဦးဆောင်နာယက တစ်ဦးဖြစ်သူ ဒုဗိုလ်မှူးကြီးလှမြင့်(ငြိမ်း)/ ရဲမှူးကြီးလှမြင့်(ငြိမ်း)/Michael Hla Myint အသက်(၈၃)နှစ်သည် ၂-၅-၂၀၂၄ရက်(ကြာသပတေးနေ့) တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**စိန့်ပေါလ်ကျောင်းသားဟောင်းဂေါက်ရိုက်အသင်း(O.P.G.A)**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီး ဦးဟန်ထွန်း
### အသက် (၈၉)နှစ်

တောင်ငူမြို့၊ ဦးပန်းဖြူလမ်း၊ အမှတ် (၅/၁၇၇)နေ ဆရာမကြီး ဒေါ်ညွန့်ခင်၏ ခင်ပွန်းဖြစ်သူ ဆရာကြီး ဦးဟန်ထွန်းသည် ၁-၅-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**CB Bank**

## ရဟန်း ၊ ကျောင်းဒါယိကာမကြီး
### ဒေါ်ခင်လှိုင် (မြင်းခြံမြို့ )
### အသက် (၈၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်သွယ်လမ်း၊ အမှတ်(၇၂)နေ (ဦးဘဖေ-ဒေါ်ကျင်စိန်)တို့၏သမီး၊ ဦးဘိုသန်း၏ချစ်လှစွာသောဇနီး၊ ဦးဇော်မြင့်-ဒေါ်သင်းသင်းနွယ်၊ ဦးဇော်ဌေး၊ ဦးဇော်ဝင်း- ဒေါ်ခင်သက်နိုင်၊ ဦးအောင်ဆွေညွန့်-ဒေါ်ဌေးဌေးခိုင်၊ ဦးဇော်မင်း-ဒေါ်သီတာဝင်း၊ဒေါ်မျိုးမျိုးခိုင်တို့၏ချစ်လှစွာသောမိခင်ကြီး မြေး(၈)ယောက်၊ မြစ်(၄)ယောက်တို့၏ ဘွားဘွားကြီးသည် ၃-၅-၂၀၂၄ရက် ( သောကြာနေ့) မွန်းလွဲ ၁၄:၀၅နာရီတွင် (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၅-၅-၂၀၂၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီအချိန်တွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါ၍ လိုက်ပါပို့ဆောင်ကြပါရန်နှင့် ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၂၄ရက် (အင်္ဂါနေ့)နံနက်၇နာရီမှ(၁၀)နာရီအထိ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ကောက်သွယ်လမ်း၊ အမှတ်(၇၂) နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြား အပ်ပါသည်။

(နေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းတင်တင်(ခ)Betty
### အထက်တန်းပြဆရာမ(ငြိမ်း)
### အထက(၂)လသာ၊ အထက(၁)ဒဂုံ
### အသက်(၈၄)နှစ်

ဌာနမှူး ဦးသန်းထိုက် (ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၏ မိခင်ကြီး ဒေါ်သန်းတင်တင် အထက်တန်းပြဆရာမ(ငြိမ်း)သည် ၄-၅-၂၀၂၄ ရက်(စနေနေ့) နံနက် ၉:၁၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အရာထမ်း၊ အမှုထမ်းများ**
**ဈေးများနှင့် ကုန်စည်ပွဲရုံများဌာန**

## ဒေါ်အမာကြည်
### အသက် (၇၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ်(၁၂၆) နေ (ဦးအောင်သိန်း+ဒေါ်ဖွားစိန်)တို့၏သမီး၊ (ဦးချစ်သောင်း(ခ)ဦးချစ်သွင်)၏ဇနီး၊ ဒေါက်တာဆွေဆက်-ဒေါက်တာစုလဲ့ဌေး၊ ဒေါက်တာနှင်းဖြူ၊ ဦးဆန်းထွဋ်-ဒေါ်မြသွေး၊ ဦးချမ်းငြိမ်း-ဒေါ်ဖြိုးသီရိ တို့၏မွေးသမိခင်၊ မြေး(၅)ယောက်တို့၏အဘွား ဒေါ်အမာကြည်သည် ၃-၅-၂၀၂၄ရက် (သောကြာနေ့) နံနက်(၈:၃၀)နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ယင်းနေ့ မွန်းလွဲ (၁:၀၀)နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ၉-၅-၂၀၂၄ ရက် (ကြာသပတေးနေ့) နံနက်(၈:၀၀)နာရီမှ (၁၁:၀၀)နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်သန်းတင်တင် (ခ) Betty
### အထက်တန်းပြဆရာမ (ငြိမ်း)၊ အ.ထ.က (၂) လသာ၊ အ.ထ.က (၁) ဒဂုံ
### အသက် (၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရရပ်ကွက်၊ တိုက်အမှတ် (၁၆)၊ အခန်း(၃)နေ [ဦးမောင်မောင်(ခ) ဦးစိန်ပွင့် - ဒေါ်ခင်ကြည်]တို့၏သမီးကြီး၊ (ဦးညွန့်မောင် - ဒေါ်ချစ်ခင်) တို့၏ သမီးချွေးမ၊ (ဦးမြဘူး)၏ ချစ်လှစွာသော ဇနီး၊ ဦးသန်းထိုက် (ဌာနမှူး၊ YCDC) - (ဒေါက်တာ ခိုင်စိုးမြင့်)၊ ဦးမိုးမြစ်-ဒေါ်ကျော့ကေသီ၊ဦးကျော်ကျော်ဝေ-ဒေါက်တာဝါဝါမွန်(ခတ်ရောင်ခြည်ကင်ဆာအထူးကုဆရာဝန်ကြီး-YGH)၊ ဒေါ်ဖြူဖြူတို့၏ ချစ်လှစွာသောမိခင်ကြီး၊ ကိုကောင်းထိုက်ဦး -မခိုင်ဆုပိုင်၊ ကိုရဲမာန်၊ မမြပန်းဖြူ၊ မောင်ရဲသွေးအောင်၊ မောင်ဘုန်းမြစ်တို့၏ ချစ်လှစွာသောအဘွား၊ မပျိုးမဒီဦး၊ မနေပုဏ္ဏာမီဦးတို့၏ ဘွားဘွားကြီးသည် ၄-၅-၂၀၂၄ရက်(စနေနေ့) နံနက် ၀၉:၁၇နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရရုပ်ခန္ဓာအား ဆေးတက္ကသိုလ်(၁) ရန်ကုန်သို့ ပေးပို့လှူဒါန်းပြီးဖြစ်ပါကြောင်းနှင့် ကွယ်လွန်သူအားရည်စူး၍ ၁၀-၅-၂၀၂၄ ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဘ)ဦးအောင်ကျော်သန်း၏သမီး မခင်သန်းအေး ၁၂/တမန(နိုင်) ၁၀၇၉၂၅၏ နိုင်ငံကူးလက်မှတ် နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၂၀၁၈၉၇၀**

## ဗိုလ်မှူးစိုးသိန်း(ငြိမ်း)
### ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)
### မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် ၂၄၊ မအူကုန်းလမ်းကျယ်နေ(ဦးစံဝင်း-ဒေါ်ထားရွှေ)တို့၏သား၊(စည်သူ ဗိုလ်မှူး တင်အောင်-ဒေါ်ခင်အုန်းမြင့်)တို့၏သားသမက်၊ [ဦးစိုးသွင် Executive Board of Director,ADB-(ငြိမ်း)-ဒေါ်တင်တင်စု] ၊ [ဒေါက်တာ ဒေါ်အေးအေးမြင့်(စိတ်ရောဂါ အထူးကုဆရာဝန်ကြီး-ငြိမ်း)]၊[ ဗိုလ်မှူးခင်မောင်ငြိမ်း (ငြိမ်း)-ဒေါ်လှမြင့်]၊ (ဒေါက်တာ ဒေါ်လှနွယ်)၊ဒေါက်တာ ဦးမြင့်သိန်း Ph.D(U.S.A)-(ဒေါ်ခင်အေး)၊ဦးမောင်မောင် UNICEF Headquarter,New York(ငြိမ်း)၊ ဒေါ်မြတ်မြတ်(U.S.A)တို့၏ညီ/မောင်၊ ဒေါက်တာဦးဝင်းနိုင် Ph.D (U.S.A)-ဒေါ်ရီရီဝင်း၊ (ဒေါ်ခိုင်ခိုင်-အလယ်တန်းပြ-ငြိမ်း)တို့၏အစ်ကို၊ ဦးဇေယျာထွေး-ဒေါ်နှင်းဇာခြည်အောင် တို့၏ဖခင်၊ ဒေါ်သန်းသန်းအောင်[မန်နေဂျာ(ငြိမ်း) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း]၏ခင်ပွန်း၊ တူ/တူမ (၁၁)ယောက်၊ မြေး (၁၇)ယောက်တို့၏ဘိုးလေး ဗိုလ်မှူးစိုးသိန်း(ငြိမ်း) အသက်(၇၇)နှစ်သည် ၄-၅-၂၀၂၄ရက်(စနေနေ့)နံနက် ၃:၅၀နာရီတွင် SSC အထူးကုဆေးရုံ၌ (၈၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၆-၅-၂၀၂၄ရက် (တနင်္လာနေ့) နံနက် ၁၀:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဒေါ်မြတ်စုရီ(ချောက်မြို့)
### အသက်(၆၄)နှစ်

ချောက်မြို့၊ နဂ(၃)၊ညောင်လှစာရေးတန်းရပ်နေ (ဦးလှရီ-ဒေါ်သိန်း)တို့၏သမီးကြီး၊ရန်ကုန်မြို့၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရေကူးအရာရှိ ဝန်ထမ်းအိမ်ရာ၊ တိုက်(၂)၊ အခန်း(၂၀၃)နေ(ဦးဝင်းအောင်) မင်းဘူးမြို့နေ ဦးကျော်လွင်-ဒေါ်ကြည်ကြည်ခိုင်(ဟီးရိုးလယ်ယာသုံးစက်ပစ္စည်းဆိုင်)တို့၏ညီမ၊ ဒေါ်အေးသင်းရီ(ဒုတိယညွှန်ကြားရေးမှူး)(စီစဉ်/စီမံ)(MRTV)၊ ဒေါ်ရီရီလှိုင်-ဦးတင်မောင်ရွှေ၊ ဒေါ်ငြိမ်းဇံရီ(ပထမ ပုဂ္ဂလိကဘဏ်)တို့၏အစ်မ၊ မောင်သာဆက်ထူးကျော်-မစောယုမေ၊ မောင်သန့်ကိုဟိန်း-မမိုးအိစံ၊မအေးငြိမ်းစံ(MNA)၊မအိငြိမ်းစံ၊ မောင်ဟိန်းထက်အောင်တို့၏အဒေါ် ဒေါ်မြတ်စုရီသည် ၃-၅-၂၀၂၄ရက် နံနက် ၁၀:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သော ရုပ်ခန္ဓာအား ဆေးတက္ကသိုလ်(၁)သို့ လှူဒါန်းခဲ့ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၂၄ရက်(အင်္ဂါနေ့)နံနက်ပိုင်းတွင် ရေကူးအရာရှိ ဝန်ထမ်းအိမ်ရာတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-ဘရပ်ကွက်၊ အကွက်အမှတ် D(ဒီ)၊ ဦးပိုင်အမှတ် (၂၃)၊ ၁၀၄x၁၀၄-A လမ်းကြား၊ ၆၄x၆၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဌေးမော်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၈၁၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါက်တာဦးတင်မြင့် ၁၂/ကတတ(နိုင်)၀၁၆၇၇၉၊ ဒေါက်တာ ဒေါ်တင်ထားနွဲ့ ၁၂/ကတတ(နိုင်)၀၁၆၇၈၀တို့က အမှုတွဲအမှတ် (၀၃၃၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## သွေးသည် အသက်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မင်္ဂလာသီရိလမ်း၊ တိုက်အမှတ်(၉၅) ဟု ခေါ်တွင် သောနှစ်ခန်းတွဲ(၃)ထပ်ခွဲတိုက်မှ (အေ/တတိယထပ်)၊ (ခေါင်းရင်းခြမ်း)၊ (၁၂.၅ပေxပေ ၅၀) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မြင့်မွန်ဌေးအောင် (၁၀/ကမရ(နိုင်)၀၈၁၆၆၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးသန်း(၅/ကလထ (နိုင်) ၀၀၁၉၅၄)၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးမြင့်မောင် (ဥပဒေဘွဲ့)** **ဒေါ်မြတ်ဆုဝေ (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၅၈)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၁၁)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊**
**(၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၅၅ ၇၅၀၁၉၂၊ ၀၉-၇၉၉၉၈၅၉၀၂**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၆)၊ အင်းဝလမ်း၊ မြေကွက်အမှတ်(၈၆၂/ခ)၊ မြေပေ အကျယ်(၂၀x၆၀)ပေ၊ စတုရန်းပေ(၁၂၀၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဒေါ်စန်းညွန့်အေး ၁၂/ဥကတ(နိုင်)၁၃၂၀၂၆က အထက်မြေကွက်နှင့်မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော လုံးချင်းနေ အိမ်အပါအဝင်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီးအရှုပ်အရှင်းကင်းရှင်း၍ မိမိမှလွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အားအပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ D.R. ချောင်ဒရီ(ခ) ဦးထွန်းထွန်းဦး ၁၂/ဗတထ(နိုင်)၀၂၉၁၃၈ကရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်းပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L, D.I.L(W.I.P.O-Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၉၃၉)**
**အမှတ် (၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊**
**(၇) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄ ၊ ၀၉-၇၉၆၆၀၀၂၁၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ် (၈၃၅)၊ ဦးပိုင်အမှတ် (၂၅-င)၊ ၈၁x၈၂ လမ်းကြား၊ ၄၄x၄၅ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ မခင်ညွန့်၊ မညို၊ မမြင့်မြင့်၊ မခင်တင့်၊ မောင်တင်မြင့်၊ မောင်တင်လှတို့ (၆)ဦးအနက်၊ ဒေါ်ခင်ညွန့်(ခင်ပွန်း) ဦးသန်းအောင်၊ ဒေါ်ညို(အပျိုကြီးဘဝ)၊ ဒေါ်မြင့်မြင့် (အပျိုကြီးဘဝ)၊ ဦးတင်လှ(ဇနီး) ဒေါ်အမာကြည်တို့အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၃၉၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်စန်းစန်းဦးနှင့် (ဦးတင်မြင့်၊ ဒေါ်ခင်တင့်၊ ဒေါ်သွယ်သွယ်ထား၊ ဦးရဲမျိုးသွင်၊ ဒေါ်ပိုးနှင်းဖြူ၊ ဦးဇော်မျိုးနောင်တို့၏ (GP ရရှိသူ ဦးစိုးနိုင်)တို့ (၇)ဦးအနက်၊ ဦးတင်မြင့်ပါ (၆)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၆၈၀/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်စန်းစန်းဦး ၉/မရတ(နိုင်)၀၁၇၃၆ါက အမှုတွဲအမှတ် ၀၀၅၀/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့အနေဖြင့် နိုင်ငံခြားငွေရရှိရေး ပြည်ပသို့ပို့ကုန်(Export) တိုးမြှင့်နိုင်ရန်လို...**

❖ **ထိုသို့ဆောင်ရွက်နိုင်ရန် ပြည်တွင်းကုန်ထုတ်လုပ်မှုများကို တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်...**

❖ Border Trade**ကို အားပေးဆောင်ရွက်သကဲ့သို့** Normal Trade **များ တိုးတက်ရေးအတွက်လည်း ဆောင်ရွက်ကြရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၃) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နေ့အပူချိန်မြင့်မားခဲ့သော စခန်းများ၏ ၄-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်များရှိမြို့များ | အမြင့်ဆုံး အပူချိန် ဒီဂရီ ဆဲလ်စီးယပ် | အမြင့်ဆုံး အပူချိန် ဒီဂရီ ဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | ဇောင်းတူ | ၄၁.၈ | ၁၀၇.၂ |
| ၂။ | သာယာဝတီ | ၄၁.၄ | ၁၀၆.၅ |
| ၃။ | ခရမ်း | ၄၁.၃ | ၁၀၆.၃ |
| ၄။ | မြဝတီ | ၄၁.၂ | ၁၀၆.၂ |
| ၅။ | ပြည် | ၄၁.၀ | ၁၀၅.၈ |
| ၆။ | ဟသ်ာတ | ၄၁.၀ | ၁၀၅.၈ |
| ၇။ | ငါးသိုင်းချောင်း | ၄၁.၀ | ၁၀၅.၈ |
| ၈။ | အောင်လံ | ၄၀.၉ | ၁၀၅.၆ |
| ၉။ | ပဲခူး | ၄၀.၇ | ၁၀၅.၃ |
| ၁၀။ | ရွှေကျင် | ၄၀.၄ | ၁၀၄.၇ |
| ၁၁။ | မှော်ဘီ | ၄၀.၄ | ၁၀၄.၇ |

## တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၄**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် မေ ၂ ရက်က မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် တရုတ်နိုင်ငံထုတ် Yunjia Sealing Tape ၂၀၀၀ ကီလိုဂရမ်

*စာမျက်နှာ ၇ ကော်လံ ၁* ❑




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

## YBS ယာဉ်လိုင်းများအားလုံး CCTV နှင့် Telematics စနစ်များ မဖြစ်မနေ တပ်ဆင်ရန်လိုအပ်

**ရန်ကုန် မေ ၄**

ရန်ကုန်တိုင်းဒေသကြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီနှင့် ဆပ်ကော်မတီလေးခုတို့၏ ညှိနှိုင်းအစည်းအဝေးအား ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ခန်းမ(၃)၌ ကျင်းပသည်။

YBS ယာဉ်လိုင်းများအားလုံး CCTV နှင့် Telematics စနစ်များမဖြစ်မနေတပ်ဆင်ရန်၊ YBS ယာဉ်များကြံ့ခိုင်မှုရှိရေး စစ်ဆေးရန်၊ ပြည်သူအများဆုံးအသုံးပြုသည့် မီးပွိုင့်နေရာများကို ဆိုလာစနစ်ဦးစားပေးတပ်ဆင်ရန်၊ လမ်းညွှန်အမှတ်အသားများ၊ အချက်ပြစနစ်များ၊ဆိုင်းဘုတ်များဆောင်ရွက်ကြရန်၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့်

*စာမျက်နှာ ၁၆ ကော်လံ ၁* ✻




## ဘုန်းမောက်ကို ဂိုးပြတ်အနိုင်ယူပြီး အမှတ်ပေးဇယားကို အာဆင်နယ် ဆက်လက်ဦးဆောင်

ပရီမီယာလိဂ်ပွဲစဉ် (၃၆) မှ မေ ၄ ရက် ညနေ ၆ နာရီက ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်နှင့် ဘုန်းမောက် အသင်းပွဲစဉ်တွင် အာဆင်နယ်အသင်းက တိုက်စစ်ခြေစွမ်းပြကာ သုံးဂိုးပြတ်အနိုင်ရရှိပြီး အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။

*စာမျက်နှာ ၂၂ ကော်လံ ၁* ❍


ယနေ့ သ တင်း အ ညွှန်း

**အင်ဒိုနီးရှားနိုင်ငံ၌ ရှုအန်မီးတောင် ပေါက်ကွဲ၊ လူပေါင်းသောင်းချီ ဘေးလွတ်ရာရွှေ့ပြောင်း** — နိုင်ငံတကာသတင်း စာ ၁၃

**AA အကြမ်းဖက်သောင်းကျန်းသူများက ဘူးသီးတောင်မြို့ရှိ ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့် စာသင်ကျောင်းအတွင်းသို့ လက်နက်ကြီးများဖြင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာများရရှိ** — ပြည်တွင်းသတင်း စာ ၁၅

**ဒုဋ္ဌဝတီမြစ်သို့ အပူရှောင်ရန် လာရောက်ရေဆော့ကစားသည့် ဒေသခံ ရာနှင့်ချီရှိနေ** — ပြည်တွင်းသတင်း စာ ၁၇